The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .17, NO . 49 တနင်္လာနေ့တိုင်းထုတ်ဝေသည် December 18, 2017

# ကုန်သွယ်မှုမြင့်မားတိုးတက်ရေးသို့

စာမျက်နှာ - ၈ ➤



ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုသော စာရင်းအား **H.S Code 2017 Version** ဖြင့် ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၁၂ ➤

သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော စာရင်းအား **H.S Code 2017 Version** ဖြင့် ထုတ်ပြန်ကြေညာ


စာမျက်နှာ - ၂၀ ➤

နိုင်ငံတကာပင်လယ်စာ ကုန်စည်ပြပွဲ ၂၀၁၈ ကို ဆိုးလ်မြို့ရှိ **COEX** ၌ကျင်းပမည်

စာမျက်နှာ - ၁၅ ➤

## ပြည်ပဈေးကွက်ဝင် ဆန်စပါးကို အရည်အသွေးမီထုတ်လုပ်၍ တိုးတက်တင်ပို့နိုင်ရေး

စာမျက်နှာ - ၁၂ ➤



ပဲဈေးကွက်အခြေအနေနှင့် ပြောင်းလဲစိုက်ပျိုးသင့်သည့် သီးနှံများ ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၃၂ ➤

ကားဝယ်ဖို့ ဘယ်နေရာမှာမှ စိတ်တိုင်းမကျဘူးဆိုရင် ... တစ်နေ့တစ်မျိုးမရိုးရအောင် ကားအသစ်များကိုသာ တင်သွင်းနေသော EURO NIPPON ကိုသာ ရောက်အောင်လာခဲ့ပါ။

EURO NIPPON COMPANY LIMITED




- အရည်အသွေးမြင့်မားပြီး ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းထားသော ကားများကိုသာ ရောင်းချပေးခြင်း။
- လူကြီးမင်းများစိတ်ကြိုက် အလိုရှိသည့်မည်သည့် Model မြင့် ကား အမျိုးအစားကိုမဆို တိကျမြန်ဆန် ဈေးနှုန်းမှန်စွာဖြင့် EURO NIPPON Company Limited မှ မှာယူပေးနိုင်ခြင်း။
- ကားအမျိုးအစားတူလျှင် ဈေးနှုန်းသက်သာပြီး ဈေးနှုန်းတူလျှင် ကား အမျိုးအစား ကောင်းရမည့်နေရာမှာ EURO NIPPON ဆိုတာကိုတော့ သင့် မိတ်ဆွေ များအားကျေးဇူးပြု၍ ပြောပြပေးပါ။

No. 819, 62nd Road, Between 33rd Street & 34th Street, Pyigyi Myatshin Ward, Chan Aye Tharsan Township, Mandalay, MYANMAR.
Mobile : 09 43171713, 09 258 000 505 / Email : contact@rixsgroup.com / Website : www.rixsgroup.com



မြန်မာမင်္ဂလာစံအိမ် ကုမ္ပဏီလီမိတက်
အမှတ်(၅၂၀)၊သုမင်္ဂလာလမ်း၊၁၁ ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၁၀၀၇၁၈၄၊ ၀၉ ၂၅၀၀၀၀၆၄၅




လူတကာစွဲမက်တဲ့
ဇွဲထက်
စိန်ရွှေရတနာဆိုင်
Zwe Htet Gold & Jewellery Shop
City Square,
Ocean Centre.

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရိစ်မြို့ တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် (၁၁) ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် LDCs Trade Ministers Meeting သို့တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် LDCs နိုင်ငံများ၏ ဝန်ကြီးများမှ LDCs နိုင်ငံများသို့ အထူးအခွင့်အရေးပေးရမည့် ကိစ္စများ (ဥပမာ-Duty Free Quota Free အခွင့်အရေးများ)၊ ယခင်ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေးများမှ ရလဒ်များကို အပြည့်အဝ လိုက်ပါအကောင်အထည်ဖော်ပေးရေးကိစ္စများ၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံစုံကုန်သွယ်မှုစနစ်တွင် LDC နိုင်ငံများအနေဖြင့် ပိုမိုပါဝင်ဆောင်ရွက်လာနိုင်ရေး ကိစ္စများကို ဆွေးနွေးတောင်းဆိုခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးသည် LDCs Trade Ministers Meeting အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် LDCs နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကမ္ဘာ့ကုန်သွယ်ရေးတွင် LDCs နိုင်ငံများ၏ ကုန်သွယ်မှုကဏ္ဍတွင် တိုးတက်ပါဝင်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးခဲ့သည်။

အဆိုပါနေ့ ညနေပိုင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် LDC နိုင်ငံများအတွက် နိုင်ငံစုံကုန်သွယ်မှုစနစ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်သည့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအကူအညီပေးမှုဆိုင်ရာ အစီအစဉ် (Enhanced Integrated Framework - EIF) မှ ဦးဆောင်ကျင်းပသည့် EIF High-Level Dialogue သို့တက်ရောက်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် အလှူရှင်နိုင်ငံများနှင့် LDCs နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးများ၊ EIF အစီအစဉ်၏ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဒီဇင်ဘာ ၁၀ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Friends of Investment Facilitation for Develop ment (FIFD) အဖွဲ့ဝင် တရုတ်နိုင်ငံက ဦးဆောင်ကျင်းပသော Ministerial Breakfast Meeting on Investment Facilitation for Development သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် Investment Facilitation ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါ သည်။

အဆိုပါနေ့လယ်ခင်းတွင် အိန္ဒိယနိုင်ငံ စက် မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Suresh Prabhu က အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရိစ်မြို့ရှိ Sheraton Hotel တွင် တည့်ခင်းဧည့်ခံသော နေ့လယ်စာ စားပွဲသို့ ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ နေ့လယ်စာစားပွဲတွင် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Suresh Prabhu နှင့် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် ပတ်သက်၍ အလွတ်သဘော ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် ညနေပိုင်းတွင် Buenos Aries Convention Centre ၌ ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက်ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အိမ်ရှင် အာဂျင်တီးနားနိုင်ငံသမ္မတနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး ဘရာဇီး၊ ဥရုဂွေးနှင့် ပါရာဂွေးနိုင်ငံတို့မှ သမ္မတများလည်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် အာဂျင်တီးနား၊ ဘရာဇီး၊ ဥရုဂွေးနှင့် ပါရာဂွေးနိုင်ငံတို့မှ သမ္မတများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ထောက်ခံအားပေးပြီး ဆက်လက်ခိုင်မာ အားကောင်းစေရေးအတွက် တိုက်တွန်းချက်များ ပါဝင်သော Presidential Declaration in Support of WTO ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်နံနက်ပိုင်းတွင် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး H.E. Mr. Youngsam KIM ခေါင်းဆောင်သော တောင်ကိုရီးယားကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့သည်။

စာမျက်နှာ - ၂၂ သို့

# ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်ကုန်စည်ဒိုင်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် အသင်းတည်ရှိရာ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးသက်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘုရင့်နောင်ကုန်စည်ဒိုင် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့် အသင်းသားများ စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ကုန်စည်ဒိုင် စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၃ ခုနှစ်မှ ယနေ့အထိ ၂၄ နှစ်တာကာလအတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်အနေဖြင့် မြန်မာနိုင်ငံအတွက် အဓိကကျသည့် မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် အစရှိသည့် လယ်ယာထွက်ကုန်များကို တစ်နိုင်ငံလုံးသို့ ရောင်းဝယ်ဖြန့်ဖြူးပေးနေသည့်နေရာ ဖြစ်သကဲ့သို့ ပြည်ပသို့ တင်ပို့နေသည့် လယ်ယာထွက်ကုန်များဖြစ်သော ဆန်နှင့်ပဲမျိုးစုံများကိုလည်း အဓိကရောင်းဝယ်ဖောက်ကားနေသည့် အဓိကနေရာတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များကို အခြေခံ၍ စက်မှုလုပ်ငန်းများထွန်းပေါက်အောင်မြင်စေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိရာ ဘုရင့်နောင်ကုန်စည်ဒိုင်၏ တိုးတက်ဖွံ့ဖြိုးရေးသည် အလွန်အရေးကြီးပါကြောင်း၊ လက်ရှိလုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအပေါ် နည်းလမ်းများ ရှာကြံဆောင်ရွက်၍ အနာဂတ်တွင် နိုင်ငံတကာအဆင့်မီ Commodity Exchange Center အဆင့်ထိ တိုးတက်လာစေရေး ကြိုးပမ်းကြရန်နှင့် မသမာမှုများမပေါ်ပေါက်စေရေးအတွက် စည်းမျဉ်းစည်းကမ်းများကို လိုအပ်သလိုပြဋ္ဌာန်းခြင်း၊ အာမခံစနစ် ကျင့်သုံးခြင်းတို့ကိုလည်း စဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းမှာကြားသည်ဟု သတင်းရရှိသည်။ **MOC(IR)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(မြင်ပ)၊ စုမြတ်လှိုင်(မြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 17, No.49 Monday December 18 2017

# အသစ်ဝင်ရောက်လာတဲ့ဆန်ချောများ ဆန်ဟောင်းဈေးထက် သက်သာ

ယခုတစ်ပတ် ရန်ကုန်မြို့ ဝါးတန်းဆန်ကုန်စည်ဒိုင်မှာ ဆန်ချောအဟောင်းများပစ္စည်းလက်ကျန်နည်းပြီး နောက်ထပ် အဝင်မရှိတော့ဘဲ ဆန်သစ်များ ဝင်ရောက်လာပြီဖြစ်ကြောင်း သိရပါတယ်။ ဆန်ချောအသစ်ဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၃၀၀၀ နဲ့လတ်စတစ်အိတ်ကျပ်၃၂၀၀၀၊ ပုသိမ်၊မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၄၀၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စ တစ်အိတ်ကျပ် ၃၀၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၂၈၅၀၀ ဖြစ်ပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်ကတော့ အသစ်မဝင်သေးတဲ့အတွက် အဟောင်းတစ်အိတ်ကိုကျပ် ၅၅၀၀၀ မှ ကျပ်၅၈၀၀၀ ရှိပါတယ်။ ဆန်ချောဈေးက ဆန်ဟောင်းဈေးထက် တစ်အိတ်ကိုကျပ် ၉၀၀၀ခန့်ဈေးသက်သာကြောင်းသိရပါတယ်။ အသစ်ဝင်တာ အနည်းငယ်ကြာပြီဖြစ်တဲ့ ပေါ်ဆန်းကတော့ဆန်သားလည်းခြောက်သွေ့လာတဲ့အတွက် ဈေးကွက်ရလာပြီး တစ်အိတ်ကိုကျပ် ၂၇၅၀၀ မှ ကျပ် ၂၉၀၀၀ ဖြစ်ပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ခန့်ဈေးတက်လာကြောင်းသိရပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရပါတယ်။

ကုန်စည်ဒိုင်ရဲ့ ဆန်ကြမ်းလက်ကားဈေးနှုန်းများအရ ဆန်ဟောင်းများ ဈေးငြိမ်နေကာ အကြမ်းသစ်(ရှယ်) အနည်းငယ်ဈေးတက်ကြောင်းသိရပါတယ်။ ဆန်ဟောင်းဧည့်မထ ထိပ်စ တစ်အိတ်ကျပ် ၂၃၅၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ နှံ့သီးထပ်(ရှယ်)တစ်အိတ်ကျပ် ၂၅၀၀၀ မှ ကျပ် ၂၅၅၀၀၊ နှံ့ဆန် ရက်၉၀တစ်အိတ်ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ ဧည့်မထ ၂၅မှတ်တစ်အိတ်ကျပ် ၁၈၂၀၀ မှ ကျပ် ၁၉၀၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ဆန်ကြမ်းအသစ်(ရှယ်)တစ်အိတ်လျှင်ကျပ် ၂၀၅၀၀မှ ကျပ် ၂၁၀၀၀ဖြစ်ပြီး တစ်အိတ်ကိုကျပ် ၅၀၀ခန့်အထိ ဈေးတက်ကြောင်းသိရပါတယ်။ ကျန်ဆန်သစ်တွေကတော့ဈေးငြိမ်နေပါတယ်။ ရက် ၉၀ အသစ်တစ်အိတ်ကျပ် ၂၂၅၀၀ မှ ကျပ် ၂၃၀၀၀၊ ငစိန်အသစ်တစ်အိတ်ကျပ် ၁၈၀၀၀ မှ ကျပ်၁၈၅၀၀၊ မိုးသုခအသစ်တစ်အိတ်ကျပ် ၂၅၅၀၀မှကျပ် ၂၆၀၀၀ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် မူဆယ်ဆန်ဈေးနှုန်းများမှာ ဧည့်မထ စူပါအမျိုးအစား တစ် အိတ်ကို ၂ ယွမ်ခန့်အထိ ဈေးကျကြောင်း သိရပါတယ်။ ဧည့်မထမော်ဘီဈေးကတော့ မပြောင်းလဲကြောင်းနဲ့ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၃၇ ယွမ်မှ၁၃၉ ယွမ်၊ ဧည့်မထ ၅ မှတ်စူပါတစ်အိတ်ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၂၈ ယွမ်မှ ၁၂၉ ယွမ်ရှိပါတယ်။ မနောသုခ ၁၅မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ယွမ် ၁၂၀၊ မနောသုခ ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၂၃ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ် ရှိပါတယ်။ ဆန်အဝင်အနည်းငယ်လျော့ပေမယ့်လည်း ဆန်အရောင်းအဝယ်ပုံမှန်ရှိကြောင်း မူဆယ်မှ သိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ဆန်တန်ချိန် ၃၈၂၀၀ရှိပြီး ယခင်တစ်ပတ် ဆန်အဝင်ထက် ၁၂၅၈ တန် လျော့ကျကြောင်းသိရပါတယ်။ ဒီဇင်ဘာ ၁၃ရက် ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၂၀၅ကျပ်ဈေးပေါက်ကြောင်း မူဆယ်မှသိရပါတယ်။ **ယဉ်ယဉ်အေး**

## ကျောက်ဆည်ခရိုင်တွင် မိုးစပါးများ ရိတ်သိမ်းပြီ

ကျောက်ဆည်ခရိုင်အနေဖြင့် ၂၀၁၇-၂၀၁၈ခုနှစ်တွင် မိုးစပါး၁၅၈၈၉၅ဧကစိုက်ပျိုးနိုင်ခဲ့ပါသည်။ ယခုအချိန်တွင် မိုးစပါးများ ထွက်ပေါ်နေပြီဖြစ်ရာ ၂၁၀၆၁ဧက ရိတ်သိမ်းနိုင်ခဲ့ပြီးအထွက်နှုန်း ၁၀၅ ဒသမ ၅၉တင်း၊ အထွက်စုစုပေါင်း ၂၂၂၃၈၄၄တင်းထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရသိရှိရပါသည်။ယခုနှစ်တွင် မိုးကောင်းသောကြောင့် မိုးစပါးအထွက်နှုန်း ပိုမိုကောင်းမွန်ကြောင်းသိရှိရပါတယ်။ မိုးစပါးဈေးနှုန်းများအနေဖြင့် ဧရာပဒေသာစပါးတင်း ၁၀၀ လျှင်ကျပ် ၇၈၀၀၀၀မှ ကျပ် ၈၀၀၀၀၀၊ မနောသုခစပါးတင်း၁၀၀လျှင်ကျပ် ၅၅၀၀၀၀မှကျပ်၆၀၀၀၀၀ရှိကြောင်း၊ စပါးအရည်အသွေးပေါ် မူတည်ပြီး စက်ပိုင်ကုန်သည်များက ဝယ်ယူကြောင်း၊ ဆန်ဈေးနှုန်းများအနေဖြင့် ဧရာပဒေသာဆန်တစ်တင်းခွဲတစ်အိတ်လျှင်ကျပ် ၂၇၀၀၀မှကျပ် ၃၀၀၀၀၊ မနောသုခ ဆန်တစ်တင်းခွဲ တစ်အိတ်လျှင်ကျပ်၁၉၀၀၀မှကျပ် ၂၀၀၀၀ဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရှိရပါသည်။ ဧရာပဒေသာစပါးတစ်ဧကလျှင် ကုန်ကျစရိတ်ကျပ် ၃၂၀၀၀၀ ဝန်းကျင်ရှိပြီးအထွက်နှုန်းအနေဖြင့် တင်း၈၀မှ ၉၀ထွက်ရှိသောကြောင့်တစ်ဧက အကျိုးအမြတ်အနေဖြင့်ကျပ် ၃၅၈၀၀၀ ဝန်းကျင်ခန့်ရရှိကြောင်း သင်ပုတ်ကျေးရွာမှတောင်သူတစ်ဦး၏ပြောပြချက်အရသိရှိရပါသည်။ **နှင်းလဲ့လဲ့(ကျောက်ဆည်)**

## ယခုတစ်ပတ် ဆန်တင်ပို့မှုလျော့ကျ

ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၀၃၆သန်းတန်ဖိုးရှိ ဆန် ၄၅၈၉၅ တန်ကို မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၄၅တန်၊ ဧည့်မထဆန် ၃၆၇၃၈တန်၊ ကောက်ညှင်းဆန် တန်ချိန်၂၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၁၂တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်တန်ချိန် ၇၈၄၀ တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန်၂၄၀နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၆၂၀တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန် ၅၄၂၇၈ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၈၃၈၃ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၅၃၅သန်း တန်ဖိုးရှိ ဆန်ကွဲ၁၇၆၄တန်ကျော်တင်ပို့ခဲ့ပြီး မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၁၄၆၇တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၂၉၇တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုမှ ဆန်ကွဲ ၁၀၈၈တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၇၆တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၃ရက်မှ၉ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၆သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၅၃၁၀တင်ပို့ခဲ့ရာ ယခုတစ်ပတ်မှာ မက်ဒါဂါးစကားနိုင်ငံသို့ အများဆုံးတင်ပို့ပြီး ဧည့်မထဆန် ၁၃၇၅တန် တင်ပို့ခဲ့ပါတယ်။ ထပ်မံတင်ပို့မှုများမှာ သီရိလင်္ကာနိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၁၀၁၀နဲ့ဧည့်မထဆန်တန်ချိန် ၅၀၀၊ ဂျပန်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၀၀၀၊တရုတ်နိုင်ငံသို့ငစိန်ဆန်တန်ချိန် ၁၀၀၊ အင်ဒိုရာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၅၀၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၇၅၀နဲ့ အီးယူနိုင်ငံများသို့ ပေါင်းဆန်၄၂၅တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန် ၁၂၆၂၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၃၁၆ တန်အပို့လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၅ သန်းဖိုးရှိ ဆန်ကွဲတန်ချိန် ၅၄၃၀ တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲကို စင်ကာပူနိုင်ငံသို့ တန်ချိန်၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံသို့ တန်ချိန် ၁၃၀ နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၄၇၅၀တင်ပို့ပြီး ယခင်တစ်ပတ်က တန်ချိန် ၆၆၀၀ တင်ပို့ခဲ့တဲ့အတွက်ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု ၁၁၇၀ လျော့နည်းခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှရော ပင်လယ်ရေကြောင်းမှပါ ဆန်တင်ပို့မှုလျော့ကျခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ ကုန်သွယ်ရေးစခန်းများမှ ပိုမိုတင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ လျော့နည်းတင်ပို့ခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၁၂-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၁ | ၃၉၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၁ | ၃၈၅ | ▽ | ၃၈၅ | ၃၈၈ | △ | ၄၀၃ | ၄၁၀ | △ | ၃၇၃ | ၃၆၇ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၉ | ၃၈၃ | ▽ | ၃၈၀ | ၃၈၃ | △ | - | - | - | ၃၆၉ | ၃၆၃ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၁ | ၃၇၆ | ▽ | ၃၇၅ | ၃၇၉ | △ | - | - | - | ၃၆၅ | ၃၅၉ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၃ | ၃၆၀ | ▽ | ၃၆၂ | ၃၆၅ | △ | ၃၇၀ | ၃၇၀ | □ | ၃၄၂ | ၃၃၇ | ▽ |
| ပေါင်းဆန် | ၄၃၇ | ၄၃၇ | □ | - | - | - | ၄၀၀ | ၄၁၀ | △ | ၄၂၀ | ၄၂၀ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၁၅-၁၂-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၃၀၀၀ | □ | ၈၂၈၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | △ | ၂၅၀၀၀ | △ | ၈၅၉၀ | △ | ၄၁၅၀၀ | △ |
| ပဲခူး | ၅၂၀၀ | □ | ၂၁၀၀၀ | □ | ၆၇၀၀ | □ | ၃၆၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၃၀၀၀ | □ | ၁၅၅၀၀ | □ | ၅၃၀၀၀ | □ |
| စစ်တွေ | ၄၃၀၀ | □ | ၁၉၀၀၀ | □ | ၇၂၀၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၂၀၀ | □ | ၂၀၅၀၀ | ▽ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၃၀ | △ | ၂၃၀၀၀ | □ | - | - | ၄၀၃၀၀ | □ |
| မန္တလေး | ၅၇၀၀ | □ | ၂၈၀၀၀ | △ | - | - | ၄၈၀၀၀ | △ |
| မကွေး | ၇၅၀၀ | □ | ၂၄၅၀၀ | □ | - | - | ၅၃၀၀၀ | △ |
| မော်လမြိုင် | ၅၀၆၀ | △ | ၁၈၀၀၀ | □ | ၆၉၀၀ | □ | ၂၅၀၀၀ | ▽ |
| လှိုင်ကော် | ၆၉၀၀ | ▽ | ၃၂၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၀၅၀၀ | □ | - | - | ၄၅၀၀၀ | △ |
| ဘားအံ | ၄၇၀၀ | △ | ၂၇၀၀၀ | □ | - | - | ၄၅၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၁-၁၂-၂၀၁၇ မှ ၁၅-၁၂-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 829 | 40,786,000.428 |
| 2 | Form D | 56 | 2,453,701.516 |
| 3 | Form E | 77 | 2,312,244.930 |
| 4 | Korea GSP | 5 | 231,019.750 |
| 5 | Form AK | 133 | 5,424,541.300 |
| 6 | Form AJ | 14 | 746,721.320 |
| 7 | Form AI | 76 | 3,881,900.740 |
| 8 | Form AANZ | 16 | 309,157.370 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1206** | **56,145,287.354** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၅-၁၂-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၈/၁၂ | ၁၅/၁၂ | ပြောင်းလဲမှု | ၈/၁၂ | ၁၅/၁၂ | ပြောင်းလဲမှု | ၈/၁၂ | ၁၅/၁၂ | ပြောင်းလဲမှု | ၈/၁၂ | ၁၅/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၆၁ | ၈၉၃ | ▲ | ၈၅၃ | ၉၀၀ | ▲ | ၈၇၅ | ၉၁၀ | ▲ | ၈၃၅ | ၈၅၀ | ▲ |
| ပဲစင်းငုံ | ၆၂၄ | ၆၂၁ | ▼ | ၅၇၅ | ၅၆၇ | ▼ | ၆၀၀ | ၅၉၀ | ▼ | ၅၃၅ | ၆၉၀ | ▲ |
| ပဲတီစိမ်း | ၁၃၆၅ | ၁၄၀၀ | ▲ | ၁၄၅၈ | ၁၄၄၀ | ▼ | ၁၃၁၆ | ၁၄၂၁ | ▲ | ၁၂၉၀ | ၁၃၆၀ | ▲ |
| ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၀၂၅ | ▼ | ၁၀၃၄ | ၁၇၉၉ | ▼ | ၁၅၀၀ | ၁၇၈၉ | ▲ | ၁၅၁၀ | ၁၅၈၀ | ▲ |
| ပဲလွန်းဖြူ | ၁၃၃၀ | ၁၄၈၀ | ▲ | ၁၅၀၀ | ၁၅၀၀ | ■ | ၁၇၀၀ | ၁၅၀၀ | ▼ | ၁၄၇၅ | ၁၄၉၀ | ▲ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | - | - | - | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၅-၁၂-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၈/၁၂ | ၁၅/၁၂ | ပြောင်းလဲမှု | ၇/၁၂ | ၁၄/၁၂ | ပြောင်းလဲမှု | ၇/၁၂ | ၁၄/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၉၀ | ၄၀၀ | ▲ | ၆၂၈ | ၆၂၂ | ▼ | ၅၈၉ | ၅၉၁ | ▲ |
| ပဲစင်းငုံ | ၂၇၀ | ၂၈၀ | ▲ | ၅၆၂ | ၅၅၆ | ▼ | ၅၈၅ | ၅၉၉ | ▲ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၇၅ | ၈၀၉ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၈၇၀ | ၈၇၀ | ■ | ၇၁၃ | ၆၄၆ | ▼ | ၇၂၈ | ၆၆၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂.၁၂.၁၇)ထိ | ယခုတစ်ပတ် (၉.၁၂.၁၇)ထိ | (၁.၁.၁၇) မှ (၉.၁၂.၁၇) ထိ |
| မတ်ပဲ | ၄၆၇၅၇၆ | ၅၀၆၉ | ၄၇၂၆၄၅ |
| ပဲတီစိမ်း | ၁၁၄၇၄၀ | ၁၂၅၈ | ၁၁၅၉၉၈ |
| ပဲစင်းငုံ | ၂၁၇၇၃၉ | ၁၀၃၆ | ၂၁၉၅၇၅ |
| ကုလားပဲ | ၃၉၃၁၀ | ၂၅၈ | ၃၉၅၇၆ |
| ပဲလွန်းဖြူ | ၁၂၀၃၁ | ၄၈ | ၁၂၀၇၉ |
| မြေထောက်ပဲ | ၁၀၅၃၅ | ၈ | ၁၀၅၄၃ |

## ပြည်ကုလားပဲကို ပဲခွဲစက်သမားများက ပုံမှန်ဝယ်ယူနေသလို မျိုးပဲလည်း အဝယ်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ကုလားပဲသီးနှံကို မျိုးပဲအဝယ်ရှိခဲ့သလို ခွဲစက်သမားများလည်း ပုံမှန်ဝယ်ယူလျက်ရှိတာကြောင့် မျိုးပဲရောင်းသူရော လက်ကားသမားများပါ အရောင်းအဝယ်ဖြစ်ခဲ့တာတွေ့ရပါတယ်။ ပဲဈေးမှာမျိုးပဲ ဈေးတစ်တင်းကျပ် ၃၆၀၀၀၊ လက်ကားတစ်တင်းကျပ်၃၂၅၀၀တို့ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။ ဒါပေမယ့် နိုဝင်ဘာလအတွင်းက အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးနှုန်းကိုတော့ မမီခဲ့ဘူးလို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း မျိုးပဲဈေးနှင့် လက်ကားရောင်းဝယ်သည့်ဈေးမှာ ကျပ်လေးသောင်းကျော်ထိ ရရှိခဲ့ကြောင်းသိရှိရပါတယ်။

**ခင်ဆွေဝင်း**

### ပြည်ဘိုကိတ်ပဲသစ်ဝင်ရောက်မှုများလို့ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပဲသစ်များအဝင်ရှိလာတာကြောင့် ဘိုကိတ်ပဲသစ်များလည်း ပန်းတောင်းနှင့် ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခဲ့ကာ တစ်ရက်အိတ် ၁၀၀ကျော်ဝင်ရောက်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်း လက်လီသမားများ အဝယ်ရှိတဲ့အတွက် အရောင်းအဝယ်သွက်နေခဲ့တယ်လို့ သိရပါတယ်။ ပဲသစ်ဈေးမှာ တစ်တင်းကျပ် ၂၆၀၀၀ ဖြင့် လဆန်းရက်က ဈေးထက်အနည်း ငယ်လျော့သွားခဲ့ပါတယ်။ ယခင်နှစ် ဒီဇင်ဘာလအတွင်းက ပဲသစ်ဝင်ရောက်ချိန် မှာလည်း တစ်တင်းကျပ် ၂၆၅၀၀ ရရှိခဲ့လို့ ယခုနှစ် ပဲသစ်ဈေးနှင့် ယခင်နှစ်ပဲသစ်ပေါ်စအချိန် ဈေးနှုန်းများကွာခြားမှုမရှိဘူးလိုသိရပါတယ်။ ဒါပေမယ့် ယခင်နှစ် ပဲသစ်ပေါ်ချိန်က ဈေးထက်ပဲလက်ကျန်နည်း ချိန်တွင် ဈေးကောင်းပိုရလာတဲ့ အတွက် ယခုနှစ်ပဲဈေးလည်း ယခင်နှစ်ထက် ပိုရလာမလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

# ဒီဇင်ဘာလလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးမြင့်လာပြီး ပဲတီစိမ်းသီးနှံ အရောင်းအဝယ်သွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်၏ ဒီဇင်ဘာလလယ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသောပဲများ၏ ဈေးနှုန်းများကို လေ့လာရာတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ စသည့်သီးနှံများအားလုံး ဈေးကောင်းရလာတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဇင်ဘာလဆန်းရက်က ဈေးနှုန်းများထက် ဈေးမြင့်တက်လာပြီး ပဲစင်းငုံသီးနှံအား ရန်ကုန်ဝယ်လက်များက နေ့စဉ်ဝယ်ယူလျက်ရှိသလို မတ်ပဲသီးနှံကတော့ ရက်ခြားသာ ဝယ်ယူလျက်ရှိတယ်လို့သိရပါတယ်။ မတ်ပဲတစ်တင်းလျှင်ကျပ် ၁၈၀၀၀ ဖြင့် လဆန်းရက်ထက် ဈေးပိုခဲ့လို့ ယခင်တစ်ပတ်ထက် ပိုမိုရောင်းချခဲ့ကြပါတယ်။ တချို့ရက်များတွင်အိတ် ၂၀၀ မှ ၃၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့လို့ ပဲဈေးမှာလည်း ယခုတစ်ပတ်အတွင်း ဈေးပိုရလာခဲ့ပါတယ်။ အောက်တိုဘာ၊ နိုဝင်ဘာလအတွင်းက မတ်ပဲဈေးတက်ရိပ်မပြဘဲ ဈေးအေးနေရာမှ ဒီဇင်ဘာလယ်မှာတော့ ပဲဈေးတက်ရိပ်ပြလာပြီဖြစ်တာကြောင့် တစ်တင်းကျပ်နှစ်သောင်းနီးပါး အထိ ရောက်ရှိလာတာကိုတွေ့ရပါတယ်။

ပန်းတောင်း၊ ကံမဘက်မှ ပဲတီစိမ်းဝင်ရောက်သလို ပြည်အနီးတစ်ဝိုက်ဒေသများမှလည်း ဝင်ရောက်ခဲ့တာကြောင့် တစ်ရက်အိတ် ၇၀၀ မှ ၈၀၀ အထိ ဝင်ရောက်မှုများခဲ့သလို မန္တလေးဝယ်လက်မှလည်း အဝင်ရှိသလောက် ဝယ်လိုအားသွက် နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ပဲဈေးကွက်အတွင်း ပဲတီစိမ်းသီးနှံမှာ အရောင်းအဝယ်အသွက်ဆုံး ပဲသီးနှံဖြစ်နေခဲ့ပြီး ပဲဈေးမှာ တစ်တင်းလျှင်ကျပ် ၂၃၅၀၀ မှ ကျပ် ၂၇၅၀၀ထိ အရည်အသွေးကိုလိုက်၍ ဈေးကွာခြားခဲ့ပါတယ်။ ပဲတီစိမ်းရိုးရိုးစ တစ်တင်းလျှင်ကျပ် ၂၃၅၀၀ နှင့် ထိပ်စတစ်တင်းလျှင်ကျပ် ၂၇၅၀၀ ရရှိခဲ့ပြီး ယခင်တစ်ပတ်ထက်လည်း ဈေးပိုလာခဲ့ပါတယ်။

ပဲစင်းငုံသီးနှံသစ်များ ပန်းတောင်း၊ ကံမဘက်မှ အိတ်အနည်းငယ်စီ ဝင်ရောက်ခဲ့ကြပြီး ပဲလက်ကျန်များလည်းရှိတဲ့အတွက် ရန်ကုန်ဝယ်လက်ဝယ်ယူမှုရှိသလောက် ရောင်းချနိုင်သော်လည်း အိတ်အရေအတွက် ၄၀ မှ ၅၀ ကျော်အထိသာ ရောင်းချခဲ့ကြရကာ နေ့စဉ်အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ပဲဈေးမှာတစ်တင်းလျှင်ကျပ် ၁၂၇၀၀ ဖြင့် ယခင် တစ်ပတ်ကဈေးထက် ဈေးမြင့်တက်လာခဲ့ပါတယ်။ ဒါကြောင့်ပဲဟောင်းဈေးထက် ပဲသစ်ဈေးက ဈေးပိုကောင်းနေကြောင်းသိရပြီး ရန်ကုန်ဝယ်လက်မှအဝယ်ရှိနေကြောင်း သိရပါတယ်။

ပဲကြီးသီးနှံမှာပဲလက်ကျန်နည်းသွားပြီဖြစ်လို့ အရောင်းအဝယ်အေးသွားပေမယ့် ပဲဈေးကတော့ဈေးအမြင့်ဆုံးရလျက်ရှိခဲ့ပါတယ်။(ရွှေကျွန်း)တစ်တင်းလျှင်ကျပ် ၇၅၀၀၀၊(ကမ်းနား) တစ်တင်းလျှင်ကျပ် ၇၀၀၀၀ တို့ဖြင့်ဈေးအမြင့်အတိုင်း ဆက်လက်ဈေးငြိမ်နေပြီး ယခုနှစ်အတွင်းမှာ အခြားပဲအားလုံးထက် အဆများစွာ ဈေးမြင့်တက်ခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းမှာ လက်လီအရောင်းအဝယ်ဖြစ်နေသော ပဲများအနက် စားတော်ပဲသီးနှံက ဈေးအမြင့်ဆုံးရခဲ့သော်လည်း ပဲအမျိုးအစားပေါ်လိုက်၍ ဈေးကွာခြားမှုရှိခဲ့ပါတယ်။ ဒေသထွက် မင်းတုန်းပဲအမျိုးအစားမှာ တစ်တင်းကျပ် ၄၈၀၀၀ မှ ကျပ် ၅၀၀၀၀ ကြားအရောင်းအဝယ်ဖြစ်ပြီး ပြည်ပမှတင်သွင်းသော ကနေဒါ(ခေါ်)စားတော်ပဲအမျိုးအစားကတော့ ဈေးအနိမ့်ဖြင့် တစ်တင်းကျပ်၃၀၀၀၀သာရရှိခဲ့ပြီး အိတ်အနည်းငယ်သာရောင်းချခဲ့ရပါတယ်။ ပဲပုပ်သစ်မှာ တစ်နေ့အိတ် ၄၀ မှ ၅၀ကျော် ဝင်ရောက်ပြီး ပဲပုပ်သစ် တစ်တင်းကျပ် ၂၁၀၀၀ဖြင့် ယခင်တစ်ပတ်ထက် ဈေးလျော့သွားသလို ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်နေခဲ့ပါတယ်။ ပဲနီပြားသီးနှံဈေးမှာ တစ်တင်းကျပ် ၃၅၀၀၀ ဖြင့် ဈေးငြိမ်နေတယ်ဆိုသော်လည်း ယခုနှစ်မှာ ဈေးကောင်းရတဲ့ပဲအမျိုးအစားထဲမှာ ပါဝင်တဲ့သီးနှံတစ်မျိုး ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ဒီဇင်ဘာ ဒုတိယပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်)တစ်ပိဿာလျှင်ကျပ် ၂၁၀၀ မှ ၂၁၅၀၊ ကျွန်းဆန် တစ်ပိဿာလျှင်ကျပ် ၂၁၀၀၊ S1 (မြေပဲဖြူလုံးဆန်)တစ်ပိဿာလျှင်ကျပ် ၂၁၀၀မှ ၂၂၀၀ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရေစကြိုဒေသထွက် မတ်ပဲကတော့ ယခင်တစ်ပတ်ထက် အနည်းငယ်ဈေး မြင့်တက်နေပြီး အရည်အသွေးကိုလိုက်၍ ဈေးကောင်းရလျက်ရှိပါတယ်။ မတ်ပဲ တစ်တင်းလျှင်ကျပ် ၁၄၀၀၀ မှ ၁၇၀၀၀ထိရှိကြောင်းသိရပါတယ်။ ရေစကြိုကုန်စည်ဒိုင်မှာ ပဲပိစပ်တစ်တင်းလျှင်ကျပ် ၁၄၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲလွန်းဖြူမှာလည်း ယခင်တစ်ပတ်ထက် ဈေးကောင်းရရှိနေပြီး တစ်တင်းလျှင်ကျပ် ၃၀၀၀၀ မှ ၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲလွန်းပြာမှာလည်း ပဲလွန်းဖြူနှင့်အတူ ဈေးကောင်းရရှိနေပြီး တစ်တင်းလျှင်ကျပ် ၂၇၀၀၀ မှ ၂၇၅၀၀ ဖြင့် ရောင်းအဝယ်ဖြစ်နေပါတယ်။

ကုလားပဲများဖြစ်သောHL တစ်တင်းလျှင်ကျပ် ၃၂၀၀၀၊ 929တစ်တင်းလျှင် ကျပ်၂၉၅၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဖြူသန့်မှာလည်း ဈေးကောင်းရရှိနေပြီး တစ်တင်းလျှင် ကျပ် ၄၂၀၀၀ မှ ၄၃၀၀၀ဖြင့်အရည်အသွေးကိုလိုက်၍ ဈေးကောင်းရရှိနေကြောင်း ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မုံရွာကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးမြင့်ပြီး အရောင်းအဝယ်သွက်

ဒီဇင်ဘာဒုတိယပတ်တွင် မုံရွာကုန်စည်ဒိုင်၌ ယခင်တစ်ပတ်ထက် မြေပဲဆန်ဈေး အနည်းငယ်မြင့်တက်လျက်ရှိပြီး အရောင်းအဝယ်လည်းသွက်ကြောင်း ပဲကုန်သည်တစ်ဦးထံမှ သိရပါတယ်။ မုံရွာမြို့တွင်း ဆီစက်သမားများနှင့် ဆားလှော်သမားများက ဝယ်ယူလို့ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ မြေပဲဆန် တစ်ပိဿာလျှင် (လုံးဆန်ဖြူ) ကျပ်၂၃၀၀-၂၅၀၀ နဲ့ အိတ် ၅၀၀ခန့်၊ (လုံးဆန်နီ) ကျပ်၂၃၀၀-၂၃၅၀နဲ့ အိတ်၃၀၀ခန့်၊ (ဆီဆန်) ကျပ် ၁၉၅၀နဲ့ အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုန်စည်ဒိုင်သို့ ကနီ၊ ဘုတလင် ချောင်းဦး၊ မြောင်မြို့နယ်များမှ ဝင်ရောက်လာပါတယ်။ ယခုတစ်ပတ်မှာ မြေပဲဆီ တစ်ပိဿာလျှင် (လက်ကား) ကျပ် ၃၈၀၀၊ (လက်လီ) ကျပ် ၄၅၀၀-၄၈၀၀ ရှိကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

Vol: 17, No.49 Monday December 18 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၁၄ .၁၂ .၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရုဆိပ်ကမ်း | - ANTIMILOS | ဆန် ၂၅၅၀၀ တန်ကုန်တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - SPRING CANARY | Steel&G/C ၈၀၉၂ ကုန်ချဆဲ |
| APEX JETTY | - MT.FLY GURNARD | (MOGAS 92 Ron) ၈၆၁၄ ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| XIN SI LU | Units RTG+2 Units CRANE ၅ ကုန်ချရန် | - | ၁၄.၁၂.၂၀၁၇ |
| DAYANG BALI | Steel Bar ၇၈၀၀ တန်ကုန်ချရန် | CHINA | ၁၅.၁၂.၂၀၁၇ |
| VANTAGE REEF | ဆန် ၂၅၅၀၀ တန်ကုန်တင်ရန် | CONAKRY | ၁၅.၁၂.၂၀၁၇ |
| ASIAN LEADER | Units Vehicle(RO/RO) ၉၇၆ တန်ကုန်ချရန် | JAPAN | ၁၆.၁၂.၂၀၁၇ |
| JIN SHENG | Steel Equipment ၂၅၀၀၀ တန်ကုန်ချရန် | CHINA | ၁၇.၁၂.၂၀၁၇ |
| LORD VISHNU | Units Vehicle(RO/RO) ၃၇၄ တန်ကုန်ချရန် | JAPAN | ၁၉.၁၂.၂၀၁၇ |
| LOTUS LEADER | Units Vehicle(RO/RO) ၆၁ တန်ကုန်ချရန် | JAPAN | ၁၉.၁၂.၂၀၁၇ |
| ANNITA | Steel& G/C ၂၉၉၇၅ တန်ကုန်ချရန် | CHINA | ၂၀.၁၂.၂၀၁၇ |
| MIDWEST ANGELA II | PKGS G/C ၂၀ ကုန်ချရန် | SINGAPORE | ၂၁.၁၂.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BIPL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၄.၁၂.၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၁၂.၂၀၁၇ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၁၂.၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၁၂.၂၀၁၇ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၁၂.၂၀၁၇ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁၂.၂၀၁၇ |
| FSL SANTOS | SINGAPORE | အလုံစက်မှုဆိပ်ကမ်း | ၁၆.၁၂.၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၆.၁၂.၂၀၁၇ |
| SINAR BATAM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁၂.၂၀၁၇ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၁၂.၂၀၁၇ |
| OEL MALAYSIA | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၇.၁၂.၂၀၁၇ |
| DAWEI | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၇.၁၂.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AU VIRGO | P.Oil (In Bulk) | - | ၁၄.၁၂.၂၀၁၇ |
| MT.OCEAN FALCON | ဒီဇယ်ဆီ | - | ၁၅.၁၂.၂၀၁၇ |
| MT.MESON | P.Oil (In Bulk) | INDINESIA | ၁၆.၁၂.၂၀၁၇ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၁၆.၁၂.၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၆.၁၂.၂၀၁၇ |
| MT.PRIMROSE | P.Oil (In Bulk) | INDINESIA | ၁၇.၁၂.၂၀၁၇ |
| MT.CORVUS | P.Oil (In Bulk) | INDINESIA | ၁၇.၁၂.၂၀၁၇ |
| MT.NS POWER | ဒီဇယ်ဆီ | SINGAPORE | ၁၇.၁၂.၂၀၁၇ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၁၈.၁၂.၂၀၁၇ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၁၈.၁၂.၂၀၁၇ |
| MT.OCEAN WINTER | ဒီဇယ်ဆီ | SINGAPORE | ၁၈.၁၂.၂၀၁၇ |
| MT.FLY SEAL | ဒီဇယ်ဆီ | SINGAPORE | ၁၈.၁၂.၂၀၁၇ |
| MT.FLY MARLIN | ဒီဇယ်ဆီ | SINGAPORE | ၁၉.၁၂.၂၀၁၇ |
| MT.AULAC JUPITER | ဒီဇယ်ဆီ | SINGAPORE | ၂၀.၁၂.၂၀၁၇ |
| MT.MESON | P.Oil (In Bulk) | INDINESIA | ၂၇.၁၂.၂၀၁၇ |

## မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာလဒုတိယပတ်ပဲမျိုးစုံဈေးကွက်တွင် ပဲစင်းငုံနှင့် မတ်ပဲဈေးအနည်းငယ်တက်

မုံရွာကုန်စည်ဒိုင်ဈေးကွက် ဒီဇင်ဘာလ ဒုတိယပတ် ပဲမျိုးစုံဈေးကွက်တွင် အိန္ဒိယမှအဝယ်ပိတ်ထားတဲ့ မတ်ပဲနှင့်ပဲစင်းငုံတွေကို ပြည်တွင်းလုပ်ငန်းရှင်များနှင့် ဒေသတွင်း ပဲခွဲစက်များက အသုံးများလာမှုကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့ပြီး အရောင်းအဝယ်သွက်ခဲ့ကြောင်း ကုန်သည်ရပ်ကွက်မှသိရှိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၁၇၀၀ဖြင့် တစ်ရက်လျှင် အိတ် ၂၀၀၀ခန့်နှင့်မတ်ပဲတစ်တင်းလျှင်ကျပ် ၁၈၂၀၀ဖြင့်တစ်ရက်အိတ် ၁၀၀၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။

ယခုတစ်ပတ်တွင် ဈေးအမြင့်ဆုံးဖြစ်တဲ့ ကုလားပဲမျိုးစုံမှာ ဈေးဆက်လက်ကျဆင်းခဲ့ပြီး ကုလားပဲ ဖြူလုံးကြီး တစ်တင်းလျှင် ၃၄၀၀၀ ကျပ်၊ 929 တစ်တင်းလျှင် ကျပ် ၂၉၅၀၀ နှင့် ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၃၀၅၀၀ ဖြင့် ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်ရက်လျှင် အိတ် ၅၀၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းသီးနှံမှာ စိမ်းကြီးတစ်တင်းလျှင် ကျပ် ၂၅၀၀၀မှ ကျပ် ၂၆၀၀၀ နှင့် စိမ်းသေးတစ်တင်း ကျပ် ၂၇၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲခြင်း မရှိဘဲ ပုံမှန်အရောင်းအဝယ် ဖြစ်တယ်ခဲ့တယ်လို့ သိရှိရပါတယ်။

ပြည်တွင်းသုံးလက်လီပဲများဖြစ်ကြသည့်ပဲကြီးတစ်တင်းလျှင်ကျပ် ၇၀၀၀၀ မှ ကျပ် ၇၅၀၀၀ မြေထောက်ပဲ တစ်တင်းလျှင်ကျပ် ၃၅၀၀၀ မှ ကျပ် ၃၈၀၀၀၊ ပုဂံပဲတစ်တင်းလျှင်ကျပ် ၄၀၀၀၀၊ စွန်တာနီတစ်တင်းကျပ် ၄၆၀၀၀၊ ပဲလွန်းဖြူ တစ်တင်းကျပ် ၃၃၀၀၀၊ ပဲလွန်းပြာတစ်တင်းကျပ် ၂၇၅၀၀ ဖြင့် အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် ပုံမှန်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**လင်းလင်းသန့်**

## ပြည်ပဲလွန်းဖြူသစ် ဈေးလျော့သွားသော်လည်း ယခင်နှစ်ထက် ဈေးကောင်းရနေ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲလွန်းဖြူသစ်များ ပဲအဝင်ဆက်ရှိခဲ့ပြီး တစ်ရက်လျှင်အိတ် ၃၀ ကျော် ၄၀ ဝင်ရောက်ခဲ့ကြောင်းသိရပါတယ်။ ဝယ်လက်အနေဖြင့် လက်လီသာ အရောင်းအဝယ်များခဲ့ကာ ပဲသစ်တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့်လဆန်းရက်က ဈေးထက်လျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က နိုဝင်ဘာလကုန်မှစ၍ ပဲဈေးကွက်သို့ ပဲသစ်များ ဝင်ရောက်ခဲ့ပြီး ပဲတစ်တင်းကျပ် ၂၁၅၀၀ဖြင့် ဈေးဖွင့်ရောင်းဝယ်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် ယခုနှစ်မှာ တော့တစ်တင်းကျပ် ၃၀၀၀၀ ရရှိတဲ့အတွက် ယခုနှစ်ပဲလွန်းဖြူသီးနှံဈေးနှုန်းဟာ ပဲသစ်ပေါ်ချိန်မှာကတည်းက ဈေးကောင်းရလျက်ရှိနေတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်မြေပဲဆန် ဝယ်လိုအားနည်းလို့ ဈေးငြိမ်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မြေပဲဆန်ဈေးငြိမ်နေတာ တွေ့ရပါတယ်။ မြေပဲဆန်ဝင်ရောက်နေသော်လည်းဝယ်လိုအားနည်းသဖြင့် ဈေးငြိမ်နေတာဖြစ်ပါတယ်။ ဆီစက်များက ဆီကြိတ်မြေပဲဆန်ကို တစ်နေ့လျှင် အိတ် ၅၀၀ခန့်ဝယ်ယူပြီး လုံးဆန်ကို ရန်ကုန်ဝယ်လက်နှင့် မကွေးဝယ်လက်များက တစ်နေ့လျှင်အိတ် ၃၀၀ခန့် ဝယ်ယူနေသော်လည်း ဝယ်လိုအားနည်းသွားသဖြင့်ဈေးမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန် (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၁၅၀၊ (အနီ) တစ်ပိဿာလျှင်ကျပ် ၁၉၅၀ နှင့် လုံးဆန် (အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၄၀၀နှင့် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၁၅၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## ပြည်ထောပတ်ပဲ ဈေးငြိမ်နေပြီး လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်အတွင်း လက်လီအရောင်းအဝယ်ဖြစ်လျက်ရှိတဲ့ ထောပတ်ပဲသီးနှံဟာ နေ့စဉ်အိတ်အနည်းငယ်စီ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်းကျပ် ၃၁၀၀၀ ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ဈေးငြိမ်နေတာကို တွေ့ရပါတယ်။ ပဲသစ်အဝင်မရှိသေးဘဲ ပဲဟောင်းလက်ကျန်များဖြင့် ရောင်းဝယ် နေခဲ့ပြီး ပဲသစ်များဖြစ်သော ဘိုကိတ်ပဲ၊ ပဲလွန်းဖြူ ပဲပုပ်သီးနှံတို့ထက် ဈေးပိုရရှိခဲ့ပါတယ်။ ယခင်နှစ်က ထောပတ်ပဲသီးနှံဈေးဟာ တစ်တင်းကျပ် ၁၃၅၀၀ သာရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးကတော့ ယခင်နှစ်ရဲ့ဈေးထက်နှစ်ဆကျော် ပိုရခဲ့လို့ ဈေးကောင်းရတဲ့နှစ်ဖြစ်တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

## ပုသိမ်ဆန်/ စပါးဈေးကွက်တွင် ယခင်နှစ်ထက် တောင်သူများဈေးကောင်းရပြီး အရောင်းအဝယ်ဖြစ်နေ

ပုသိမ်မြို့ ဆန်၊ စပါးဈေးကွက်တွင် ယခုအခါ မိုးစပါးများ လှိုင်လှိုင်ပေါ်လာချိန် မနောသုခ၊ မျိုးပွားပေါင် ၁၀၀ တင်းတစ်ရာကို ကျပ် ၆၁၀၀၀ မှကျပ် ၆၂၀၀၀၀ ၊ဆန်တစ်အိတ်ကို ကျပ် ၂၀၅၀၀ မှ ၂၁၀၀၀၊ ရွှေသွယ်စပါးပေါင် ၁၀၀ တင်းတစ်ရာကို ကျပ် ၆၅၀၀၀၀ မှ ၆၆၀၀၀၀၊ ဆန်တစ်အိတ်လျှင်ကျပ် ၂၃၀၀၀ မှ ၂၃၅၀၀၊ ဈေးဖြင့်ရောင်းဝယ်လျက်ရှိပြီး ပေါ်ဆန်းရင်စပါး ၁၀၅ ပေါင်တင်းတစ်ရာကို ကျပ် ၈၅၀၀၀၀ မှ ၈၆၀၀၀၀၊ ဆန်တစ်အိတ်လျှင်ကျပ် ၃၁၀၀၀ မှ ၃၁၅၀၀ ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

လက်ရှိ မိုးညှော့မထစပါးပေါက်ဈေး၊ ပေါ်ဆန်းရင်စပါးပေါက်ဈေးမှာ ယခင်နှစ်ထက် စပါးတင်းတစ်ရာလျှင် ကျပ်တစ်သိန်းခန့်ဈေးပိုမိုရရှိကြောင်း သိရှိရသည်။ လက်ရှိဈေးကွက်တွင် ညှော့မထဆန်များ အရောင်းအဝယ်များပြီး ပေါ်ဆန်းရင်ဆန်များကိုလည်း ဈေးကွက်တွင် ဝယ်ယူလျက်ရှိကြောင်း၊ ပုသိမ်ဈေးကွက်မှ တိုင်းအတွင်း၊ မြို့နယ်များအပြင် ရန်ကုန်၊ ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေးမြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိဈေးကွက်တွင် ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်အများစုမှာ စပါးကို သိုလှောင်မှုမရှိသေးဘဲ ဝယ်ကြိတ်ရောင်းပုံစံဖြစ်နေကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရသည်။ **မင်းမင်းဦး (ပုသိမ်)**



## ကြက်သွန်နီ

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီအသစ်များ ဈေးကောင်းလျက်ရှိ

ပြည်ဈေးကွက်အတွင်း ကြက်သွန်နီအသစ်များ ယခင်တစ်ပတ်ထက် လက်လီ/လက်ကားတစ်ပိဿာလျှင် ကျပ် ၃၀၀ခန့်မြင့်တက်သွားပြီး ဈေးကောင်းလျက်ရှိနေကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပြည်ဈေးကွက်သို့ကြက်သွန်နီအဟောင်းများဝင်ရောက်မှုမရှိတော့ဘဲ ကြက်သွန်နီအသစ်များသာ ရေနံချောင်း၊ ပခုက္ကူ၊ တောင်တွင်း၊ ဆိပ်ဖြူ၊ မြင်းခြံ စတဲ့နယ်များမှ ပိဿာ ၃၀ ဝင်အိတ် ၂၅၀-၃၀၀ ခန့် ဝင်ရောက်နေတာ တွေ့ရပါတယ်။

အရောင်းအဝယ်အနေဖြင့် ကြက်သွန်နီအဟောင်းမှာ ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်နည်းပေမယ့် ဈေးနှုန်းမြင့်နေသည့်အတွက် အရောင်းအဝယ်မှာ အေးနေသလို ကြက်သွန်နီအသစ်မှာလည်း အစိုဓာတ်ရှိနေပြီး ဈေးကောင်းနေသည့်အတွက် အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရပါတယ်။ စိုက်ပျိုးသူတောင်သူများမှ ကြက်သွန်နီအသစ်များ ဈေးကောင်းရနေသည့်အတွက် သက်တမ်းပြည့်ရင့်မှည့်ပြီး အရည်အသွေးကောင်းသော ကြက်သွန်နီများဖြစ်အောင် မထားတော့ဘဲ ခူးဆွတ်တူးဖော်ပြီး ဈေးကောင်းရအောင် ရောင်းချနေသဖြင့် စားသုံးသူများ၊ ဝယ်ရောင်း အိတ်ဆွဲသမားများမှ အစိုဓာတ်ရှိပြီး အရည်အသွေးမကောင်းသော ကြက်သွန်နီ အသစ်များကို လိုသလောက်သာ ချင့်ချိန်ဝယ်ယူမှုရှိတဲ့အတွက် ယခုလို အရောင်းအဝယ်မှာ အေးနေခြင်းဖြစ်ကြောင်း ပြည်ပွဲရုံလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါတယ်။ ကြက်သွန်နီအဟောင်းဈေးမှာ တစ်ပိဿာလျှင် လက်ကားကျပ် ၂၈၀၀-၂၉၀၀နှုန်းရှိပြီး လက်လီဈေးများတွင်ကျပ်၃၂၀၀-၃၄၀၀ဖြင့်ရောင်းဝယ်နေတာတွေ့ရပါတယ်။

ကြက်သွန်နီအသစ်ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင်(ကြီး)ကျပ် ၂၆၀၀၊ (လတ်) ကျပ် ၂၄၀၀-၂၅၀၀၊ (သေး) ကျပ် ၂၂၀၀-၂၃၀၀ ရှိပြီး လက်လီဈေးများတွင် (ကြီး)ကျပ် ၂၈၀၀-၃၀၀၀၊ (လတ်) ကျပ် ၂၆၀၀-၂၇၀၀၊ (သေး)ကျပ် ၂၃၀၀-၂၅၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်က လက်ကားတစ်ပိဿာလျှင်ကျပ် ၂၂၀၀-၂၃၀၀ရှိပြီး လက်လီဈေးများတွင် ကျပ် ၂၄၀၀-၂၅၀၀ ရှိတဲ့အတွက် ယခုတစ်ပတ် ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် မြင့်တက်နေတာ တွေ့ရပါတယ်။ ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများလည်း ရောင်းဝယ်နေပြီး လက်ကားတစ်ပိဿာလျှင် ကျပ် ၇၀၀-၈၀၀၊ လက်လီဈေး တစ်ပိဿာလျှင်ကျပ်၁၀၀၀-၁၂၀၀တို့ဖြင့် ရောင်းဝယ်နေကြောင်းသိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**



# ပခုက္ကူခရိုင်အတွင်းသို့ ကြက်သွန်နီသစ်များ အများအပြား ဝင်ရောက်လျက်ရှိ

ပခုက္ကူခရိုင်အတွင်းရှိ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာဒေသများဖြစ်တဲ့ ဆိပ်ဖြူ၊ ရေစကြို၊ ပေါက်နယ်ဒေသများမှ ကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းသို့အများအပြား ဝင်ရောက်လာကြောင်းသိရသည်။ ကြက်သွန်နီအဝယ်ဒိုင်တွင် ပေါက်နယ်ဒေသမှစိုက်ပျိုးသည့် ကြက်သွန်နီများ၊ ပခုက္ကူဒေသဧရာဝတီမြစ်အတွင်းရှိ ကျွန်းများမှထွက်ရှိသည့် ကြက်သွန်နီများ နေ့စဉ်ပိဿာချိန်တစ်သိန်းကျော် ဝင်ရောက်လျက်ရှိကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဆိပ်ဖြူဒေသမှလည်း ကြက်သွန်နီအသစ်များထွက်ရှိနေပြီး ဆိပ်ဖြူကုန်စည်ဒိုင်တွင် နေ့စဉ် ကုန်ချိန် ၅၀၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်နီအသစ်များ အများအပြား ဝင်ရောက်နေတာကြောင့် ယခင်တစ်ပတ်ထက်ဈေးကျနေသကဲ့သို့ ကြက်သွန်နီအဟောင်းများမှာလည်း လက်ကျန်နည်းပြီး ဈေးကောင်းရရှိနေကြောင်း သိရှိရသည်။ ပခုက္ကူခရိုင်၌ ကြက်သွန်နီအသစ် လက်ကားဈေးထိပ်စတစ်ပိဿာလျှင်ကျပ် ၁၈၅၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၁၂၀၀ မှကျပ် ၁၄၀၀၊ အနိမ့်ဈေးတစ်ပိဿာလျှင်ကျပ် ၅၀၀ မှကျပ် ၈၀၀ထိ အရည်အသွေးကိုလိုက်၍ ဈေးနှုန်းအမျိုးမျိုးရရှိနေကြောင်းသိရသည်။ ကြက်သွန်နီ(အဟောင်း) လက်လီဈေးမှာ ထိပ်စ တစ်ပိဿာလျှင်ကျပ် ၂၈၀၀၊ အလတ်စတစ်ပိဿာလျှင်ကျပ် ၂၆၀၀၊ အနိမ့်စ တစ်ပိဿာလျှင်ကျပ်၂၃၀၀ဖြင့်အရောင်းအဝယ်ဖြစ်နေပြီး ကြက်သွန်နီ(အသစ်) လက်လီဈေးမှာထိပ်စတစ်ပိဿာလျှင်ကျပ် ၂၃၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၁၉၀၀၊ အနိမ့်စ တစ်ပိဿာလျှင်ကျပ် ၁၂၀၀ မှကျပ် ၁၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## နနွင်း

# မူဆယ်မှ နနွင်းတက် ပိုမိုတင်ပို့

ဒီဇင်ဘာ ၂ ရက်မှ ၈ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှအမေရိကန်ဒေါ်လာ ၄၃၉၇၂ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၆၁ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၄၀ နဲ့ နှိုင်းယှဉ်ပါက တန် ၂၀ ကျော်ပိုမို တင်ပို့ခဲ့တာတွေ့ရပါတယ်။

နနွင်းတက်ကို တစ်ဖက်နိုင်ငံမှာ ပရဆေးဖော်ဖို့နဲ့ အမှုန့်ပြုလုပ်ဖို့သာ ဝယ်ယူနေတာကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေတာလို့ ကုန်စည်ဒိုင်တွေက တစ်ဆင့်သိရပါတယ်။ နနွင်းခါးကတော့ ဈေးချိုလို့ နည်းနည်းချင်းစီပဲ အဝယ်ရှိနေတယ်လို့သိရပါတယ်။

**မော်မော်အောင်**

# အောင်ပန်းဈေးကွက်မှာ ရှမ်းနနွင်းအဝင်နည်းနေ

အောင်ပန်းဈေးကွက်မှာတော့ ရှမ်းနနွင်းအဝင်နည်းနေပါသေးတယ်။ အသစ်တွေကလည်း ဒီလကုန်မှသာ ပေါ်မှာဖြစ်လို့ ဈေးကွက်မှာတော့ လက်ကျန်တွေကိုသာ အရောင်းအဝယ်ပြုလုပ်နေရတယ်လို့လည်းသိရပါတယ်။ လောလောဆယ်တော့ ပုံမှန်ဝယ်နေတဲ့ ဝယ်လက်တွေအပြင် စစ်တွေ၊ မင်းဘူး ကပါအဝယ်ရှိနေလို့ တစ်ပတ်အတွင်း ပိဿာချိန်ခုနစ် သောင်းခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ဆင်တောင်နနွင်းကို ဖော်နေပြီလို့သိရပေမယ့် ဈေးကွက်ကိုတော့ ဝင်မလာသေးပါဘူး။

အောင်ပန်းဈေးကွက်ကိုဝင်တဲ့ ရှမ်းနနွင်းတွေကို ပြည်ပဝယ်လက်တွေက အဝယ်နည်းနေပြီး ပြည်တွင်းဝယ်လက်တွေကသာ အဝယ်ရှိနေပါတယ်။ ပြည်တွင်းသုံးအဖြစ် အမှုန့်ကြိတ်ဖို့ရယ်၊ ခြင်ဆေးခွေပြုလုပ်ဖို့ရယ်အတွက် ဝယ်ယူနေလို့ အရောင်းအဝယ် ပုံမှန်ဖြစ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် နနွင်းတစ်ပိဿာ ပေါက်ဈေးမှာ တောင်ပို့လစကကျပ် ၁၀၀၀ မှ ၁၀၅၀၊ ဆင်တောင်နနွင်းက ကျပ် ၃၇၀၀ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

# ရေကြောင်းလမ်းမှ နနွင်း တင်ပို့မှုလျော့

ဒီဇင်ဘာ ၃ ရက်မှ ၉ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) အသစ် ၇၈ ဒသမ ၀၂ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၄၅ ဒသမ ၀၂တန်နဲ့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၃၃ တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၁၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၃၆ တန်ကျော် တင်ပို့မှု လျော့နည်းခဲ့ တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျှမ်းမျှ အမေရိကန်ဒေါ်လာ ၇၁၀ - ၇၁၅ ရရှိခဲ့တယ်လို့သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅၇၈၄ ရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်ဖြူ

# ရှမ်းကြက်သွန်ဖြူ

ရှမ်းပြည်နယ်တောင်ပိုင်းရဲ့အဓိက ထွက်ကုန်တစ်မျိုးဖြစ်တဲ့ ရှမ်းကြက်သွန်ဖြူကတော့ အောက်တိုဘာ၊ နိုဝင်ဘာလမှာ ပြန်ပြီးစိုက်ပျိုးပြီးစီးသွားပါပြီ။ ဈေးနှုန်းက အကျဘက်များနေပေမယ့် စိုက်ဧကတော့လျော့မသွားပါဘူး။ ပုံမှန်စိုက်ဧကအတိုင်း စိုက်ပျိုးကြတယ်လို့လည်း သိရပါတယ်။

ဧပြီ၊ မေလက ပေါ်ခဲ့တဲ့ ကြက်သွန်ဖြူတွေ ကတော့ ပေါ်ကာစမှာ အရောင်းသွက်ခဲ့ပေမယ့် နောက်ပိုင်းမှာ တဖြည်းဖြည်း ဝယ်လိုအား နည်းလာပါတယ်။ လဲချားကြက်သွန်ဖြူတွေအရောင်းသွက်ခဲ့ပြီး လက်ကျန်မရှိတော့ဘူးလို့သိရပါတယ်။ ဒေသတွင်းအသုံးသာရှိပြီး ပြည်တွင်းသုံးအနေနဲ့ မိတ္ထီလာ၊ မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်က အဝယ်ရှိနေပေမယ့် မိတ္ထီလာဝယ်လက်တွေကတော့ အောက်စတွေကို အကြော်အဖြစ် အသုံးပြုဖို့ဝယ်ယူတာများပါတယ်။ ကြူကုတ်ကြက်သွန်တွေကိုတော့ ရှမ်းပြည်နယ်မှာ အသုံးပြုတာနည်းတာကြောင့် ဈေးကလည်း ရှမ်းကြက်သွန်အောက်မှာသာရှိတယ်လို့လည်းဈေးကွက်က သိရှိရပါတယ်။ ဒီတစ်ပတ်မှာတော့ ရှမ်းကြက်သွန်ဖြူက ဈေးနှုန်းအနည်းငယ်ပြောင်းလဲလာပါတယ်။ ယခင်တစ်ပတ်ကထက် တစ်ပိဿာကိုကျပ် ၅၀ မှ ၅၀၀ ထိဈေး တက်လာပါတယ်။

ရန်ကုန်ဝယ်လက်တွေကလည်း ပြန်လည်ဝယ်ယူလာသလို နေပြည်တော်၊ မော်လမြိုင် ၊ တပ်ကုန်းစတဲ့မြို့တွေကပါ အဝယ်လိုက်လာတာကြောင့် တစ်ပတ်အတွင်းမှာ ကြက်သွန်ဖြူ ပိဿာချိန်ပေါင်း ၃ ဒသမ ၃သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိဿာ ပေါက်ဈေးတွေက (လဲခြား)ကျပ် ၉၅၀၊ (ထူး-၁) ကျပ် ၁၃၀၀၊ (ထူး-၂)ကျပ် ၁၆၀၀၊ (ထူး-၃) ကျပ် ၂၀၀၀၊ (ထူး-၄) ကျပ် ၂၅၀၀ရှိကြောင်းသိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ချင်း

# ရှမ်းချင်းအသစ်များ အဝင်များလာ

ဒီတစ်ပတ်တော့ ချင်း(အသစ်) အဝင်များလာပါတယ် ကလော၊ အောင်ပန်းတစ်ဝိုက်မှာရှိတဲ့ ကျေးရွာတွေကဝင်လာတာကြောင့် ငါးရက်တစ်ဈေးကို ပိဿာချိန်သောင်းဂဏန်းအထိ ဝင်ရောက်နေတယ်လို့သိရပါတယ်။ ဝယ်လက်တွေကတော့ ပြည်တွင်းသုံးရယ်၊ လက်လီရောင်းဖို့ရယ်အတွက်သာရှိနေပြီး ပြည်ပဝယ်လက်တွေကတော့ မရှိသေးပါဘူး။ ထိုးချင်းပြုလုပ်ဖို့နဲ့ လက်လီရောင်းဖို့အတွက် မုံရွာ၊မကွေး၊ တောင်ငူ စတဲ့ မြို့တွေကဝယ်ယူနေပါတယ်။ တစ်ပတ်အတွင်း ချင်းစိုပိဿာချိန်ပေါင်း ၁ ဒသမ ၈ သိန်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ချင်းခြောက်တွေကတော့ လက်ကျန်လည်းအတော်အသင့် ကျန်နေပြီး ချင်းစိုကလည်း ကြိုက်ဈေးရနေပါတယ်။ ချင်းခြောက်ကို တောင်သူတွေဆီက ဝယ်ယူထားတာသာရှိပြီး ပွဲရုံတွေကနေတစ်ဆင့် ပြန်ဝယ်တဲ့ဝယ်လက်တွေမရှိသေးလို့ဝယ်ပြီး စုထားရသလိုဖြစ်နေတယ်လို့ဒေသခံပွဲရုံတွေထံမှ သိရပါတယ်။ ဟိုပုံးချင်းကတော့ အခုလကုန်ခန့်မှသာ ဈေးကွက်ကို စပြီးဝင်လာတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်း(စို)တစ်ပိဿာပေါက်ဈေးက အခက်ကြီး/လှ ပေါ်မူတည်ပြီး ဈေးကလည်း ကွာလို့ အနိမ့်ဆုံးကျပ် ၃၀၀ မှ အမြင့်ဆုံးကျပ် ၃၅၀ ဈေးရှိပါတယ်။ ချင်းခြောက် တစ်ပိဿာကျပ် ၁၀၀၀ မှကျပ် ၁၀၅၀ ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

# ချင်းပြန်လည်တင်ပို့

ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၅၂ ဒသမ ၈ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ အောက်တိုဘာ ဒုတိယ သီတင်းပတ်မှစပြီး အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်း ဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၃၅၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဒီတစ်ပတ် မန်ကျည်းပြန်လည်တင်ပို့

ဒီဇင်ဘာ ၃ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန်၁၀၀ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာ ပထမ သီတင်းပတ်မှစပြီးအပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခြင်းဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

Vol: 17, No.49 Monday December 18 2017

# ကုန်သွယ်မှုမြင့်မားတိုးတက်ရေးသို့



[ ဝင်းလွင် ]


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ဟာ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၊ မိုင်းယုကျေးရွာအနီးတွင် တည်ရှိပြီး မူဆယ်မြို့နှင့် ခုနစ်မိုင်ခန့်ကွာဝေးပါတယ်။ နယ်စပ်စခန်းများအားလုံး၏ ကုန်သွယ်မှုပမာဏအနေဖြင့် ၇၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပေးနေတဲ့စခန်းဖြစ်ပါတယ်။

ကုန်သွယ်မှုပမာဏ များပြားသည့်အလျောက် တရားဝင် အခွန်အခပေးဆောင်ပြီး ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေသကဲ့သို့ ကုန်သွယ်ရေးဇုန်ကို ရှောင်ကွင်းလျက် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများလည်း သွားလာလျက်ရှိပါတယ်။ အဆိုပါကန့်သတ်ကုန်ပစ္စည်းများအနက် ကျွဲ၊ နွား(အရှင်)များ တရားမဝင်တင်ပို့ခြင်းလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ မူဆယ်ခရိုင်အတွင်းရှိ ကွတ်ခိုင်မြို့တွင် ငါးရက်တစ်ဈေး ကျွဲ၊ နွားအရောင်းအဝယ် ပြုလုပ်သည်ကိုအခြေခံလျက် နမ့်ဖက်ကာ-နမ့်ခမ်းလမ်းကြောင်းနှင့် မောတောင်း-ခိုဓေး-ပိုင်ကျုံ-နမ့်တောင်း-နောင်အင်း-ကျိန်စမ်းကျော့ လမ်းကြောင်းတို့သည် ဒေသလုံခြုံရေးကိုအခြေခံလျက် ကျွဲ၊ နွားများ တရားမဝင်တင်ပို့တဲ့ အဓိကလမ်းကြောင်းအဖြစ် တွေ့ရှိနေရပါတယ်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်အရ ဈေးကွက်စီးပွားရေးစနစ်နှင့်လျော်ညီစွာ ဝယ်လိုအားအရ ဖြစ်ပေါ်နေသော လွတ်လပ်သည့် ဈေးကွက်ကိုဖော်ဆောင်နိုင်ရန်အတွက် တရားမဝင် ကျွဲ၊ နွား တင်ပို့နေမှုများ ပပျောက်ပြီး တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိစေရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခ အပြည့်အဝ ရရှိစေရန်၊ စိုက်ပျိုးမွေးမြူရေးတောင်သူများ ဝင်ငွေနှင့်အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ ရက်စွဲပါ အမိန့်စာအမှတ် ၄၉/၂၀၁၇ဖြင့် ကျွဲ၊ နွား (အရှင်) များပြည်ပသို့တင်ပို့မှုအား ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်တင်ပို့ခွင့်ပြုခဲ့ပါတယ်။

ကျွဲ၊ နွားမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကျွဲ၊ နွား (အရှင်) တင်ပို့ရောင်းချခြင်း ကန့်သတ်မှုကို ဖြေလျှော့၍ မွေးမြူထုတ်လုပ်မှုကိုအားပေးပြီး အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခွင့်ပြုတဲ့ နေရာမှာလည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများကို ထိခိုက်မှုမရှိစေဘဲ မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင်မွေးမြူထားသော ကျွဲ၊ နွားအရှင်များထဲမှ အရွယ်ရောက်ပြီး ကျွဲ၊ နွားများကိုသာ ဝယ်ယူစုဆောင်းရန်၊ ဝယ်ယူသည့်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ပိုးမွှားရောဂါ စစ်ဆေးပြီးသော ကျွဲ၊ နွားများကို Micro Clip တပ်ဆင်ပေးပြီး


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၄၉ / ၂၀၁၇
၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ-၁၃၊ ပုဒ်မခွဲ (စ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ကျွဲ၊ နွားအရှင်များအား ပြည်ပသို့တရားဝင်တင်ပို့ခွင့်ပြုခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်ပေါ်နေသော လွတ်လပ်သည့်ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက် နိုင်ရန် ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင် တင်ပို့ခွင့်ပြုလိုက်သည်။

၂။ ပြည်ပသို့ ကျွဲ၊ နွားများ တင်ပို့မည့်သူများအနေဖြင့် ဝယ်ယူစုဆောင်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်း၊ ပြည်တွင်းနယ်ကျော်သယ်ဆောင်ခြင်းများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့၏ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်။

၃။ ပြည်ပသို့ ကျွဲ၊ နွားအရှင်များ တင်ပို့ခြင်းကို ဈေးကွက်အခြေအနေနှင့် ပြည်တွင်း မွေးမြူထုတ်လုပ်နိုင်မှုအခြေအနေများပေါ်မူတည်၍ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ ၉ ရက်နေ့မှ စ၍ ဆောင်ရွက်ခွင့်ပြုသည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ပသို့တင်ပို့ရန် ထောက်ခံချက်လက်မှတ်ဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားနိုင်ကြောင်း သိရှိရပါတယ်။ ယင်းကဲ့သို့ ပို့ကုန်လိုင်စင်များ ခွင့်ပြုပေးခြင်းဖြင့် တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်မြှင့်တင်ရေး ဥပဒေအရ တောင်သူများ အကျိုးဖြစ်ထွန်းစေရန်၊ ဝင်ငွေတိုးတက်ရရှိရန်၊ မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရန်၊ တရားဝင် လမ်းကြောင်းပေါ်မှ နိုင်ငံတော်အခွန်အခ တိုးတက်ရရှိဖို့အတွက် တရားဝင်တင်ပို့နိုင်ရေးတို့ကိုရည်ရွယ်၍ ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကျွဲ၊ နွား(အရှင်)ကနဦးတင်ပို့ခွင့်ကိုတော့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှာ Nan Shwe Li Win Co.,Ltd မှ ကျွဲအကောင်ရေ ၁၀၀၊ THW Co.,Ltd မှ နွားအကောင်ရေ ၁၀၀၊ Peace Naw Tayar Co.,Ltd မှ နွားအကောင် ရေ ၁၀၀၊ Star Seven Star Co.,Ltd မှ နွားအကောင်ရေ ၁၀၀၊ Phyo Kyaw Paing Co.,Ltdမှ နွားအကောင်ရေ ၁၀၀၊ ကုမ္ပဏီ ငါးခုမှ စုစုပေါင်း ကျွဲ၊ နွားအကောင်ရေ ၅၀၀ အား ပြည်ပသို့ တင်ပို့ခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့် ဒီဇင်ဘာလ ၁၂ ရက်မှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ယာဉ်စစ်ကွင်းသို့ ယာဉ်၂၅ စီးနှင့်အတူ ကျွဲ၊ နွားအကောင်ရေ ၅၀၀ ရောက်ရှိလာခဲ့ပါတယ်။ လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စေရေးအတွက် စခန်းတာဝန်ခံရဲ့ ကြီးကြပ်မှုနှင့်အတူ OSS အစည်းအဝေးခန်းမတွင် OSS အကောက်ခွန်ဦးစီးဌာန၊ ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ ဌာနတာဝန်ခံနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး၍ ခွင့်ပြုအရေအတွက် တိကျမှန်ကန်မှု ရှိ/မရှိ စစ်ဆေးကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အထက်တုန်ခန်ရွာအနီး ကျိန်စမ်းကျော့လမ်းနံဘေးရှိ မြေဧက ၄၉ ဒသမ ၆၄ ဧက ပေါ်မှာ ယာယီဆောက်လုပ်ထားတဲ့ (Animal Quarantine Station) တိရစ္ဆာန်များ ကျန်းမာရေးစစ်ဆေးမှုစခန်းသို့ ပေးပို့ခဲ့ပါတယ်။ ထို့အတူ ဒီဇင်ဘာလ ၁၂ ရက်မှာလည်း Khay Hlaing Co.,Ltd က တင်ပြသည့် လိုင်စင်တစ်စောင်တွင် ပါဝင်သည့် နွားကောင်ရေ ၁၀၀ အား တင်ပို့ခွင့်ပြုခဲ့ပြီး ဒီဇင်ဘာလ ၁၅ ရက်မှ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ဝင်ရောက်စစ်ဆေးခံကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ Animal Quarantine Station သို့ ပို့ဆောင်ပေးခဲ့ပါတယ်။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဌာနတာဝန်ခံများအနေဖြင့်လည်း ကျွဲ၊ နွားများ တရားမဝင် သွားရောက်မှုမရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းပီပီ တာဝန်သိစွာဖြင့် ဝိုင်းဝန်းတားဆီး ထိန်းကျောင်းပေးမှသာလျှင် ပြည်ပသို့ ကျွဲ၊ နွား(အရှင်) တင်ပို့မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းရေးဆွဲထုတ်ပြန်ပေးပြီးဖြစ်၍ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ စတင်တင်ပို့နေပြီဖြစ်ပါတယ်။ ကျွဲ၊ နွားများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူစုဆောင်းခြင်း၊ စုဆောင်းရက်မှ တင်ပို့မည့်လမ်းကြောင်းအတိုင်း သတ်မှတ်ထားသော ခွင့်ပြုချက်အထောက်အထားများဖြင့် ပြည်တွင်းနယ်ကျော်သယ်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ တရားမဝင်ကိစ္စရပ်များ မရှိစေရေးတို့အတွက် လျင်မြန်ချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေး ညှိနှိုင်းထားရှိပြီးဖြစ်ပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေနှင့်လည်း ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဝယ်လိုအားအရ ဖြစ်ပေါ်နေတဲ့ လွတ်လပ်တဲ့ဈေးကွက်ဖော်ဆောင်နိုင်ခြင်းကြောင့် တရားမဝင်တင်ပို့နေတဲ့ ကျွဲ၊ နွားများ တရားဝင်လမ်းကြောင်းပေါ် ရောက်ရှိလာပြီး ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းနှင့်အတူ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သော အခွန်အခ အပြည့်အဝတိုးတက်ရရှိလာမှာဖြစ်သလို ကုန်သွယ်ရေးဇုန်အနေဖြင့်လည်း ကုန်သွယ်မှု မြင့်မားတိုးတက်ရေးဆီသို့လျှောက်လှမ်းနေသည့် ခြေလှမ်းများဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။



## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပို

ဒီဇင်ဘာ၃ ရက်မှ ၉ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၇၈၉၉၂၇၃ တန်ဖိုးရှိ ဒီဇယ်ဆီ ၁၅၃၉၀၇ ဒသမ ၁၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၇၇၄၅၅၄၈ တန်ဖိုးရှိဓာတ်ဆီ ၁၄၉၉၀ ဒသမ ၄၃ တန် စုစုပေါင်း ၁၆၈၈၉၇ ဒသမ ၅၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၂၈၉၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၁၂၄၉၀၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၅၂၁၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၇၁၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပိုခဲ့ပါတယ်။

ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၁၀၃၇၀၇၀ တန်ဖိုးရှိ ဒီဇယ် ၁၉၃၈ ဒသမ ၂၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၇၆၉၃၂၈ တန်ဖိုးရှိ ဓာတ်ဆီ ၁၄၃၅ ဒသမ ၇၁ တန်ကိုလည်းကောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၃၂၁၅၆ တန်ဖိုးရှိ ဒီဇယ်၁၁၄၆ ဒသမ ၁၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၂၂၇၉၂ တန်ဖိုးရှိ ဓာတ်ဆီ ၄၂ ဒသမ ၇၁ တန်ကိုလည်းကောင်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ အောက်တိန်း (92)နဲ့ (95) မှာ ဈေးငြိမ်နေသော်လည်း ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်က ဈေးနည်းနည်းမြင့် လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၈၅ ကျပ်၊ အောက်တိန်း (92) ၇၈၅ ကျပ်၊ အောက်တိန်း (95) ၈၂၅ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၈၀၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာ ၁၁ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၅၈၀၀၀၊ ရောင်းဈေး ကျပ် ၁၆၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ဝယ်ဈေး ကျပ် ၂၀၀၀၊ ရောင်းဈေး ကျပ် ၄၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာ ၁၁ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၉၀၀၀၊ ရောင်းဈေး ကျပ် ၁၈၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ဈေးငြိမ်ခဲ့ပေမယ့် ဓာတ်ဆီဈေး အနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၉၃၅ကျပ်၊ ဒီဇယ်တစ်လီတာ ၈၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ်တစ်လီတာ ကျပ် ၈၅၀၊ အောက်တိန်း (92)တစ်လီတာ ကျပ် ၈၆၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာလ ၁၁ ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၆၇၀၀၀၊ ရောင်းဈေး ကျပ် ၁၇၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဒီဇင်ဘာ ၁၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၈၀၀၀၊ ရောင်းဈေးကျပ် ၁၇၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးမြင့်လာသော်လည်း ရောင်းဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၄၀၊ အောက်တိန်း(92) ကျပ် ၈၂၀၊ အောက်တိန်း (95) ကျပ် ၈၇၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ်၃၇၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

MIRT-DOT

# ပြည်တွင်းရွှေဈေး အကျဈေးဖြင့် ဈေးငြိမ်နေ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် အကျဈေးဖြင့် ဈေးငြိမ်ခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးမှာမူ ရက်သတ္တတစ်ပတ်၏ အစပိုင်းဖြစ်သည့် တနင်္လာနှင့် အင်္ဂါနေ့တို့တွင် ကျဆင်းနေခဲ့သော်လည်း နောက်ရက်များတွင် ပြန်လည်မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေး ပြန်လည်မြင့်တက်လာခဲ့သော်လည်း ပြည်တွင်းရွှေဈေးမှာမူ အကျဈေးအတိုင်း ဈေးငြိမ်နေကြောင်း သိရသည်။

“ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ဈေးကျနေတာ။ ဈေးအမြင့်နဲ့ ဝယ်ထားတဲ့သူတွေအတွက် စိုးရိမ်စရာဖြစ်နေတာပေ့ါ။ ပြန်တက်လာနိုင်ခြေရှိတဲ့အတွက် သူတို့လည်း ဈေးကွက်ကို စောင့်ကြည့်နေကြတယ်။ ကမ္ဘာ့ရွှေဈေးကတော့ ပြန်တက်လာတယ်။ ပြည်တွင်းငွေလဲနှုန်းက ငြိမ်နေတဲ့အတွက် ပြည်တွင်းရွှေဈေးတွေ ငြိမ်နေတာပါ။ အမေရိကန်ဗဟိုဘဏ်ရဲ့ ဆုံးဖြတ်ချက်အတိအကျထွက်လာရင် ဈေးကွက်အခြေအနေက တစ်မျိုးပြောင်းသွားလိမ့်မယ်လို့ထင်ပါတယ်”ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက သုံးသပ်ခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ဒီဇင်ဘာ ၁၁ ရက်က ကျပ် ၉၁၆၀၀၀ ရှိခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်တွင် ကျပ် ၉၁၃၀၀၀ သို့ ကျဆင်းခဲ့သည်။ သို့သော် ဒီဇင်ဘာ ၁၆ ရက်တွင် ကျပ် ၉၁၆၀၀၀ သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် ဒီဇင်ဘာ ၁၁ ရက်က အမေရိကန်ဒေါ်လာ ၁၂၄၉ ရှိခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၅၇ သို့ မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၁၆ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၅၆ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

# ပြည်တွင်းငွေလဲနှုန်းများ ဈေးအမြင့်ဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ်သွက်နေ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ဈေးအမြင့်ဖြင့်ပင် ဈေးငြိမ်နေကာ အရောင်းအဝယ်သွက်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းငွေလဲနှုန်းများသည် ပြီးခဲ့သည့်ရက်သတ္တတစ်ပတ်ကထက် တစ်ကျပ်ခန့် မြင့်တက်လာသော်လည်း တစ်ပတ်အတွင်းတွင် ယင်းမြင့်တက်ခဲ့သည့် ဈေးအတိုင်းပင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးမြင့်တက်လာသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်များ ဖြစ်လျက်ရှိကြောင်း၊ ကမ္ဘာ့ငွေလဲဈေးကွက်တွင်လည်း ဒေါ်လာနှင့်ဖလှယ်နှုန်းများ မြင့်တက်လျက်ရှိသည်ဟုဆိုသည်။

“ဈေးကွက်ထဲမှာ ငွေလဲနှုန်းတွေ မြင့်တက်နေတယ်ဆိုပေမယ့် ကမ္ဘာ့ဈေးကွက်မှာလည်း မြင့်တက်နေတာကြောင့် ပြည်တွင်းမှာ မြင့်တက်လာရတာပါ။ ဗဟိုဘဏ်ကလည်း သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကို ၁၃၆၄ ကျပ်ကနေ ၁၃၆၅ ကျပ်ကို ပြောင်းပြီး သတ်မှတ်လိုက်တဲ့အခါကျတော့ အပြင်က ဈေးလည်းလိုက်တက်လာရတာပါ”ဟု ငွေလဲဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးကဆိုသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းများကို ထုတ်ပြန်ရာတွင် ဒီဇင်ဘာ ၁၁ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၄ ကျပ်သတ်မှတ်ခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၅ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဒီဇင်ဘာ ၁၁ ရက်က ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၇ကျပ်ရှိခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်တွင် ရောင်းဈေး ၁၃၅၉ကျပ်၊ ဝယ်ဈေး ၁၃၅၇ ကျပ်သို့မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၁၆ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၇ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

December 15, 2017
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.30 |
| BDT Bangladesh Taka | 82.94 |
| CAD Canada Dollars | 1.28 |
| CNY China Yuan Renminbi | 6.61 |
| EUR Euro | 0.85 |
| H KDHong Kong Dollars | 7.81 |
| I NR India Rupees | 64.11 |
| I DR Indonesia Rupiahs | 13573.18 |
| JPY Japan Yen | 112.26 |
| MYR Malaysia | 4.09 |
| PKR Pakistan Rupees | 109.88 |
| PHP Philippines Pesos | 50.49 |
| RUB Russia Rubles | 58.88 |
| SGD Singapore Dollars | 1.35 |
| KRW South Korea Won | 1089.25 |
| LKR Sri Lanka Rupe | 153.29 |
| THB Thailand Baht | 32.55 |
| GBP United Kingdom Pounds | 0.74 |
| VND VietnamDon | 22717.79 |

*Source:xe.com*

## World Gold Price

December-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 11 | 1249 | 1251 | 1251 |
| 12 | 1248 | 1246 | 1244 |
| 13 | 1248 | 1246 | 1246 |
| 14 | 1261 | 1259 | 1259 |
| 15 | 1258 | 1257 | 1257 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 11-12- 2017 | 916.50 | 916.00 |
| 12-12-2017 | 914.50 | 915.00 |
| 13-12- 2017 | 913.80 | 913.00 |
| 14-12-2017 | 918.00 | 917.20 |
| 15-12- 2017 | 914.50 | 914.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 11 | 6.61 | 32.61 | 82.89 | 64.38 |
| 12 | 6.62 | 32.61 | 82.94 | 64.51 |
| 13 | 6.62 | 32.57 | 82.97 | 64.46 |
| 14 | 6.61 | 32.46 | 82.92 | 64.27 |
| 15 | 6.61 | 32.55 | 82.94 | 64.11 |

# ရန်ကုန်စတော့အိတ်ချိန်းသို့ ၂၀၁၈ ခုနှစ်တွင် အစုရှယ်ယာကုမ္ပဏီတစ်ခု ဝင်ရောက်မည်

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်ရန်အတွက် အစုရှယ်ယာကုမ္ပဏီတစ်ခု ၂၀၁၈ ခုနှစ်တွင် ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကုမ္ပဏီသည် TMH Telecom Public Co., Ltd. ဖြစ်ပြီး အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီသည် အစုရှယ်ယာပေါင်း ၁၁၂ သိန်းကျော်ရှိနေပြီး ယခုအခါတွင် အစုရှယ်ယာပေါင်း ငါးသိန်းကျော်ကို တစ်စုလျှင် ကျပ် ၃၀၀၀ ဖြင့်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိတွင် ရန်ကုန်စတော့အိတ်ချိန်း၌ အစုရှယ်ယာရောင်းချနေသည့်ကုမ္ပဏီများအနက် MTSH က တစ်စုလျှင် ကျပ် ၃၁၀၀၊ FMI က ကျပ် ၁၂၅၀၀၊ MCB က ကျပ် ၈၀၀၀၊ FPB က ကျပ် ၂၆၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။

**မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 11-December | 15.83 | 3119.76 | 1994.52 | 6556.46 | 892.00 |
| 12-December | 15.74 | 3130.56 | 1993.52 | 6605.83 | 888.00 |
| 13-December | 15.69 | 3157.01 | 1998.81 | 6625.67 | 877.00 |
| 14-December | 16.07 | 3158.77 | 1999.47 | 6679.88 | 886.00 |
| 15-December | 5.88 | 3181.92 | 2022.61 | 6764.96 | 879.00 |

## Energy NYMEX 15-12-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 57.19 | 0.13 | 0.26 |
| Brent Crude Futr (USD/bbl) | 63.46 | 0.16 | 0.24 |
| Gasoline Rbob Fut (Cent/gal) | 168.16 | 1.09 | 0.65 |
| Natural Gas Futr (USD/MMBtu) | 2.67 | -0.01 | -0.37 |
| Heating Oil Futr (Cent/gal) | 191.34 | 0.25 | 0.13 |

## ဘိလပ်မြေ

# ဒီတစ်ပတ် နယ်စပ်လမ်းနဲ့ရေကြောင်းလမ်းမှ ဘိလပ်မြေတန်ချိန် ၆၂၅၀ကျော်ဝင်

ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၅၂၆၀တန်ဖိုးရှိ ထိုင်းနိုင်ငံမှဘိလပ်မြေ ၃၆၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်း မှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ ၁၇၅ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်ကာလတူဖြစ်တဲ့ ၂၀၁၆ ဒီဇင်ဘာ ၃ရက်မှ ၉ ရက်သီတင်းပတ်အတွင်း ဘိလပ်မြေတန်ချိန် ၂၀၀၀၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီနှစ်မှာ ဘိလပ်မြေ တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ယခုလို တင်သွင်းမှုလျော့နည်းလာရတာကလည်း ပြည်တွင်းဘိလပ်မြေထုတ်လုပ်မှုများကြောင့် ပြည်ပမှ တင်သွင်းမှုများ လျော့နည်းလာခဲ့တယ်လို့ ဘိလပ်မြေဈေးကွက်အတွင်းမှသိရပါတယ်။

ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၆၀၈၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာ တန်ချိန် ၅၉၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ဆင်မြန်မာက ကျပ် ၃၀၀ ဈေးကျခဲ့ပြီး စိန်ဘိလပ်မြေက ၂၇၅ ကျပ်ဈေးမြင့်ကာ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၆၅၀၊ ဆင်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရှိရ ပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ**ဒီတစ်ပတ်အရောင်းအဝယ်သွက်ပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ခရောင်းဘိလပ်မြေ ကျပ် ၅၁၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဆင်မင်း (ကျောက်ဆည်) ကျပ် ၃၉၀၀၊ အေသုံးလုံး ကျပ် ၄၈၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ်သွက်ပြီးဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပွင့်လင်းရာသီနဲ့အတူ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်လာတာကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ နယ်ဘက်က အမှာရှိသလို ရန်ကုန်မြို့တွင်းကလည်း အဝယ်ရှိပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၇၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## စာတ်မြေသြဇာ

# ရေလမ်းမှမြေသြဇာတန်ချိန် ၁၀၀၀၀ ကျော်ဝင်

ဒီဇင်ဘာလ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၉၈၄၅၇ တန်ဖိုးရှိ မြေသြဇာ ၁၀၅၀၀ ဒသမ ၂၉၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၁၀၁၂ ဒသမ ၅၀ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၀၀၀၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၄၄၄၀ ဒသမ ၆၃၈ တန်၊ အီရန်နိုင်ငံမှ ၁၃၁၈ ဒသမ ၀၅ တန်၊ ဂျပန်နိုင်ငံမှ ၁၂၇ ဒသမ ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၅၀၃ ဒသမ ၉၆ တန်၊ မလေးရှားနိုင်ငံမှ ၉၄၀ ဒသမ ၆၀ တန်၊ ပိုလန်နိုင်ငံမှ ၁၀၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၂ ဒသမ ၀၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ ကွန်ပေါင်း ၁၅း၁၅း၁၅၊ ယူရီးယား၊ အာမို ၁၆း၁၆း၈၊ ယူရီးယား ၄၆%၊ အော်ဂဲနစ်၊ နေရွှက်လျှေ(၁၅း၁၅း၁၅) တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၈၆၃၀ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၈၇၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၃ ရက်မှ ၉ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ မြေသြဇာအဝင်မှာတန်ချိန် ၁၀၅၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၈၆၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၈၇၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီဇင်ဘာလ ၂ ရက်မှ ၈ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၀၁၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၉၉၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၄၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ မြေသြဇာ အဝင်ပိုခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီးနဲ့ မကွေးမှာ အရောင်းသွက်ပြီး မန္တလေးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်လည်း အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဆောင်းသီးနှံအတွက်အရောင်းအဝယ်ပုံမှန်ရှိပြီး မြေသြဇာဈေးက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၄၀၀၀၊ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)ကျပ် ၂၄၀၀၀၊ ဇာမဏီကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်ဆောင်းသီးနှံအတွက် အဝယ်ရှိတာကြောင့် အရောင်းအဝယ်နည်းနည်းဖြစ်တယ်၊ဒါပေမယ့် ဈေးကတော့ မပြောင်းဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၂၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၂၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ပတ်လည်(တရုတ်)ကျပ် ၃၇၈၀၀၊တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၅၀၀၊ မြားကမ္ဘာကျပ်၁၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၃၂၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၃၀၀၊ တီစူပါ၄၆% ကျပ် ၂၁၃၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၄၅၀၀ ၊ အာမို ၁၀း၁၀း၅ကျပ် ၁၆၀၀၀၊ မြားကမ္ဘာ ကျပ် ၁၄၈၀၀၊ သံကွင်း-ကွန်ပေါင်း (၁၅း၅း၅း) ကျပ်၁၆၂၀၀ ၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၀၀၀၊ ပိုတက် (အင်ဒို) ကျပ် ၂၃၆၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

ဒီဇင်ဘာလ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၈၉၆၁၂ တန်ဖိုးရှိ နို့ဆီ ၆၇၉ ဒသမ ၇၀၄ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တီးပေါ့နို့ဆီ ၂၄၁ ဒသမ ၉၄ တန်၊ အိုကေ နို့ဆီ ၂၁၈ ဒသမ ၈၈ တန်နဲ့ ဒွန်းနို့ဆီ ၂၁၈ ဒသမ ၈၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၃၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီတန်ချိန် ၃၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၆၁ ဒသမ ၂တန်၊ မလေးရှားနိုင်ငံမှ ၇၇ ဒသမ ၁၇၉တန်နဲ့ ပိုလန်နိုင်ငံမှ ၂၂ တန်၊ စုစုပေါင်း ၁၆၀ ဒသမ ၃၇၉တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၃၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁၂ မှ ၈/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၁၁ မှ ၁/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၂.၅၀ | ၃၂.၅၀ | (-) | ၁၀.၁၀ |
| ၂။ | လွယ်ဂျယ် | ၅၂၅.၀၀ | ၄၁၀.၀၀ | (+) | ၁၁၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၉၂၀.၀၀ | ၂၀၄၇.၀၀ | (-) | ၉၂၇.၀၀ |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၁၀၀၀.၀၀ | (+) | ၁၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၆၂၁.၀၀ | ၁၆၁၄.၇၁ | (+) | ၅.၂၉ |
| ၈။ | မြိတ် | - | - | | - |
| | စုစုပေါင်း | ၆၀၈၇.၅၀ | ၅၉၀၄.၂၁ | (+) | ၁၈၃.၂၉ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁၂ မှ ၈/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၁၁ မှ ၁/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၈၀၁.၂၆ | ၇၉၇၀.၀၅ | (+) | ၈၃၁.၂၁ |
| ၂။ | လွယ်ဂျယ် | ၃၂.၀၀ | ၃၇.၀၀ | (-) | ၅.၀၀ |
| ၃။ | ချင်းရွှေဟော် | ၈၈၄.၇၅ | ၉၅.၀၀ | (+) | ၇၈၉.၇၅ |
| ၄။ | ကန်ပိုက်တီး | ၄၂၀.၀၀ | ၂၄၀.၀၀ | (+) | ၁၈၀.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | ၂၁.၈၅ | (-) | ၂၁.၈၅ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၆၀၀.၀၀ | ၁၆၂၅.၀၀ | (-) | ၁၀၂၅.၀၀ |
| | စုစုပေါင်း | ၁၀၇၃၈.၀၁ | ၉၉၈၈.၉၀ | (+) | ၇၄၉.၁၁ |

ခင်မိုးသူ

## နှမ်း

### တရုတ်နယ်စပ်မှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂၆ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၈၀၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၁၃၄ တန်ကျော်နဲ့ နှမ်းဖြူ (အခွံချွတ်) တန် ၂၀ စုစုပေါင်းတန်ချိန် ၁၅၄ တန်ကျော်ကိုလည်းကောင်း၊ ချင်းရွှေဟော်မှ နှမ်းနက်တန် ၉၈၀ ကျော်၊ နှမ်းညို တန် ၄၀ ကျော်၊ နှမ်းဖြူ ၃၅၉ တန်ခွဲနဲ့ နှမ်းညို (အခွံချွတ်) ၂၇၂ တန်ခွဲ စုစုပေါင်း တန်ချိန် ၁၆၅၂ တန်ကျော်ကိုလည်းကောင်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ၁၉၁ တန်ခွဲနှင့် ချင်းရွှေဟော်မှ တန် ၅၅၅၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မူဆယ်မှ ၃၆ တန်ကျော်၊ ချင်းရွှေဟော်မှ ၃၈၉၈ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူ တစ်တန်လျှင် ၁၄၀၄၀၈၂ ကျပ်၊ နှမ်းနက် တစ်တန်လျှင် ၂၂၂၀၄၀၈ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်နှမ်းဈေးကွက်တွင် အဝင်နည်းပြီး အဝယ်များသဖြင့် ဈေးပြန်မြင့်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းအဝင်နည်းပြီး အဝယ်များသဖြင့် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ လှောင်ထားသော မိုးနှမ်းများကို ထုတ်ရောင်းချနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်မပြတ်တာ တွေ့ရပါတယ်။ ဆီစက်လုပ်ငန်းရှင်များက နှမ်းနီကို ဈေးကောင်းပေးပြီး ဝယ်ယူကြိတ်ခွဲရသဖြင့် ဆီဈေးမှာလည်း မြင့်တက်လာတာတွေ့ရပါတယ်။

နှမ်းနက်နှင့် စမုံနက်နှမ်းကိုလည်း မန္တလေးဝယ်လက်များက ရသလောက်ဝယ်ယူနေသဖြင့် ယခုတစ်ပတ်မှာ ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ နှမ်းနက်သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀နှင့် စမုံနက်နှမ်းသုံးတင်းတစ် အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးမြင့်လာတာ တွေ့ရပါတယ်။ နှမ်းဆီဈေးမှာလည်း ရိုးရိုးနှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၄၇၀၀ နှင့် နှမ်းဦးဆီတစ်ပိဿာလျှင် ကျပ် ၅၀၀၀ ထိဈေးမြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

### မုံရွာကုန်စည်ဒိုင်တွင် နှမ်းအရောင်းအဝယ်သွက်ပြီး ဈေးမြင့်လာ

ဒီဇင်ဘာဒုတိယပတ်တွင် မုံရွာကုန်စည်ဒိုင်သို့ နှမ်းအသစ်များဝင်ရောက်လာပြီး အရောင်းအဝယ်လည်း သွက်ကြောင်း သိရပါတယ်။ ဘုတလင်၊ ချောင်းဦး၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်များမှ နှမ်းအသစ်များ ဝင်ရောက်လျက်ရှိကြောင်းသိရပါတယ်။ ဝယ်လက်အနေနဲ့ မြို့တွင်းဆီစက်သမားများနှင့် မန္တလေးဝယ်လက်အဝယ်ရှိလို့ အရောင်းအဝယ်သွက်ပြီး ဈေးမြင့်ပါတယ်။ ယခုတစ်ပတ် နှမ်းသီးနှံပေါက်ဈေးနှုန်းများမှာ နှမ်းဖြူတစ်ပိဿာလျှင် ၂၉၆၇ ကျပ်နဲ့ အိတ် ၁၀၀၀ ခန့်၊ နှမ်းညို တစ်ပိဿာလျှင် ကျပ် ၂၃၀၀နဲ့ အိတ် ၃၀၀ခန့်၊ နှမ်းနက် တစ်ပိဿာလျှင် ကျပ် ၂၆၀၀ မှ ၂၆၆၇ ကျပ်နဲ့ အိတ် ၇၀၀ ခန့်အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ဆီဈေးနှုန်းကတော့ နှမ်းဆီတစ်ပိဿာလျှင် (လက်ကား) ကျပ် ၄၁၀၀၊ (လက်လီ) ကျပ် ၄၅၀၀ နှုန်းရှိကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## စားအုန်းဆီ

### စားအုန်းဆီဝယ်လိုအား အနည်းငယ်ပြန်လည်မြင့်တက်လာနိုင်ပြီး နှစ်သစ်တွင် အခြေအနေကောင်းလာနိုင်ဟုဆို

စားအုန်းဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေသော်လည်း ဒီဇင်ဘာလအတွင်းတွင် ဝယ်လိုအားများ အနည်းငယ်မြင့်တက်လာခြင်းကြောင့် ဈေးပြန်လည်မြင့်တက်လာနိုင်ကြောင်း စားအုန်းဆီထုတ်လုပ်သူ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် လူနာနှစ်သစ်ကူးပွဲတော်ကြောင့် စားအုန်းဆီလက်ကျန်များ လျော့နည်းသွားနိုင်သဖြင့် ဇန်နဝါရီလတွင် စားအုန်းဆီဈေးနှုန်းများ ကျဆင်းနေရာမှ ပြန်လည်မြင့်တက်လာနိုင်သည်ဟု သုံးသပ်ရခြင်းဖြစ်ကြောင်း အဆိုပါကုန်သည်က စတားအွန်လိုင်းသတင်းသို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလကတည်းက ကျဆင်းလာခဲ့သည့် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများကြောင့် စားအုန်းဆီကို အသုံးပြု၍ ထုတ်လုပ်လျက်ရှိသည့် အသင့်စားခေါက်ဆွဲခြောက်များ၊ ချောကလက်မှသည် ဆပ်ပြာအထိ ထုတ်ကုန်များ၏ ဈေးနှုန်းများသည် ၁၂ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ ဒီဇင်ဘာ ၁၄ ရက်က စားအုန်းဆီတစ်တန်လျှင် ရင်းဂစ် ၂၄၃၀ (အမေရိကန်ဒေါ်လာ ၅၉၆)သာရှိခဲ့သည်။

အိန္ဒိယနိုင်ငံက စားအုန်းဆီတင်သွင်းခွန်ကို တိုးမြှင့်လိုက်ခြင်းကြောင့် စားအုန်းဆီတင်ပို့မှု လျော့နည်းကျဆင်းခဲ့သဖြင့် စားအုန်းဆီဈေးနှုန်းများလည်း လိုက်ပါကျဆင်းခဲ့သည်။ ထို့ပြင် ရင်းဂစ်တန်ဖိုးခိုင်မာလာခြင်းလည်း နိုင်ငံခြားကုန်သည်များအတွက် စားအုန်းဆီဈေး ကြီးမြင့်မှုကို ဖြစ်ပေါ်စေခဲ့ရာ စားအုန်းဆီဝယ်လိုအားများ ကျဆင်းစေခဲ့သဖြင့် ယခုကဲ့သို့ စားအုန်းဆီဈေးနှုန်းများ ကျဆင်းခဲ့ရခြင်းဖြစ်သည်။

"လူတိုင်းလူတိုင်းဟာ အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအားကိုပဲ မှီခိုနေကြတယ်။ ဒါပေမယ့် အိန္ဒိယနိုင်ငံက သွင်းကုန်ခွန်ကို တိုးမြှင့်လိုက်တဲ့အခါကျတော့ သူ့အပေါ် မှီခိုထားတဲ့အတွက် အရာရာတိုင်းဟာ နှေးကွေးသွားတော့တာပဲ။ ဒါကြောင့် အခုနှစ်ကုန်မှာ စားအုန်းဆီလက်ကျန်ကို စာရင်းကောက်လိုက်မယ်ဆိုရင် တန်ချိန်ပေါင်း ၂ ဒသမ ၇ သန်းလောက်ကျန်နေဦးမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ကွာလာလမ်ပူအခြေစိုက် ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်သည် နိုဝင်ဘာလအတွင်းက တန်ချိန် ၂ ဒသမ ၅၆ သန်းရှိခဲ့ရာ ယင်းလက်ကျန်သည် ၂၀၁၅ခုနှစ်နောက်ပိုင်း လက်ကျန်များအနက် အမြင့်ဆုံးအခြေအနေပင်ဖြစ်သည်ဟု ဆိုသည်။

"အခုအချိန်မှာတော့ အဝယ်တွေအားလုံး ရပ်ထားတယ်။ ဒါပေမယ့် ဖေဖော်ဝါရီလမှာ တရုတ်နှစ်သစ်ကူးပွဲတော်ရှိတဲ့အတွက် နောက်လဆိုရင် တရုတ်က သူ့ပွဲတော်အတွက် စပြီးဝယ်တော့မှာပါ။ အိန္ဒိယကတော့ သူ့ရဲ့လက်ကျန်ကို လျှော့ချထားပါတယ်။ လာမယ့်နှစ်စရောက်မှသာ သူတို့ရဲ့လက်ကျန်ကို ပြန်ဖော်မယ်လို့ ထင်ပါတယ်"ဟု ကွာလာလမ်ပူရှိ CIMB ရင်းနှီးမြှုပ်နှံမှုဘဏ်မှ သီးနှံသုတေသနမှူး အိုင်ဗရီနာ့ခ်က ပြောကြားခဲ့သည်။

လာမည့်နှစ်ဇန်နဝါရီလတွင် စားအုန်းဆီဈေးနှုန်းသည် ရင်းဂစ် ၂၄၀၀ မှ ၂၆၀၀ အထိရှိလာနိုင်ကြောင်း ၎င်းက ကြိုတင်ခန့်မှန်းထားသည်။

**မယ်သီတာ**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၁၂-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၅၀၀၀ | △ | ၄၅၀၀ | ၄၅၀၀ | □ | ၁၉၅၀ | ၁၈၅၀ | ▽ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၈၅၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၂၀၀ | ၄၄၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၀၀ | ▽ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၄၀၀ | ၄၇၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၃၈၀၀ | ၄၃၀၀ | △ | ၄၀၀၀ | ၄၃၀၀ | △ | ၁၈၀၀ | ၂၀၅၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၅-၁၂-၂၀၁၇ **US$/Ton**

| အမျိုးအစား | ဒီဇင်ဘာပထမပတ် | ဒီဇင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၃၅.၀၀ | ၆၂၆.၀၀ | ▽ |
| **RBD P.Olein** | ၆၄၇.၅၀ | ၆၂၀.၅၀ | ▽ |
| **RBD P.Stearin** | ၆၅၆.၀၀ | ၆၃၂.၅၀ | ▽ |


### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၅-၁၂-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၀၅.၅၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၂၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၄၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၈.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၄၈.၆၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၅-၁၂-၂၀၁၇နေ့ (CIF ဈေး Cloud Point 8˚C Max ၆၇၅ ဒေါ်လာနှင့် USD ဈေး ၁၃၆၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၅-၁၂-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၅ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ပြည်ပဈေးကွက်ဝင် ဆန်စပါးကို အရည်အသွေးမီထုတ်လုပ်၍ တိုးတက်တင်ပို့နိုင်ရေး

[ ရှင်မင်းအုံ့(တန့်ဆည်) ]



လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ အဓိကအသက်သွေးကြော ဖြစ်သလို လူဦးရေ၏ အများစု (သုံးပုံနှစ်ပုံခန့်) သည်လည်း ကျေးလက်များတွင် နေထိုင်ကြပြီး လယ်ယာလုပ်ငန်းကိုသာ အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ပို့ကုန်ကဏ္ဍကို လေ့လာကြည့်ရာတွင် မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့အဓိက တင်ပို့နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်ပသို့ဆန်နှင့်ဆန်ကွဲ တင်ပို့မှုသည် လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုအနက် အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအခြေအနေမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၁ ရက်ထိ) နှစ်စဉ် ပိုမိုတင်ပို့လျက်ရှိပါတယ်။

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | တန် | ၁၄၂၃၇၀၁ | ၅၅၁ |
| ၂ | ၂၀၁၃-၂၀၁၄ | တန် | ၁၂၆၂၆၁၇ | ၄၇၅ |
| ၃ | ၂၀၁၄-၂၀၁၅ | တန် | ၁၇၄၀၅၈၇ | ၆၆၀ |
| ၄ | ၂၀၁၅-၂၀၁၆ | တန် | ၁၄၉၃၂၄၄ | ၅၂၆ |
| ၅ | ၂၀၁၆-၂၀၁၇ | တန် | ၁၇၅၀၅၆၂ | ၅၅၄ |
| ၆ | ၂၀၁၇-၂၀၁၈ (ဒီဇင်ဘာလ ၁ ရက်ထိ) | တန် | ၂၁၉၀၀၉၇ | ၆၇၃ |

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၅၄ သန်း၊ တန်ချိန်အားဖြင့် ၁၇ သိန်းကျော်ဖြစ်သဖြင့် လယ်ယာကဏ္ဍတင်ပို့မှု၏ ၂၀ ရာခိုင်နှုန်းခန့်အနေဖြင့် လည်းကောင်း၊ ပို့ကုန်ကဏ္ဍတစ်ခုလုံး၏ ငါးရာခိုင်နှုန်းခန့်အနေဖြင့်လည်းကောင်း တင်ပို့နိုင်ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုဈေးကွက်ကို လေ့လာကြည့်မည်ဆိုပါက ယခင်ဘဏ္ဍာနှစ်ထက် ဈေးကွက်သစ်အနေဖြင့် နိုင်ငံပေါင်း ၂၂ နိုင်ငံအား ရှာဖွေတင်ပို့နိုင်ခဲ့ကာဈေးကွက်လက်လွှတ်ဆုံးရှုံးလိုက်ရသည့် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိပါတယ်။ သို့ရာတွင် ဈေးကွက်သစ်ရရှိသည့် နိုင်ငံများသို့ တင်ပို့ခွင့်ရရှိသည့် အရေအတွက်သည် ဈေးကွက်ပျောက်သွားသည့် နိုင်ငံများသို့ တင်ပို့ခဲ့သည့် အရေအတွက်ထက် ပိုမိုများပြားခဲ့သဖြင့် ဆန်တင်ပို့ဈေးကွက် ရလဒ်ကောင်းများရရှိလာခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ မှ ဒီဇင်ဘာလ ၁ ရက်ထိ) ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၂ သိန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၇၃ သန်း ရရှိခဲ့ပါတယ်။ ယခင်နှစ် ကာလတူထက်တန်ချိန် ၁၄ သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၂၁ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ဖြစ်ပါတယ်။ ယခင်နှစ်က နိုင်ငံပေါင်း ၄၀ သာ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ၅၄ နိုင်ငံ တင်ပို့နိုင်ခဲ့သဖြင့် ၁၄ နိုင်ငံသို့ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

USDA စာရင်းအချက်အလက်များအရ ကမ္ဘာ့ဆန်ကုန်သွယ်မှုကဏ္ဍကို လေ့လာကြည့်ပါက ဆန်အများဆုံး တင်ပို့သည့်နိုင်ငံများမှာ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံသည် ပဥ္စမမြောက် အများဆုံးဆန်တင်ပို့သည့်နိုင်ငံ ဖြစ်ပါတယ်။ ပြည်ပမှဆန်အများဆုံး တင်သွင်းလျက်ရှိသည့် နိုင်ငံများမှာ တရုတ်၊ နိုက်ဂျီးရီးယား၊ ဥရောပနိုင်ငံများနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ပြီး ဘရာဇီး၊ တရုတ်နှင့် ဥရောပနိုင်ငံများဟာ တင်ပို့မှုရော တင်သွင်းမှုကိုပါ ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံများဖြစ်ပါတယ်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေကိုကြည့်ပါက မြန်မာ့ စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်စပါး (မိုးစပါး+နွေစပါး) စိုက်ဧက ၂ ဒသမ ၄၆ ဧကသန်းရှိပြီး ထွက်ရှိမည့်တင်းလျာထားချက်မှာ တင်း ၁၃၁၇ သန်း ရှိပါတယ်။ စပါးစိုက်ပျိုးရန်အတွက်လိုအပ်သည့်မျိုး၊ အလေအလွင့်၊ စားသုံးမှုမှာ ခန့်မှန်းခြေ တင်း ၈၂၆ သန်းရှိသဖြင့် ပိုလျှံမည့်စပါးတင်း ၄၉၂ သန်း (တန်ချိန် ၁၀ သန်း) ရှိနိုင်ပါတယ်။ ထို့ကြောင့် ယခုနှစ်တွင် ဆန်နှင့်ဆန်ကွဲ တန်ချိန်၂ ဒသမ ၅ သန်းခန့်တင်ပို့နိုင်မည့် အခြေအနေရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် အဓိကသီးနှံများအဖြစ် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ ဝါ၊ ကြံ တို့အား စိုက်ပျိုးလျက်ရှိရာ စပါး ၃၄ ရာခိုင်နှုန်း၊ ပဲမျိုးစုံ ၂၁ ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ မြန်မာတစ်နိုင်ငံလုံးတွင် နွေစပါးစိုက်ဧက ၂ ဒသမ၄၆ သိန်း၊ မိုးစပါးစိုက်ဧက ၁၅၂သိန်း၊ တစ်နှစ်ပတ်လုံးအနေဖြင့် စိုက်ဧက ၁၇၇သိန်းကျော် စိုက်ပျိုးလျက်ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ဧက သိန်း ၅၀ ကျော်၊ ပဲခူးတိုင်းဒေသကြီးတွင် စိုက်ဧက ၂၉ သိန်းကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ဧက၂၁ သိန်းကျော်စိုက်ပျိုးလျက်ရှိပြီး အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။

စပါး စိုက်ပျိုးထွက်ရှိမှုအနေဖြင့်၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စာရင်းများအရ မြန်မာတစ်နိုင်ငံလုံးတွင် စပါးတင်းပေါင်း ၁၃၀၈ သန်း ထွက်ရှိခဲ့ပြီး စပါးထွက်ရှိမှု၏ ၅၈ ရာခိုင်နှုန်းကျော်အား ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ထုတ်လုပ်လျက်ရှိပါတယ်။ ယခုနှစ်တွင် အိန္ဒိယနိုင်ငံမှ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတင်ပို့မှုများကို ကန့်သတ်လိုက်သဖြင့် ပဲစိုက်တောင်သူများ အခက်အခဲနှင့် ကြုံတွေ့လျက်ရှိပါတယ်။ ၎င်းသီးနှံသုံးမျိုးအနက် မတ်ပဲသည်အများအားဖြင့် ဈေးကွက်လိုအပ်ချက်အရ မိုးစပါးရိတ်သိမ်းပြီးနောက် သီးထပ်စိုက်ပျိုးသည့် သီးနှံဖြစ်သဖြင့် ယခုနှစ်တွင် မတ်ပဲအစားစပါးကို အစားထိုး သီးနှံအဖြစ်စိုက်ပျိုးလျှင် တောင်သူများအတွက် တွက်ခြေကိုက်မည့် အခြေအနေရှိကြောင်း လေ့လာသိရှိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံလည်းဖြစ် Logistic ပိုင်းတွင်လည်း အားသာချက်များရှိသည့် တရုတ်နိုင်ငံအပြင် မြန်မာ့ထွက်ကုန်များကို အလေးထားစိတ်ဝင်စားမှု ပိုမိုလာသည့် ဥရောပနိုင်ငံများ၏ ဆန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ပါက အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။

ထို့ကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ရရှိမည့်အကျိုးရလဒ်များနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ လိုအပ်ချက်များကြောင့် စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာဖြစ်ပါတယ်။ စပါးမျိုးစေ့ကောင်းမွန်ရေး၊ သွင်းအားစု၊ ကြိတ်ခွဲမှုစနစ်၊ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ ခေတ်မီနည်းပညာများနဲ့ လိုက်လျောညီထွေမှုရှိခြင်း၊ သယ်ယူပို့ဆောင်မှုစနစ်၊ လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးကုန်ကျစရိတ်မပြည့်စုံခြင်း၊ ချေးငွေရရှိမှု မထိရောက်ခြင်းတို့အပြင် ပြည်ပသို့တင်ပို့ရာတွင်လည်း ဆိပ်ကမ်းဝန်ဆောင်မှု အခက်အခဲများနှင့် တချို့အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်ဆောင်မှုများ စသည်ဖြင့် များစွာသော စိန်ခေါ်မှုများရှိနေမှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ အဓိကစိုက်ပျိုးထုတ်ကုန် ဖြစ်သည့် ဆန်နှင့်ဆန်ကွဲသည် ဈေးကွက်ရှိသော ပစ္စည်းဖြစ်ပြီး ထိုဈေးကွက်ကို အခြားနိုင်ငံများနည်းတူ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း၊ သွင်းအားစုကုန်ကျစရိတ်မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့် ရရှိရန်လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များမြင့်မားခြင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များ (Value Added) ထုတ်လုပ်မှုနည်း ပါးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များလိုအပ်ခြင်းစသည့် အခက်အခဲများအား ကျော်လွှားနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

## ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုသောစာရင်းအား H.S Code 2017 Version ဖြင့် ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်ပစ္စည်း ၁၅၂ မျိုးအပေါ် H.S Code 2012 Version ဖြင့် ကုန်စည်လိုင်း ၉၈၃ လိုင်းအား အမိန့်ကြော်ငြာစာအမှတ် (၁၁/ ၂၀၁၄) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ယခုအခါတွင် H.S Code 2017 Version သို့ ပြောင်းလဲကျင့်သုံးနိုင်ရန်အတွက် H.S Code 2012 Version အရ ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုသော ကုန်စည်လိုင်း ၉၈၃လိုင်းအား H.S Code 2017 Version အရ ကုန်စည်လိုင်း ၁၀၇၉ လိုင်းသို့ ပြောင်းလဲပြင်ဆင်ကျင့်သုံးနိုင်ရန် ဒီဇင်ဘာ ၁၄ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၇)ဖြင့် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါအမိန့်ကြော်ငြာစာအရ ယခင်က ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုသောစာရင်းအဖြစ် သတ်မှတ်ရာမှ ယခုထုတ်ပြန်သည့်ပို့ကုန်လိုင်စင် လျှောက်ထားရယူရမည့်စာရင်းတွင် ပါဝင်သည့် ကုန်စည်လိုင်းများအား ဒီဇင်ဘာလ ၁၄ ရက်မှ ရက်ပေါင်း ၆၀ အထိခွင့်ပြုထားမည်ဖြစ်ပြီး ယင်းရက်နောက်ပိုင်းတွင် ပို့ကုန်လိုင်စင်လျှောက်ထားရပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ယခုထုတ်ပြန်ခဲ့သည့် H.S Code 2017 Version အပြည့်အစုံအား သိရှိလိုပါက www.commerce.gov.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

မယ်သီတာ

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စားသောက်ကုန်ပို့ကုန်ဆိုင်ရာ ကန့်သတ်ချက်များသတ်မှတ်ခြင်းအား WTOသို့ ကြိုတင်ကြေညာရန် တိုက်တွန်းကြောင်းအဆိုကို အိန္ဒိယကန့်ကွက်

WTO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စားသောက်ကုန်ပစ္စည်းများ တင်ပို့မှုအပေါ် သတ်မှတ်ပြဋ္ဌာန်းမည့် မည်သည့်ကန့်သတ်ချက်မျိုး ကို မဆို WTO သို့ ကြိုတင်အသိပေးအကြောင်းကြားရန် လိုအပ် ကြောင်း အဆိုကိုစင်ကာပူက တင်သွင်းခဲ့မှုအပေါ် အိန္ဒိယက ကန့်ကွက်လိုက်ပြီး ထိုသို့ကြိုတင်အသိပေးခြင်းသည် လက်တွေ့ကျခြင်း မရှိဘဲ ယတိပြတ်ဆောင်ရွက်ရသည့် ပို့ကုန်ကန့်သတ်ချက် ပြဋ္ဌာန်း ခြင်းကို လျော့ရဲစေနိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယသည် ပြည်တွင်းဈေးကွက်၌ ကုန်စည်ပြတ်လပ်သည့် အခါများတွင် ဈေးနှုန်းထိန်းညှိရန်အတွက် စားသောက်ကုန်ပစ္စည်း တင်ပို့မှုများကို တစ်ခါတစ်ရံ တားမြစ်ကန့်သတ်လေ့ရှိရာ စင်ကာပူမှ ယခုတင်ပြသည့်အဆိုပြုချက်မှာ ယခုဒီဇင်ဘာလ ၁၀ ရက်မှ ၁၃ ရက် တွင် ဗျူနိုအေရိစ်မြို့၌ ကျင်းပမည့်အရေးပါသည့် WTO ဝန်ကြီး အဆင့် အစည်းအဝေးမတိုင်မီ အချိန်ကပ်၍ တင်ပြလာခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ကုန်စည်များ ပြတ်လပ်ချိန် သို့မဟုတ် ဘေးကျပ်နံကျပ် ဖြစ်ချိန် တစ်ခါတရံတွင်သာထိုကဲ့သို့သော ကန့်သတ်ချက်များကို ရည် ရွယ်ချက်ရှိရှိနှင့် သတ်မှတ်ရခြင်းဖြစ်ရာ ကြိုတင်အသိပေးကြေညာ ချက်ကြောင့် မူလရည်ရွယ်ချက်ကို မှေးမှိန်လျော့ပါးစေနိုင်သည့် အတွက် အိန္ဒိယအနေဖြင့် မည်သည့်ပို့ကုန် ကန့်သတ်ချက်ကိုမျှ ကြို တင်အသိပေးကြေညာခြင်းမပြုနိုင်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါ သည်။ ဂျပန်နှင့်အစ္စရေးတို့ကလည်း WTO အဖွဲ့ဝင်နိုင်ငံများ အနေ ဖြင့် ပို့ကုန်ကန့်သတ်ချက်များအား ရက် ၃၀ ကြိုတင်ကြေညာရန်နှင့် ယင်းသို့ သတ်မှတ်ရခြင်းအပေါ် အကျိုးအကြောင်းများဖော်ပြပေးရန် လိုလားကြောင်း၊ အိန္ဒိယသည် ပြီးခဲ့သည့်ကာလများတွင် ပို့ကုန် လျှော့ချရန်နှင့် ပြည်တွင်း၌ ကုန်စည်ရရှိနိုင်မှု တိုးတက်များပြားလာ စေရန်အတွက် အများအားဖြင့် ကြက်သွန်၊ ဂျုံ၊ ဆန်၊ အာလူးနှင့် စားသုံးဆီတို့ကဲ့သို့ မရှိမဖြစ်ကုန်စည်များအပေါ် အနိမ့်ဆုံးပို့ကုန် ဈေးနှုန်း (Minimum Export Price) သတ်မှတ်ခဲ့ကြောင်း၊ ယင်းသို့ ကန့်သတ်ခြင်းသည် WTO ၏ လက်ရှိစံနှုန်းများအရ စားသောက်ကုန် အသားတင် တင်ပို့သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အတည်ပြုရန် မရှိ မဖြစ်ရှိရမည့် လိုအပ်ချက်များနှင့် ပြောင်းပြန်ဖြစ်နေသကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံ တစ်နိုင်ငံအနေဖြင့် စားသောက်ကုန်အသားတင် တင်သွင်း သည့် နိုင်ငံတစ်နိုင်ငံအဖြစ် မှန်ကန်ကြောင်း အချက်အလက်များ ထောက်ပံ့ရန် လိုအပ်ချက်ကိုလည်း ဆန့်ကျင်နေသည်ဟု ထောက်ပြ ပြောဆိုထားကြောင်း သိရှိရပါသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပို့ကုန်ကန့်သတ်ချက်များ အပါ အဝင် ပမာဏကန့်သတ်ချက်အတိုင်းအတာများ အသုံးပြုခြင်းအပေါ် WTO က တားမြစ်ထားသော်လည်း အလွန့်အလွန် အကန့်အသတ်ရှိ နေသည့် အခြေအနေမျိုး၌ ထုတ်ပြန်အသုံးပြုနိုင်ကြောင်း၊ သို့ရာ တွင် ယင်းသို့သော ကန့်သတ်ချက်များမှာ မရှိမဖြစ်ကုန်စည်များ အတွက် နှင့် ယာယီကာလအတွက်သာ သတ်မှတ်ထုတ်ပြန်နိုင်ကြောင်း သိရှိရ ပါသည်။

ယခုအဆိုပြုချက်သည် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းထုတ် စားသောက်ကုန် ကုန်စည်များအပေါ် ပြောင်းလဲပြင်လွယ်ရှိမှုနှင့် ထိန်းချုပ်မှုတို့ကို ကန့်သတ်ရန် ကြိုးစားသည့် စင်ကာပူ၏ဒုတိယ မြောက် အဆိုပြုလွှာဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်ကလည်း ပွင့်လင်း မြင်သာမှု တိုးတက်စေရေးအမည်ဖြင့် စားသောက်ကုန်များ တင်ပို့မှု အပေါ် ကန့်သတ်ချက်များအား တားမြစ်ကြောင်း စာတမ်းတစ်စောင် ကို အဆိုပြုခဲ့ကြောင်း၊ စင်ကာပူသည် အခြားနိုင်ငံများ ကိုယ်စား အိန္ဒိယကို ပစ်မှတ်ထားနေပြီး လက်ရှိတွင် ပို့ကုန်ခွန်များ၊ ကန့်သတ် ချက်များအပေါ် မည်သို့မျှသတ်မှတ်ထားခြင်း မရှိသည့်အတွက် စည်းကမ်းအချို့ဖြင့် အိန္ဒိယနိုင်ငံအား စည်းနှောင်ရန် ကြိုးစားနေ ခြင်းဖြစ်သည်ဟု ဂျဝါဟာလာနေရူးတက္ကသိုလ်မှ စီးပွားရေးပညာ လေ့လာရေးနှင့် စီမံကိန်းစင်တာ၏ ပါမောက္ခဖြစ်သူ Biswajit Dhar က သုံးသပ်ပြောကြားခဲ့သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဗီယက်နမ်နိုင်ငံ၏အီးကောမတ်စ်ကဏ္ဍကို ရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားလာ

ဗီယက်နမ်နိုင်ငံ၏ အီးကောမတ်စ်ကဏ္ဍ သည် ဈေးကွက် အရွယ်အစားသေးငယ်သော်လည်း ကမ္ဘာ့တစ်ဝန်း အီးကောမတ်စ်ကဏ္ဍဖွံ့ဖြိုးမှုအရှိဆုံး နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိကြောင်း ကမ္ဘာ့ နိုင်ငံအသီးသီး၏ အီးကောမတ်စ်လုပ်ငန်းများ အကြောင်းကိုလေ့လာထားသည့် Kantar Worldpanel အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

The Future of E-commerce in FMCG (fast moving consumer goods) အစီရင်ခံစာကို ကမ္ဘာ့တိုက်ကြီး သုံးတိုက်ရှိ အဓိကနိုင်ငံများ၌ရှိ သော အီးကောမတ်စ်လုပ်ငန်းစုစုပေါင်း ၅၀၀၀၀၀ ကျော်၏ဝယ်ယူရောင်းချမှုအခြေအနေများကို လေ့လာခဲ့ခြင်းဖြစ်သည်။ ဝယ်ယူရောင်းချမှု တန်ဖိုး ကြီးမားသည့်အီးကောမတ်စ်လုပ်ငန်း ခြောက်ခု သည် တရုတ်နိုင်ငံနှင့်အမေရိကန်နိုင်ငံကဲ့သို့ စီးပွားရေး အင်အားကြီးနိုင်ငံများတွင် ရှိကြပြီး အောင်မြင်မှုများရရှိနေသည့်အခြားသော အီး ကောမတ်စ်များသည် တောင်ကိုရီးယားနိုင်ငံ၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံတို့တွင် တည်ရှိကြပါသည်။ အွန်လိုင်း ရောင်းဝယ်ရေးလုပ်ငန်းသည် ဈေးကွက် သစ်များစွာတွင် တိုးတက်လာမည့်အခြေအနေ ကောင်းများရှိပြီး ထိုင်းနိုင်ငံ၏အွန်လိုင်းဈေးကွက် သည် ၁၀၄ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံ၏အွန်လိုင်း ဈေးကွက်သည် ၈၈ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံ ၏ အွန်လိုင်းဈေးကွက်သည် ၆၉ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါသည်။ သို့သော် အဆိုပါ နိုင်ငံများ၏ အီးကောမတ်စ်ဈေးကွက်သည် အခြေ တည်စအဆင့်၌သာရှိသေးကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံရှိ လက်လီအရောင်းလုပ် ငန်းရှင်များ၏ အမြောက်အများရင်းနှီးမြှုပ်နှံလာ ခြင်းနှင့်အတူ အင်တာနက်နှင့် မိုဘိုင်းဖုန်း အသုံး ပြုမှုတိုးတက်လာခြင်းတို့ကြောင့် ဗီယက်နမ်နိုင်ငံ၏ အီးကောမတ်စ်ကဏ္ဍသည် တိုးတက်မှုရရှိလာခြင်း ဖြစ်ပါသည်။ ဟိုချီမင်းမြို့၊ ဟနွိုင်းမြို့၊ ဒါနန်းမြို့နှင့် ချန်သိုမြို့စသည့်အဓိကမြို့ကြီး လေးမြို့ရှိအီးကော မတ်စ်ဈေးကွက်များသည် အဓိကဖွံ့ဖြိုး တိုးတက် လာ၍ဗီယက်နမ်နိုင်ငံ၏ အီးကောမတ်စ်ဈေးကွက် သည် သုည ဒသမ ၅ရာခိုင်နှုန်း တိုးတက်လာ ပြီး ၂၀၁၆ခုနှစ်တွင် အဆိုပါမြို့ လေးမြို့၌ အွန်လိုင်း မှဈေးဝယ်သူပမာဏသည် ၅ ဒသမ ၄ ရာခိုင်နှုန်းမှ ၈ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံ၏ အီးကောမတ်စ် ဈေးကွက်တန်ဖိုးသည် အခြားနိုင်ငံများ၏ဈေး ကွက်များနှင့်နှိုင်းယှဉ်ပါက သေးငယ်သော်လည်း ၆၉ ရာခိုင်နှုန်းအထိ တိုးတက်မှုရရှိခဲ့ပါသည်။

ထို့ကြောင့် အီးကောမတ်စ်ဈေးကွက် အလျင်အမြန်ဖွံ့ဖြိုး တိုးတက်လာသည့်နိုင်ငံများ တွင် ဗီယက်နမ်နိုင်ငံလည်း ပါဝင်လာပါသည်။ အလားအလာကောင်းများ ရှိသည့်ဗီယက်နမ်နိုင်ငံ ၏ အီးကောမတ်စ် ဈေးကွက်သို့ ဝင်ရောက်ရင်းနှီး မြှုပ် နှံရန် အချိန်ကောင်းဖြစ်ပါသည်။ ဗီယက်နမ် နိုင်ငံ၏အီးကောမတ်စ်လုပ်ငန်းများ ဆက်လက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စားသုံးသူများ၏ ယုံကြည်မှုနှင့် မြင့်မားသည့်သယ်ယူပို့ဆောင်ရေး စရိတ်များ လျှော့ချပေးခြင်းကို အလေးထား ဆောင်ရွက်ရန် လိုအပ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဟောင်ကောင်-ကျူးဟိုင်-မကာအိုတံတား ယာဉ်ဖြတ်သန်းခနွန်းထားများအတွက် ပို့ဆောင်ရေးဌာနက အဆိုပြုဈေးနှုန်းများ ထုတ်ပြန်ကြေညာ

ကွမ်တုန်းဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ တောင်းဆို ချက်အရ ဟောင်ကောင်-ကျူးဟိုင်-မကာအိုတံတား ယာဉ်ဖြတ်သန်းခနှုန်း ထားများအတွက် ဈေးနှုန်းအဆိုပြုလွှာနှစ်ခုအား ပို့ဆောင်ရေးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ပထမအဆိုပြုလွှာတွင် ကိုယ်ပိုင်ယာဉ်များနှင့် အငှားယာဉ်များအနေဖြင့် ခရီးစဉ်တစ်ခုလျှင် ဖြတ်သန်းခယွမ် ၁၅၀ ပေး ဆောင်ရမည်ဖြစ်ပြီး၊ ဘတ်စ်ကားများနှင့် နယ်စပ်ဖြတ်ကျော် Coaches များ မှာယွမ် ၄၅၀၊ ကုန်သေတ္တာယာဉ်များမှာ ၁၁၅ယွမ်နှင့် ကုန်တင်ကားများ အနေဖြင့်ယွမ် ၆၀ ပေးဆောင်ရမည်ဖြစ်သည်။

ဒုတိယအဆိုပြုလွှာ၏ အများစုမှာပထမအဆိုပြုလွှာနှင့် အတူတူပင် ဖြစ်ပြီး နယ်စပ်ဖြတ်ကျော် Coaches အနေဖြင့် ယွမ် ၂၀၀ ပေးဆောင်ရန် သတ်မှတ်ထားသည်။ အဆိုပြုလွှာများအတည်ပြုခြင်းအား ဒီဇင်ဘာလ ၂၁ရက်တွင် ကျူးဟိုင်၌ ပြုလုပ်သွားမည်ဖြစ်သည်။ ပင်မတံတားနှင့် တိုးဂိတ်မှာ တရုတ်ပြည်မကြီး၏ရေပိုင်နက်အတွင်းတွင် တည်ရှိသည့် အတွက် ရေပိုင်နက်စည်းမျဉ်းအရနှင့်အစိုးရ သုံးခုမှလက်မှတ်ရေးထိုးခဲ့ သော သဘောတူညီချက်အရ တရုတ်ပြည်မကြီး၏ တံတားအာဏာပိုင်များ အနေဖြင့် ယာဉ် အားလုံးထံမှ လမ်းတံတားဖြတ်သန်းခအား ကောက်ခံမည် ဖြစ်သည်။

ဟောင်ကောင်၊မကာအိုနှင့်တရုတ်ပြည်မကြီး၏အစိုးရများဆွေးနွေး ညှိနှိုင်းမှုပြုလုပ်ပြီးသည်နှင့်တစ်ပြိုင်နက် တရုတ်ပြည်မကြီး ဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ဖြတ်သန်းခများအား အတည်ပြုသွားမည်ဖြစ်သည်။

ဟောင်ကောင်-ကျူးဟိုင်-မကာအိုတံတားမှာ ၅၅ ကီလိုမီတာ ရှည်ပြီး ယွမ်ဘီလီယံ၁၁၀ကုန်ကျမည့် ပင်လယ်ဖြတ်ကျော် တံတားစီမံကိန်း တစ်ခုဖြစ်ပြီး ကြိုးတံတားသုံးခုနှင့် ပင်လယ်ရေအောက် ဥမင်လှိုဏ်ခေါင်း တစ်ခုပါဝင်သော ပုလဲမြစ်ဝှမ်းဒေသရှိ အဓိကမြို့ သုံးမြို့ဖြစ်သည့် ဟောင် ကောင်၊ မကာအိုနှင့် ကျူးဟိုင်မြို့တို့အား ဆက်သွယ်ထားသည့် ကမ္ဘာတွင် အရှည်ဆုံးတံတားဖြစ်သည်။

ပင်မ တံတားမှာ ၂၂ ဒသမ ၉ ကီလိုမီတာရှည်ပြီး တရုတ်ပြည်မကြီး၏ ရေပိုင်နက်တွင်တည်ရှိပြီး၊ ဟောင်ကောင်၊မကာအိုနှင့် တရုတ်ပြည်မ ကြီးကြား ခရီးသည်များနှင့် ကုန်းလမ်းကုန်စည်သယ်ယူပို့ဆောင်မှုလိုအပ် ချက်ပြည့်မီစေရန်နှင့် ဒေသသုံးခုအကြား စီးပွားရေးနှင့်ရေရှည်ဖွံ့ဖြိုး တိုးတက်မှု တိုးမြှင့်ရန် တည်ဆောက်သောတံတား တစ်စင်းဖြစ်ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

Vol: 17, No.49 Monday December 18 2017

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၈–၁၂–၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ် အနည်းငယ်ကျ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ် အနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းတစ်ပိဿာ ကျပ် ၄၆၀(တစ်တန်ကျပ် ၂၈၁၇၀၀) ဈေးရှိခဲ့ပြီး ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၁၉၈၈၂၄၆၆ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၈၄၂၀၀၇၉ပိဿာရှိခဲ့လို့ အရောင်းအဝယ် အနည်းငယ်ကျလာခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ၃၃ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပြောင်းတစ်ပိဿာ ၃၂ကျပ်ရှိခဲ့လို့ သယ်ယူပို့ဆောင်စရိတ် အနည်းငယ်ကျလာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းလုံးကြီး ဈေးတက်လာပြီး ပဲစင်းငုံနီဈေးငြိမ်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းလုံးကြီးတို့ ဈေးတက်ခဲ့ပြီး ပဲစင်းငုံနီကတော့ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၇၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၁၀ (တစ်တန် ကျပ်၅၅၇၂၇၀) ရှိခဲ့ကြောင်း သိရပါတယ်။ မြို့ခံဝယ်လက်တွေက အရည်အသွေးကောင်းကောင်း မတ်ပဲကို လိုချင်လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၃၁၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ဈေးပြန်တက်ခဲ့ပြီး တစ်ပိဿာ ၁၃၆၈ကျပ် (တစ်တန် ကျပ် ၈၃၇၇၅၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေကဝယ်ယူကြပေမယ့် ကုန်ပစ္စည်းနည်းလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၅၈၅ကျပ်(တစ်တန်ကျပ် ၃၅၈၂၄၀) ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူချင်ပေမယ့် အရောင်းနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ကျပ် ၃၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၃၃ ကျပ်(တစ်တန် ကျပ် ၁၇၉၆၁၄၀) နဲ့ ဈေးကျခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ လွန်ခဲ့တဲ့ လပိုင်းကတည်းက အရောင်းအဝယ်သွက်နေခဲ့တဲ့ မြေပဲလုံးဆန်ကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၄၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၅၀၀(တစ်တန် ကျပ် ၁၅၃၀၉၇၀) အထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်း(အညာရွှေဝါ)ဈေးတက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်း(အညာရွှေဝါ)တို့ ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၆၇ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၃၃ ကျပ် (တစ်တန် ကျပ် ၅၇၁၃၅၀)ရှိခဲ့ပြီး ပုံမှန်ဝယ်လက်ဖြစ်တဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၅၈ ကျပ် (တစ်တန်ကျပ် ၃၆၀၀၈၀)နဲ့ ဈေးမြင့်လာခဲ့တာကြောင့် ရန်ကုန်ဝယ်လက်တွေကအဝယ်နည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ)တစ်ပိဿာ ၁၄၂၂ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၄၄၀ (တစ်တန် ကျပ် ၈၈၁၈၄၀) နဲ့ ဈေးအနည်းငယ် တက်လာခဲ့ပါတယ်။ ပဲတီစိမ်း (အညာရွှေဝါ)ကို ပုံမှန်ဝယ်ယူနေတဲ့ တရုတ်ဝယ်လက်တွေက အဝယ်နည်းခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၈၄၄ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၃၀၀၀ (တစ်တန် ကျပ် ၁၈၃၇၁၇၀) နဲ့ ဈေးတက်ခဲ့ပြီး တစ်ရက်လျှင် အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ကျပ် ၃၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၀၂၂ ကျပ်(တစ်တန်ကျပ် ၁၈၅၀၆၄၀) အထိ ဈေးတက်ခဲ့ပြီး တရုတ်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစားစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၄၂၆ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ၄၄၄ကျပ်(တစ်တန်ကျပ် ၂၇၁၉၀၀)နဲ့ ဈေးပြန်တက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းတို့ ဈေးတက်နေ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းတို့ ဈေးမြင့်တက်နေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ၁၂၇၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ်၁၃၄၀ (တစ်တန် ကျပ် ၈၂၀၆၀၀) အထိ ဈေးတက်လာခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၁၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၈၅၀ (တစ်တန်ကျပ် ၅၂၀၅၃၀)အထိ ဈေးတက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၄၇၅ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၆၄၀(တစ်တန် ကျပ် ၃၉၁၉၃၀)ရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၈၄၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၃၅ကျပ်(တစ်တန် ကျပ် ၁၆၇၄၈၈၀)၊ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ကျပ် ၂၆၀၀ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၅၈၀(တစ်တန်ကျပ် ၁၅၇၉၉၆၀) ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ကျပ် ၃၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၃၅ ကျပ်(တစ်တန်ကျပ်၁၇၉၇၃၆၀)အထိ ဈေးကျခဲ့ပေမယ့် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ကျပ် ၂၇၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၅၅ ကျပ် (တစ်တန် ကျပ် ၁၆၈၇၁၃၀)ထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးမြင့်နေ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းတို့ ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ၁၃၂၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၃၆၅ ကျပ် (တစ်တန်ကျပ် ၈၃၅၉၁၀) အထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ပဲတီစိမ်းကို မန္တလေးဝယ်လက်က ဝယ်ယူမှုနည်းခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၅၅၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၆၂၅ ကျပ် (တစ်တန် ကျပ် ၃၈၂၇၄၀) နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဟော်လန်ကတော့ ဈေးကွက်ထဲမှာ လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၂၉၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၃၃၅ကျပ် (တစ်တန် ကျပ် ၁၄၂၉၉၃၀)နဲ့ ဈေးအနည်းငယ်မြင့်နေခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူမှုနည်း ခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကတော့ ယခုတစ်ပတ် မှာ ၂၃၃၅ ကျပ်(တစ်တန် ကျပ် ၁၄၂၉၉၃၀)ထိ ဈေးရှိခဲ့လို့ ယခင်တစ်ပတ် ဈေးအတိုင်း အပြောင်းအလဲမရှိခဲ့ကြောင်း သိရပါတယ်။ မြို့ခံဝယ်လက်တွေက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၇၈၀ ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ အခုတစ်ပတ်မှာ ဈေးထပ်ကျခဲ့ပြီး တစ်ပိဿာ ၂၇၃၅ ကျပ် (တစ်တန်ကျပ် ၁၆၇၄၈၈၀) ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်အနည်းငယ်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်အနည်းငယ်ကျနေကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ် တစ်အိတ်ကို မြန်မာဘက်ကမ်းတွင် ၇၅ ယွမ်မှ ရွှေလီဘက်ကမ်းတွင် ၈၂ ယွမ်နဲ့ ယခင်တစ်ပတ်က ဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ကတော့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်းတန်ချိန် ၄၈၇၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တန်ချိန် ၄၅၀၁၉ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ငွေလဲနှုန်း အနေအထားကတော့ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ကျပ်ပေါက်ဈေးရှိခဲ့လို့ ယခင်တစ်ပတ်ကအတိုင်း ငွေလဲနှုန်းဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲစင်းငုံနီ ဈေးအနည်းငယ်ကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲစင်းငုံနီဈေးအနည်းငယ်ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC)တစ်တန် ကျပ် ၅၂၄၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၄၂၀၀၀အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC)တစ်တန် ကျပ်၆၈၉၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၆၉၂၀၀၀ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီသီးနှံကတော့ ယခင်တစ်ပတ်က တစ်တန်ကျပ် ၃၇၈၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၃၇၆၀၀၀နဲ့ ဈေးအနည်းငယ်ကျလာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး အရောင်းအဝယ်များနေ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်ပစ္စည်းလက်ကျန်မရှိတော့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၉၂၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၃၅ကျပ် (တစ်တန် ကျပ် ၅၇၂၅၈၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက အဝယ်များခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဈေးကွက်အတွင်း ကုန်ပစ္စည်းလက်ကျန်မရှိတော့ကြောင်း သိရပါတယ်။




## ရွှေဘိုပေါ်ဆန်းအား ဒေသထွက်ကုန်ဆိုင်ရာ အညွှန်းရရှိရေးအတွက် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံမှထွက်ရှိသည့် ရွှေဘိုပေါ်ဆန်းကို ပထမ ဦးဆုံး ဒေသထွက်ကုန်ဆိုင်ရာ အညွှန်း (Geographical Indication) GI မှတ်ပုံတင်ရရှိရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ရွှေဘိုမြို့စက်မှုဇုန်အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ ပညာရေးဝန်ကြီးဌာန၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနမှပညာရှင် ဒေါက်တာမင်းစံသိန်း၊ ပြင်သစ်နိုင်ငံမှ GI ပညာရှင်သုံးဦးနှင့်ရွှေဘိုဒေသမှ ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ရွှေဘိုပေါ်ဆန်းအား GI ရရှိရေး အလုပ်ရုံဆွေးနွေးပွဲ၌ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ရွှေဘိုပေါ်ဆန်းကို GI လုပ်မယ်ဆိုပါက ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းကို တရားဝင်အသင်းဖြစ်အောင် အရင်ဆုံး ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ၎င်းအသင်းအနေဖြင့် ရွှေဘိုပေါ်ဆန်းဧရိယာနှင့် ရွှေဘိုပေါ်ဆန်းမျိုး သတ်မှတ်ရမှာဖြစ်ကြောင်း၊ ရွှေဘိုပေါ်ဆန်းဆန်၏ ထူးခြားကောင်းမွန်သည့် အရည်အချင်းကို သတ်မှတ်ပြီးမှသာ GI လျှောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က ရွှေဘိုပေါ်ဆန်းအသင်းအနေဖြင့် GI ရရှိရေးဆောင်ရွက်ရာ၌ အခက်အခဲများရှိပါက စည်းလုံးညီညွတ်စွာဖြေရှင်းဆောင် ရွက်သွားမှ သာ GI ရရှိနိုင်မည်ဖြစ်ကြောင်းရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့ပြင် ပြင်သစ်နိုင်ငံမှ GI ပညာရှင်များကလည်း ရွှေဘိုပေါ်ဆန်း GI ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ရွှေဘိုဒေသတွင်းမှ ပေါ်ဆန်းဆန်သုံးမျိုး၊ ရွှေဘိုဒေသပြင်ပမှ ပေါ်ဆန်းဆန်သုံးမျိုး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ ဖျာပုံ၊ ဒေးဒရဲ ဒေသသုံးခုမှ ပေါ်ဆန်း ဆန်သုံးမျိုး စုစုပေါင်းဆန်ကိုးမျိုး၏ ဆန်အရည်အသွေးနှင့် ၎င်းဆန်များအား ချက်ပြုတ်ပြီးနောက်ရရှိလာသည့် ထမင်း၏အရည်အသွေးများအား နှိုင်းယှဉ်စမ်းသပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ငွေ (ရွှေဘို)**

## နိုင်ငံတကာပင်လယ်စာ ကုန်စည်ပြပွဲ ၂၀၁၈ ကို ဆိုးလ်မြို့ရှိ COEX ၌ကျင်းပမည်

တောင်ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ COEX ပြခန်း၌၂၀၁၈ခုနှစ်၊ မေ ၉ ရက် မှ ၁၁ ရက်အထိကျင်းပမည့် ဆိုးလ်နိုင်ငံတကာ ပင်လယ်စာကုန်စည်ပြပွဲ ၂၀၁၈ (2018 Seoul International Seafood Show) သို့ မြန်မာ့ရေထွက်ကုန်လုပ်ငန်းကုမ္ပဏီများ လာရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါ ကုန်စည်ပြပွဲသို့ နိုင်ငံပေါင်း၂၀ ကျော်မှ ကုမ္ပဏီပေါင်း ၂၀၀ ကျော်နှင့် ပြခန်းပေါင်း ၄၀၀ ခန့်ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရှိရပါသည်။ ကုန်စည်ပြပွဲနှင့်တစ်ဆက်တည်းပြည်တွင်းကုန်ဝယ်သူများနှင့် နိုင်ငံတကာကုန်ဝယ်သူများ တွေ့ဆုံဆွေးနွေးမည့် စီးပွားရေးတွေ့ဆုံပွဲများ၊ ငါးလုပ်ငန်း မူဝါဒဆွေးနွေးပွဲများ၊ ပင်လယ်စာဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲများ၊ အရည်အသွေးသတ်မှတ်ချက် MSC/ASC ဆိုင်ရာဆွေးနွေးပွဲများ၊ ပင်လယ်စာချက်ပြုတ်ကြော်လှော်ပြပွဲ၊ ပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ငါး၊ ပုစွန်စားသုံးမှုသည် တစ်နေ့ထက်တစ်နေ့ မြင့်တက်လျက်ရှိနေပြီး ကိုရီးယားသမ္မတနိုင်ငံသည်လည်း ဝယ်လိုအား မြင့်မားလျက်ရှိပါသည်။ ၂၀၁၇ ခုနှစ် ဆိုးလ်နိုင်ငံတကာ ပင်လယ်စာကုန်စည်ပြပွဲသို့ လက်လီလက်ကားရောင်းဝယ်သူများ၊ ထုတ်လုပ်သူများ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်များ၊ ဖြန့်ချိသူများ၊ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ Home shopping နှင့် online store များက လာရောက်လေ့လာဝယ်ယူခဲ့ကြပါသည်။

၂၀၁၈ ခုနှစ်၊ ဆိုးလ်နိုင်ငံတကာပင်လယ်စာကုန်စည်ပြပွဲသို့ နိုင်ငံတကာလုပ်ငန်းများမှ ငါး၊ ပုစွန်အရှင်များ၊ အေးခဲငါးပုစွန်များ၊ ငါးပုစွန်အခြောက်နှင့် ဆားနယ်များ၊ ဆူရှီမီ၊ ရေညှိ၊ ပင်လယ်စာအခြေခံအဆာပြေမုန့်၊ စည်သွပ်ဘူး၊ ready to eat နှင့် ready to cook ပြုပြင်ထုတ်လုပ်နေသည့် ကုမ္ပဏီများအပြင် အအေးခန်းသုံးပစ္စည်းများ၊ ပြုပြင်ထုပ်ပိုးခြင်းဆိုင်ရာ စက်ကိရိယာများပါဝင်ပြသမည်ဖြစ် ကြောင်း သိရှိရပါသည်။

ယခုနှစ် ဆိုးလ်နိုင်ငံတကာ ပင်လယ်စာကုန်စည်ပြပွဲ ၂၀၁၈ (2018 Seoul International Seafood Show) သို့သွားရောက်ပြသလိုသည့် ရေထွက်ကုန်လုပ်ငန်းကုမ္ပဏီများအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲဖုန်း ၀၆၇-၄၃၀၄၄၆၊ ဖက်စ် ၀၆၇-၄၃၀၁၂၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

## ကယားပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ (၉/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့ရဲ့ (၉/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၈ ရက်တွင် ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ပါတယ်။ အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက ယခင်လ(၈/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနဲ့ ယခင်အစည်းအဝေးက ဆက်လက်ဆွေးနွေးရမယ့် အခြေခံပညာကျောင်းများမှာ မြန်မာဘာသာဖြင့် ဖော်ပြထားသော စားသောက်ကုန်များသာ ရောင်းချစေဖို့နဲ့ တရုတ်ဘာသာဖြင့် ဖော်ပြထားသော မုန့်များမရောင်းချစေရေး၊ ဒေသတွင်း စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများအား မိမိထုတ်လုပ်ရောင်းချသော ကုန်ပစ္စည်းများအား မိမိကုန်စည်နှင့်ကိုက်ညီတဲ့ ကုန်အညွှန်းအမှတ်အသားများ တိကျမှန်ကန်စွာဖော်ပြနိုင်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များမှ ပဲစင်းငုံ Value added ထုတ်လုပ်ရေးနဲ့ ရှေ့ဆက်လက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းတဲ့ စားသောက်ကုန်သာမကဝန်ဆောင်မှုပါ အပြည့်အဝရှိစေဖို့ ဝန်ဆောင်မှုပေးသော လုပ်ငန်းရှင်များကို ပညာပေးဆောင်ရွက်မှုများ အလေးထားဆောင်ရွက်မယ့် အစီအမံများကိုလည်းကောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက်လည်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းဆောင်ရွက်မယ့်အစီအမံများကိုလည်းကောင်း၊ ဒေသခံတောင်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ကုန်သွယ်မှုလုပ်ငန်းအစီအမံများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ကော်မတီနှစ်ရပ်တို့မှ အဖွဲ့ဝင်များကလည်း တင်ပြဆွေးနွေးမှုများအပေါ် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အသီးသီးအကြံပြုဆွေးနွေးခဲ့ကြပါတယ်။

**မိုင်သိဂ်ီလင်း(စားသုံးသူ၊ကယား)**

## ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် Food Security Working Group တို့ပူးပေါင်း၍ ပဲစင်းငုံတန်ဖိုးမြှင့်ထုတ်လုပ်မှု ၁/၂၀၁၇ သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Food Security Working Group) တို့ပူးပေါင်း၍ ပြည်တွင်းထွက် ပဲစင်းငုံ အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းအမှတ်စဉ် ၁/၂၀၁၇ ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၈ ရက်တွင် တိုင်းဦးစီးမှူးရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဘဟိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဆားလုပ်ငန်းဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ FDA၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူ၊ သင်တန်းသားများတက်ရောက်ခဲ့ပါသည်။

သင်တန်းတွင် အစားအစာများ၌ ကျရောက်တတ်သော ဘေးအန္တရာယ်၊ အစားအစာများဘေးအန္တရာယ်ကင်းရှင်းစေရန်လိုအပ်ချက်များ၊ သီးနှံပျက်စီးရသောအကြောင်းရင်း၊ သီးနှံများတာရှည်ခံပြုပြင်ထုတ်လုပ်သည့် နည်းလမ်းများ၊ တာရှည်ခံ ဓာတုဆေးဝါးများအကြောင်း၊ ဆန်မှုန့်အခြေခံကိတ်အမျိုးမျိုးနှင့် ပဲစင်းငုံအခြေခံစားသောက်ကုန်များဖြစ်သော အာဟာရပြည့်ပဲခေါက်ဆွဲ၊ အာဟာရမှုန့်၊ ပဲယို၊ ပဲကိတ်လိပ်၊ ပဲကွတ်ကီး၊ ပဲမုန့်၊ ပဲချောင်းအဆိမ့်၊ ပဲရွှေကြည်၊ ဆနွင်းမကင်း၊ ပဲစင်းငုံပူတင်း၊ ပြောင်းဖူးပေါက်ပေါက် ပြုလုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။ ပြည်တွင်း၌ ရာသီအလိုက်ထွက်ရှိသော ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံကုန်ကြမ်းများမှ အရည်အသွေးကောင်းမွန်၍ သန့်ရှင်းပြီး အာဟာရဓာတ်ပြည့်ဝသည့် စားသောက်ကုန်များထုတ်လုပ်နိုင်စေရန်နှင့် One Village One Prouduct အဖြစ်ထုတ်ကုန်အသစ်များပေါ်ထွက်လာစေရန်၊ အိမ်တွင်းပြုလုပ်စားသုံးရန်သာမက စီးပွားဖြစ်ဆိုင်ဖွင့်လှစ်ရောင်းချနိုင်ရေး၊ ဒေသတွင်းဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝ၍ဈေးနှုန်းချိုသာသော စားသောက်ကုန်များ စားသုံးနိုင်လာခြင်းနှင့် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ယခုလို ပြည်တွင်းထွက်ပဲစင်းငုံနှင့် အခြားမုန့်မျိုးစုံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၈ ရက်မှ ၁၄ရက်အထိဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## တရုတ်နိုင်ငံသို့ ဝဥခြောက် ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၅၀ သန်းတန်ဖိုးရှိ ဝဥခြောက် ၈၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း ၇၇ တန် တင်ပို့ခဲ့တဲ့အတွက် မူဆယ်မှ တစ်ဆင့် ဝဥခြောက်ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။

ဝဥကို အစားအစာများ၊ မုန့်များလုပ်ရာတွင် ထည့်သွင်းအသုံးပြုခြင်း၊ ခေါက်ဆွဲပြုလုပ်ခြင်း၊ ပြုတ်၍သုပ်စားခြင်းနဲ့ အသားတုပြုလုပ်ကာ စားသုံးကြသည်။ ထို့ပြင် ဝဥသည် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ အူမကြီးရောဂါ၊ အဝလွန်ရောဂါများကို တိုက်ဖျက်ကာကွယ်ပေးကြောင်း အဆီကျစေတဲ့ အာနိသင်ရှိပြီး ကိုလက်စထရောကိုလည်း ကျစေတာကြောင့် ဆေးဝါးများဖော်စပ်ရာမှာလည်း အသုံးပြုကြောင်းသိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၆၀ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၆၄၆ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၃၁၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၂၇ တန်ကျော် ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၀၇၄ သန်း ပိုမိုခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ကင်းမွန်ခြောက်နဲ့ ပုစွန်ဖွဲ့ ပိုမိုတင်ပို့ခဲ့ခြင်းကြောင့် ယခုလို တန်ချိန်ရော၊ တန်ဖိုးပါ ပိုမိုခဲ့တာဖြစ်ကြောင်း တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ကဏန်းတစ်တန်လျှင် ယွမ် ၃၉၉၀၀ နဲ့ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၁၀၀၀ ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ဖရဲသီး ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉၅ သန်းတန်ဖိုးရှိ ဖရဲသီးတန် ၂၃၁၀၀ ကိုလည်းကောင်း၊ ကန်ပိုက်တီမှ အမေရိကန်ဒေါ်လာ ၂၀၉၃ တန်ဖိုးရှိ ဖရဲသီး ၂၂ တန်ကိုလည်းကောင်း တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီမှ ဖရဲတင်ပို့မှုမရှိဘဲ မူဆယ်မှ တန် ၁၉၂၀၀၊ ချင်းရွှေဟော်မှ ၅၄ တန်ခွဲနဲ့ လွယ်ဂျယ်မှ ၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ဖရဲသီးပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ဈေးကွက်မှာ နိုဝင်ဘာလက တစ်တန်လျှင်ယွမ် ၂၆၀၀ မှ ၃၀၀၀ ကြားရှိခဲ့ပြီး နိုဝင်ဘာလကုန်ပိုင်းမှာ ယွမ် ၁၇၀၀ မှ ယွမ် ၂၃၀၀ ကြားသာရှိတော့ကြောင်း၊ အရည်အသွေးပိုင်းမှာ ယခင်အသီးတွေထက်လျော့ကျပြီး မူဆယ်သို့ ကားအဝင်များလာတဲ့အတွက် ယခုလိုဈေးကျဆင်းရတာဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီခြင်းမရှိသေးတဲ့ အသီးတွေကို အချိန်မတိုင်ခင် ဆွတ်ခူးရောင်းချတာကြောင့် သစ်သီးဈေးကွက်ကျဆင်းရတာဖြစ်ကြောင်း ကုန်သည်အချို့ထံမှ သိရပါတယ်။

**မော်မော်အောင်**

## ပြည်ပမှ ဆိုင်ကယ်များ ပိုမိုတင်သွင်း

ကုန်သွယ်ရေးဇုန်များနဲ့ ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်ထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၃၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၉၆၉၄ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၃၅၉ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၃၃၅ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကော့သောင်းကုန်သွယ်ရေးစခန်း၊ တမူးကုန်သွယ်ရေးစခန်း၊ မြဝတီကုန်သွယ်ရေးဇုန်တို့မှ ဆိုင်ကယ်များတင်သွင်းမှု လျော့နည်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်မှဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။ တင်ပို့မှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၉၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၁၂၂ စီး၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၄၅ စီး၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ငါးစီး၊ မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ၄၁၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၅၀၉ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၄၄ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၂ မျိုး၊ တန်ချိန်အားဖြင့် ၃၃၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၈၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၅ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ဆီးဆန်၊ နနွင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ မာလာဥ၊ ဝဥခြောက်နဲ့ ချဉ်ပေါင်ဖာလာ အခွံ(ပါ/မပါတို့ ဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ တောင်လုံးကျော် ၄၃ ကီလိုဂရမ်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းစုံမှ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၅၆ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၅၀၄၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၄၃၃၈၄ တန်ခွဲ၊ လွယ်ဂျယ်မှ ၁၀၄၆ တန်၊ ချင်းရွှေဟော်မှ ၅၆၈ တန် ကျော်နဲ့ ကန်ပိုက်တီမှ တန် ၅၀ ဖြစ်ပါ တယ်။ ယခင်သီတင်းပတ်က အဆိုပါ စခန်းလေးခုပေါင်းမှ ပြောင်းဖူးစေ့ ၅၃၉၀၈တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ပြောင်း ၈၈၆၀ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၈၂၂၀၉ ကျပ်ရှိရာမှ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း ၂၈၁၆၃၃ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ပြောင်း ကားစီးရေ ၁၅၀၁ စီးဝင်ရောက်ခဲ့ကြောင်း၊ မန္တလေး-မူဆယ် ကုန်သယ်ယူခစရိတ်မှာပြောင်းတစ်ပိဿာကို ၆၀-၇၀ ကျပ်ရှိကြောင်း၊ ယခုတစ်ပတ်တွင် အသေးစိတ် စစ်ဆေးတားဆီးမှုများရှိနေသော်လည်း တစ်ဖက်နိုင်ငံသို့ ဆန်၊ ပြောင်းကားများ ပုံမှန်သွားလာလျက်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

## မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန် တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂ ရက်မှ ၈ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၈၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၅၄၇၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၅၁၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၄၂ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နှင့် မြိတ်ကုန်သွယ်ရေး စခန်းများမှ ရေထွက်ကုန်ပိုမို တင်ပို့နိုင်သော်လည်း ကော့သောင်းကုန်သွယ်ရေး စခန်းမှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ငါးအသားလွှာတို့ကို ၁၆၄ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်း၊ ပုစွန်၊ အခြားရေထွက်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်တို့ကို ၂၇၀၈ တန် မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၃၂ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးအသားလွှာ၊ ကဏန်းပျော့၊ ငါးမှုန့်၊ ကင်းမွန်၊ အေးခဲပုစွန်၊ မွေးပုစွန်၊ ကဏန်းနီ၊ ငါးခြောက်၊ ရေငန်ပုစွန်တို့ကို ၂၅၉၉ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## စစ်တွေ ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် တင်ပို့မှုကျဆင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်ထိသီတင်းပတ် အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၂ သန်းတန်ဖိုးရှိရေထွက် ကုန် ၉၉ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆ တန်ခန့် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၇ သန်း တန်ဖိုးရှိ ငါးမြစ်ချင်း ၉၄ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်း တန်ဖိုးရှိ ငါးခေါင်းပွ ၂ တန်ကျော်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းတန်ဖိုးရှိ ငါးသလောက်၂ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၈ သန်းတန်ဖိုးရှိ ဧည့်မထ ၂၅ မှတ်ဆန်၊ မန်ကျည်းစေ့၊ ဆီးယိုထုပ်တို့ကို တန် ၃၄၀ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်ထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၇၇၄ သန်း တန်ဖိုးရှိ ကွမ်းသီး ၉၃၁ တန်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၃၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၀၃ တန်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းမှပါ ကွမ်းသီးများ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၃ သန်း တန်ဖိုးရှိ ကွမ်းသီးတန် ၆၀၀ ကျော်၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၉၁ သန်း တန်ဖိုးရှိ ကွမ်းသီး ၃၃၁ တန်ကိုတင်ပို့ခဲ့ပါတယ်။

တမူး ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၀ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ စီးကရက်၊ ဘိလပ်မြေတို့ကိုတန် ၁၂၀ ကျော်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၇ သန်းတန်ဖိုးရှိ စောင်၊ မုန့်မျိုးစုံ၊ မစီးဖိနပ်၊ မဝတ်တီ ရှပ်တို့ကို ၆၈ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့ဆောင်ရွက်သွားရန်လိုအပ်

[ လှစိုး(ရှမ်းအရှေ့) ]

ကော်ဖီသည် ဈေးကွက်ဝင်နှစ်ရှည်စက်မှုသီးနှံတစ်မျိုးဖြစ်ကာ ကမ္ဘာမှာ လူအများနှစ်ခြိုက်စွာ သောက်သုံးတဲ့ စားသုံးသီးနှံတစ်မျိုးဖြစ်သည်။ နှစ်စဉ်ကမ္ဘာတွင် ကော်ဖီသောက်သုံးမှု တိုးတက်လျက်ရှိသည့်အတွက် နိုင်ငံအများအပြားတွင်လည်း အရည်အသွေးကောင်းသည့် ကော်ဖီအမျိုးအစားများကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ ၁၀ နိုင်ငံ၏ နေ့စဉ် ကော်ဖီသောက်သုံးမှုဦးရေသည် ၂ ဒသမ၅ ဘီလီယံရှိသည်။ ကမ္ဘာတွင် ဖင်လန်နိုင်ငံသည် ကော်ဖီသောက်သုံးမှု အများဆုံးဖြစ်ပြီး တစ်နှစ်လျှင်လူတစ်ဦးသည် ၁၂ ကီလိုဂရမ် သောက်သုံးကာ နယ်သာလန် နိုင်ငံသည် ၉ ဒသမ ၉ ကီလိုဂရမ် သောက်သုံးပါသည်။ အမေရိကန်နိုင်ငံသည် အပတ်စဉ် တနင်္ဂနွေနေ့ကို ကော်ဖီသောက်သုံးသည့်နေ့အဖြစ် သတ်မှတ်ထားကြောင်းလည်း သိရှိရပါသည်။

ကော်ဖီ၏မူရင်းဒေသမှာ အာဖရိကတိုက်ရှိ အီသီယိုးပီးယားနိုင်ငံဖြစ်ပြီး မျိုးရင်းအမည်မှာ Rubiaceac ဖြစ်ပြီး အေဒီ ၈၅၀ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ ယင်းနောက် အေဒီ ၁၅ ရာစုတွင် အာရေဗျတောင်ပိုင်းရှိ ယီမင်နိုင်ငံတွင် ကုန်သည်များက ကော်ဖီစေ့ကို စတင်စိုက်ပျိုးခဲ့ကြပြီး သောက်သုံးခဲ့ရာမှ အစပြုကာ ယနေ့ကမ္ဘာ့နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်လာကြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကော်ဖီသမိုင်းကိုလေ့လာကြည့်လျှင် ၁၈၈၅ ခုနှစ် အင်္ဂလိပ်ကိုလိုနီတို့နှင့်အတူ မြိတ်၊ ထားဝယ်၊ တနင်္သာရီဒေသ၊ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်း၊ ရွာငံဒေသများနှင့် မန္တလေးတိုင်း ပြင်ဦးလွင်ဒေသတို့မှ စတင်ခဲ့ကာ ၁၉၃၀ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုဒေသတို့တွင် စီးပွားဖြစ် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ စတင်ထွန်းကားခဲ့ရာမှ ယခုဆိုလျှင် ရွာငံကော်ဖီသည် ကမ္ဘာ့အထူးတန်းဝင်ကော်ဖီအဖြစ် ဈေးကွက်သတ်မှတ်ခံထားရကာ မြန်မာ့ကော်ဖီကို နိုင်ငံတကာ ဝယ်လက်များက စိတ်ဝင်စားလာခဲ့ကြကြောင်း သိရှိရပါသည်။

ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ၂၀၁၆ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံသည် ၆၀ ကီလိုအိတ်ပေါင်း ၅၅ သန်းထုတ်လုပ်နိုင်ခဲ့ကာ ဗီယက်နမ်နိုင်ငံသည်၂၅ ဒသမ ၅ သန်းနှင့် ဒုတိယနေရာတွင်ရပ်တည်လျက်ရှိသည်။ နိုင်ငံတကာ ကော်ဖီအဖွဲ့အစည်းအနေဖြင့် ၂၀၁၆-၂၀၁၇ ကော်ဖီရာသီနှစ်တွင် ကမ္ဘာ့ကော်ဖီ ထုတ်လုပ်မှုကို ၆၀ ကီလိုအိတ်ပေါင်း ၁၅၃ ဒသမ ၉ သန်း ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားခဲ့သည်။ အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည်ကော်ဖီစေ့လှော်တင်ပို့ရာတွင် ထိပ်ဆုံးနေရာသို့ ရောက်ရှိနေပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုကဏ္ဍများတွင် ကော်ဖီကို လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ် အမျိုးမျိုးအတွက် မဟာဗျူဟာ၊ မူဝါဒများချမှတ် ဆောင်ရွက်ရန်ဖြစ်ပြီး ၂၀၁၅ မှ ၂၀၃၅ ခုနှစ်အထိ ဆောင်ရွက်ရန် ချမှတ်ထားသော အမျိုးသားပင်မဖွံ့ဖြိုးရေးစီမံကိန်းတွင် ဦးစားပေးကဏ္ဍတစ်ခုအဖြစ်ပါဝင်ကြောင်း၊ ၎င်းအပြင်ကော်ဖီကို သောက်သုံးရန်အတွက်သာမက တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အလှကုန်၊ ဆေးဝါးနှင့် အချို့အစားအစာတွေမှာ အနံ့အရသာအဖြစ် ထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ဘရာဇီး၊ ဗီယက်နမ်၊ ကိုလံဘီယာနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ထုတ်လုပ်မှုတွင် ဦးဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးပြီး တစ်နိုင်ငံလုံးခန့်မှန်းကော်ဖီစိုက်ဧက ၇၀၀၀၀ ဝန်းကျင်ရှိပြီး အာရေဗီးကား၊ ရိုဘတ်စတာ စသည့် အရည်အသွေးမြင့်ကော်ဖီအမျိုးအစားများကို အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှားနှင့် တရုတ် နိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့်လည်းကောင်း၊ နိုင်ငံတကာသို့ ပင်လယ်ရေကြောင်းမှ တင်ပို့လျက်ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃၈ သန်းဖိုးရှိ ကော်ဖီတန် ၈၆၀ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မေလအတွင်း ပင်လယ်ရေကြောင်းမှ ၆၃ ဒသမ ၅၅၀ ကီလိုတင်ပို့ခဲ့ပြီးနယ်စပ်မှ ၈၆ ဒသမ ၈၂၅ ကီလို တင်ပို့နိုင်ခဲ့သည့်အတွက် ယခင်ဘဏ္ဍာနှစ် အလားတူကာလအတွင်း ပင်လယ်ရေကြောင်းမှ ၇၁ ဒသမ ၄၂ ကီလိုလျော့နည်းခဲ့ပြီး နယ်စပ်မှ ၅၃ ဒသမ ၃၂၅ ကီလို ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ယင်းဘဏ္ဍာနှစ်၏ ပထမငါးလအတွင်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းတန်ဖိုး ထုတ်လုပ်နိုင်ခဲ့ကာ ကော်ဖီ အရည်အသွေးပေါ်အခြေခံ၍ တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၃၀၀၀ မှ ၇၀၀၀ ထိ ဈေးရှိခဲ့ပါသည်။ ကမ္ဘာ့ဈေးအကြီးဆုံးကော်ဖီအမျိုးအစားထဲတွင် အဆင့်တစ်သည် အင်ဒိုနီးရှားနိုင်ငံမှ ထုတ်လုပ်သည့် Luwak Coffee သည် တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁၆၀ ရှိကာ ပနားမားနိုင်ငံမှ ထုတ်လုပ်သည့် Hacienda La Esmeralda ကော်ဖီသည် အဆင့် ၂ နေရာတွင်ရှိကာ တစ်ပေါင်လျှင် ၁၀၄ အမေရိကန်ဒေါ်လာရှိပါသည်။ ကမ္ဘာ့ကော်ဖီဈေးကွက်နှင့်ယှဉ်လျှင် မြန်မာ့ကော်ဖီသည် နိုင်ငံတကာဈေးကွက်သို့ တက်လှမ်းနိုင်သော်လည်း ဈေးနိမ့်ကျလျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်မှုနှင့် နည်းပညာအရင်းအနှီးများ များစွာလိုအပ်နေကြောင်း တွေ့ရှိရပါသည်။ အမေရိကန်နိုင်ငံသည် အာရေဗီးကား၊ ရိုဘတ်စတာ ကော်ဖီမျိုးတွေကို ဈေးကွက်ထဲမှာ ရောင်းချနေတာကြောင့် ရောင်းလိုအားကျဆင်းလျက်ရှိပြီး လက်တင်အမေရိကတိုက်ရှိ ကော်ဖီစိုက်ပျိုးသည့် ပြည်နယ်များတွင်လည်း မိုးခေါင်မှုကို ရေရှည်ခံစားနေရကြောင်း၊ သိုလှောင်မှု လျော့နည်းနေတာကြောင့် ၂၀၁၇ ခုနှစ် နှစ်လယ်ခန့်တွင် တစ်ပေါင်လျှင် ၁ ဒသမ ၅ ဒေါ်လာသို့ မြင့်တက်ခဲ့သည့်အတွက် ဝယ်လိုအားများပြီး ရောင်းလိုအား ကျဆင်းနေကြောင်း၊ ထို့ကြောင့် အနာဂတ်အတွက်ဖြစ်နိုင်သည့် အခြေအနေတစ်ရပ်ကို စဉ်းစားဆုံးဖြတ်စေလိုကြောင်း ကမ္ဘာ့ကော်ဖီဈေးကွက်တွင် သုံးသပ်လျက်ရှိသည်။

မြန်မာ့ကော်ဖီသည် နိုင်ငံတကာဈေးကွက်တွင် နေရာရရှိနေပြီးဖြစ်လို့ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ဦးစွာမြှင့်တင်ကြရမည်ဖြစ်သည်။ ထို့ပြင် ကော်ဖီစိုက်ပျိုးမှုနည်းပညာ၊ အရင်းအနှီးများ၊ ဈေးကွက် သတင်းအချက်အလက်များကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သည်။ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း ကဏ္ဍအလိုက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ကော်ဖီကို စီမံကိန်းဝင်ပို့ကုန်သီးနှံအဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံကော်ဖီအသင်းအနေဖြင့်လည်း မြန်မာ့ကော်ဖီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ရယူဆောင်ရွက်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ကော်ဖီ အဆင့်အတန်းမြင့်မားရေး၊ ဈေးကွက် တည်တံ့ခိုင်မြဲရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာ အဆင့်အတန်းမြင့်မားရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် အလားအလာများကို ဖော်ထုတ်ဆွေးနွေးခြင်းနှင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်အတွက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မဟာဗျူဟာစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိနေခြင်းကြောင့် မြန်မာ့ကော်ဖီအခန်းကဏ္ဍသည် ရေရှည် ဖွံ့ဖြိုးတိုးတက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့်နီးစပ်သည့် နယ်စပ်ဒေသများသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်ဖြစ်ထွန်းနိုင်မည့် အလားအလာကောင်းများရှိနေသည့်အတွက် အရည်အသွေးမီ ဈေးကွက်ဝင်ကော်ဖီမျိုးများကို ရေမြေရာသီဥတုနှင့် ကိုက်ညီစွာ တိုးချဲ့စိုက်ပျိုးထုတ်လုပ်လာနိုင်ရန် စိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များအား ဆွဲဆောင်စည်းရုံးဆောင်ရွက်သွားခြင်းဖြင့် မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်သွားကြရမည်ဖြစ်ပါသည်။ အလားတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း၌လည်း အာရေဗီးကား ကော်ဖီစိုက်ပျိုး ထုတ်လုပ်သွားရန် ဧက ၂၀၀၀၀ ကျော်အား ငါးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးရေး လုပ်ငန်းရှင်များက စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ဒေသရှိမိသားစုဝင်တစ်စုလျှင် အပင် ၁၀၀၀၀ မှ ၂၀၀၀၀ ကြား အခမဲ့ ဖြန့်ဝေစိုက်ပျိုးစေကာ ဒေသပေါက်ဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူ၍ ထိုင်းနိုင်ငံမှတစ်ဆင့် ဥရောပဈေးကွက်သို့ထိုးဖောက်ရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဒေသရှိ အိမ်ခြေ ၁၁၀၀၀ ခန့်၊ ကျေးရွာပေါင်း ၃၀ ကျော်ရှိ လူဦးရေ ၆၀၀၀ ခန့်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်တော့မည်ဖြစ်ပါသည်။

ထို့ကြောင့် ဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်အောင် စည်းရုံးဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများရှိ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေကာ မူးယစ်ဆေးဝါးနှင့် ဘိန်းအစားထိုးသီးနှံများအဖြစ်လည်း တိုးချဲ့ စိုက်ပျိုးရာရောက်သည့်အပြင် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်မည့်အပြင် ကုန်သွယ်မှုကဏ္ဍများပါ တိုးတက်လာအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

## ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ် ငွေသာခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနသည် ဒီဇင်ဘာ ၁၅ ရက်တွင် ဆားလင်းကြီးမြို့နယ်၊ ငွေသာခန်းမတွင် ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ရပ်ကွက် သုံးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် ခရိုင်ဦးစီးမှူး ဦးဖေသန်းဝင်းက စားသုံးသူအကြောင်း သိကောင်းစရာများ၊ စားသုံးသူနှင့် လုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်များအကြောင်းကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင့်လွင်၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဒေါ်ကျော့ယဉ်ဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးငွေလမင်းမြင့်တို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းနှင့်ပတ်သက်၍ ၎င်းတို့ဌာနမှ ပါဝင်ဆောင်ရွက်နေမှုများကို ဖြည့်စွက်ဟောပြောခဲ့ကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ဆားလင်းကြီးမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စားသုံးသူရေးရာမိတ်ဖက်ဌာနများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးစာရေးများ စုစုပေါင်း အင်အား ၁၄၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ခိုင်မို့မို့ (မြင်းမူ)



# GLORIOUS WHITE HOUSE

## M&E ENGINEERING CO.,LTD

GWH

M & E SOLUTIONS

We provide planning advice within the costruction industry.Focusing in particular with M.E.P (Mechinal, Electrical, Plumbing) aspect of a costruction, we help our clients to meet the ever-increasing demands for better value and faster construction.

## MEP Service

Design, Installation, Testing & Commissioning of MEP Works

## Electrical

Power Distribution Systems* Lighting Control * Power Generation * ELV System * Structural Cabling* MATV System*Integrated Security System* PA System* CCTV* Fire Detection & Alarm* Access Control

## Mechanical

HVAC * Building Automation* District Cooling Plants* Industrial& Process Sevices* Plants &Machinery Installation * Refrigeration *Fire Fighting .

## PLUMBING

Hot &Cold Water Supply System* Irrigation System * Swmming Pool* Drainage * Sanitation* Rain Water* Sewage Treatment.

Design, Supply & Installation of MEP all services



Central Hotel (Ngwe Saung) Project

Installation of Plumbing & Sanitary Service



Junction City (Hotel) Project

Installation of Electrical (HT&LT) service



Ajinomoto Factory Project (Thilawa)

Design, Supply & Installation of MEP all services



Matsunaga Factory Project (Thilawa)

Installation of Electrical (LT) service



Sule Square Office Tower

Supply & Installation of MEP all services



Black Canyon Stores (Yangon)

Installation of P&S and Fire Fighting Services



Yakult Factory Project (Thilawa)

Supply & Installation of MEP all services



Burger King + Thai Express Stores (Yangon)

Design, Supply & Installation of MEP all services




Bluescope Factory Project (Thilawa)

Installation of Electrical (HT&LT) service




Volkswagen Show Room Project

Supply & Installation of P&S and Fire Fighting Services



SICC Project

Installation of Electrical (LT) service



Infinity Residence Project

No.5/A, Mya Wutt Yi Street, Quarter 13, Yankin Tsp., Yangon, Myanmar.
Office : (+95) 9 250 41 2255, (+95) 9 790 41 2255, (+95) 9 970 41 2255
Email : info@gwhengineering.com , Website : www.gwhengineering.com

# PHYO SERVICES CO.,LTD.

## CAR SHOWROOM & SALES CENTER



Address : No. 67-B/1, Pho Sein Road, Bahan Township, Yangon.
Tel : 01-546102, 548069

# GLOBAL FIRE ALARM CO., LTD

No.870,MaharBawga Street, Ward-8, Mayangone Township, Yangon.
E-mail: info@globalfirealarm.com, Phone (+95) 925 925 5514, 978 003 2977

*Available Services*

- Material Supply
- Consultation Services
- Design Services
- Installation Services
- Maintenence Services
- Inspection Services



CONVENTIONAL & ADDRESSABLE FIRE ALARM EQUIPMENT



Sprinkler System



Hydrant, Dry Riser, Wet Riser, Hose Reel System



Fire Pumps



Grooved Fittings



Kitchen Hood



FM 200 & NOVEC 1230



Vesda System





Fire Protection is only what we belong to
MATERIALS SERVICES MANPOWER

# ဥရောပသမဂ္ဂနိုင်ငံများတွင် ဒစ်ဂျစ်တယ်ခေတ် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာစေရန် စည်းမျဉ်းများချမှတ်ကျင့်သုံး

ဥရောပသမဂ္ဂနိုင်ငံများတွင် ဒစ်ဂျစ်တယ်ခေတ် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာစေရန် ဥပဒေတွန်းအားပေး ဆောင်ရွက်မှုအနေဖြင့် ဥရောပသမဂ္ဂကောင်စီမှ စည်းမျဉ်းများချမှတ်ခဲ့ပါသည်။ အဆိုပါစည်းမျဉ်းများအရ ဥရောပသမဂ္ဂနိုင်ငံများ၏ စားသုံးသူဥပဒေနှင့်အညီ စားသုံးသူများအတွက် နိုင်ငံဖြတ်ကျော် ဥပဒေချိုးဖောက်မှုများကြောင့် နစ်နာမှုများကိုလျော့နည်းစေရန် ပူးပေါင်းဆောင်ရွက်သောယန္တရားကို ခေတ်နှင့်အညီပြင်ဆင်ခဲ့ပါသည်။ ဒစ်ဂျစ်တယ်စီးပွားရေး၏ စိန်ခေါ်မှုများနှင့်အတူ နိုင်ငံဖြတ်ကျော်လက်လီကုန်သွယ်မှုတို့ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဥရောပသမဂ္ဂနိုင်ငံများတွင် ထိရောက်သော စားသုံးသူအကာအကွယ်ပေးရန်လိုအပ်လာပါသည်။ ထို့ပြင် စည်းမျဉ်းသစ်များအရ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှုကို တိုးတက်လာစေခဲ့ပါသည်။

ဥရောပသမဂ္ဂနိုင်ငံများတွင် စားသုံးသူ အကာအကွယ်ပေးရေးမူဘောင် ပြန်လည်ပြင်ဆင် သတ်မှတ်ခြင်းသည် ဒစ်ဂျစ်တယ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အစိုးရအာဏာပိုင်အဖွဲ့အစည်းများ၏ အခွင့်အာဏာကို ပိုမိုကျယ်ပြန့်တိုးတက်စေခဲ့သည်။ ဥရောပသမဂ္ဂနိုင်ငံများတွင် စားသုံးသူအခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်ခဲ့ပါက အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ကော်မရှင်တို့သည် ယင်းသို့ချိုးဖောက်မှုများ ရပ်တန့်သွားစေရန် ညှိနှိုင်းဆောင်ရွက်ကြ သည်။ သို့ရာတွင် နိုင်ငံဖြတ်ကျော်ချိုးဖောက်မှုများ အထူးသဖြင့် ဒစ်ဂျစ်တယ်နယ်ပယ်၌ ချိုးဖောက်မှုများတွင် ဥပဒေတွန်းအားပေးဆောင်ရွက်မှုများမှာ ထိရောက်မှုအားနည်းသဖြင့် ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော်လုပ်ငန်းများတွင် ဥပဒေကိုလိုက်နာသော ကုန်သည်များနှင့် မလိုက်နာသော ကုန်သည်များအကြား ယှဉ်ပြိုင်မှုကို ကစဉ့်ကလျားဖြစ်စေကာ စားသုံးသူများကိုလည်း တိုက်ရိုက်နစ်နာစေပြီး ဒစ်ဂျစ်တယ်ဈေးကွက်တွင် စားသုံးသူများ၏ယုံကြည်မှုကိုလည်း လျော့နည်းစေခဲ့သည်။ သို့ဖြစ်ရာ ဥရောပသမဂ္ဂရှုထောင့်အနေဖြင့် ဥရောပသမဂ္ဂနိုင်ငံများအတွင်း ကျယ်ပြန့်သောချိုးဖောက်မှုများကို ရှာဖွေဖော်ထုတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ရပ်တန့်စေခြင်းစသည့် ထိရောက်၍အရည်အသွေးပြည့်ဝသော ဥပဒေတွန်းအားပေးဆောင်ရွက်သည့်လုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်မှုကို တစ်ပြေးညီ တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါသည်။

ဥရောပသမဂ္ဂ၏ စည်းမျဉ်းသစ်အရ ဥပဒေချိုးဖောက်မှုများအတွက် ညှိနှိုင်းဆောင်ရွက်ရာတွင် တစ်ပြေးညီရှိစေရန်နှင့်ထိရောက်မှုရှိစေရန် နိုင်ငံအသီးသီးမှ အာဏာပိုင်များသည် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေတွန်းအားပေးဆောင်ရွက်မှု အခွင့်အာဏာများကို လည်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ အဆိုပါအခွင့်အာဏာများအရ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အဆင့်အတန်းမြင့်မားစေခြင်း၊ စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်စေခြင်းနှင့် သတင်းအချက်အလက်များကို လွတ်လပ်စွာ ဖြန့်ဝေပေးခြင်းစသည့် စားသုံးသူတို့၏ အခြေခံအခွင့်အရေးများကို အကာအကွယ်ပေးထားပြီး စားသုံးသူများ၏ အကျိုးစီးပွားများအကြား ချိန်ခွင်လျှာညီမျှမှုများကို ဖြစ်စေပါသည်။ အာဏာပိုင်အဖွဲ့အစည်းများအကြား နှစ်ဦးနှစ်ဖက် အပြန်အလှန် အကူအညီပေးအပ်သည့် ယန္တရားတည်ထောင်ခြင်းဖြင့် ဥရောပသမဂ္ဂနိုင်ငံများအတွင်း ဥပဒေချိုးဖောက်မှုများ ဖြစ်ပေါ်ခဲ့ပါက ရပ်တန့်နိုင်ရေးအတွက် ရည်ရွယ်ပါသည်။

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ ကော်မရှင်နှင့် အခြားအာဏာပိုင်အဖွဲ့အစည်းများသို့ သတိပေးလှုံ့ဆော်သည့်ယန္တရားကို ဖြစ်ထွန်းတိုးတက်စေခြင်းဖြင့် ဥရောပသမဂ္ဂနိုင်ငံတစ်နိုင်ငံအတွင်း အခြားဥရောပသမဂ္ဂနိုင်ငံများမှ စားသုံးသူတို့၏ အကျိုးစီးပွားကို အကျိုးသက်ရောက်စေသော ဥပဒေချိုးဖောက်မှုတစ်စုံတစ်ရာဖြစ်ပေါ်သည်ဟု သံသယရှိပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ သတိပေးကြေညာနိုင်မည်ဖြစ်ပါသည်။ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် စားသုံးသူတို့ တိုင်ကြားမှုမရှိဘဲ ဥပဒေချိုးဖောက်မှုဖြစ်ပေါ်သည်ဟု သတိပြုမိပါက ၎င်းတို့ကိုယ်တိုင် ဦးဆောင်မှုဖြင့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကော်မရှင်သည် စားသုံးသူကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ခေတ်မီစေရန် အဆိုပြုလွှာတစ်ရပ်အား ၂၀၁၆ ခုနှစ် မေလ ၂၅ ရက်နေ့တွင် တင်ပြခဲ့ပြီး အဆိုပါအဆိုပြုလွှာတွင် နိုင်ငံ ဖြတ်ကျော်ရောင်းချမှုများအတွက် အဆိုပြုချက်များနှင့် တရားမျှတမှုမရှိသော ပထဝီဒေသ ပိတ်ဆို့တားဆီးမှုများအတွက် ဖြေရှင်းဆောင်ရွက်မှုများပါဝင်ပါသည်။ ဥရောပသမဂ္ဂ၏ စည်းမျဉ်းသစ်သည် ၂၀၀၆/၂၀၀၄ စည်းမျဉ်းကို အစားထိုးချမှတ်ခဲ့ခြင်းဖြစ်ပြီး ဥရောပစားသုံးသူအကာအကွယ်ပေးရေးဥပဒေ ၂၆ ခုအား လွှမ်းခြုံထားပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ (နေပြည်တော်)**

**Source: http://www.consilium.europa.eu**



**မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး**

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၃)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင် ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၄ ရက်၌ကျင်းပခဲ့ရာ အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကား ပြောကြားပါသည်။

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးကိုယ်စား ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက (၁၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများနှင့် အထက်ဌာနများ၏ လမ်းညွှန်ချက်များကိုတင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးအောင်ဇော်ဦးက (၁၂)ကြိမ်မြောက် အစည်းအဝေးအကောင်အထည်ဖော်မှုမှ သိမ်းဆည်းထားသော မအူပင်မြို့ မင်္ဂလာဈေးအတွင်းရှိ မုန့်ဆိုင် ၁၁ ဆိုင်မှမုန့်အမျိုးအစား ၈၉ မျိုး၊ မုန့်အရေအတွက် ၁၆၁ ခု၊ စုစု ပေါင်းတန်ဖိုးငွေကျပ် ၇၃၈၆၀ ရှိ စားသုံးရန်မသင့်သည့် အစားအစာများကို မီးရှို့ဖျက်ဆီးရန်နှင့် ကျောင်းမုန့်ဈေးတန်းများ၊ ဈေးများ၊ စာသင်ကျောင်းများနှင့် ကျေးရွာအရောက် ပြည်သူလူထုများအား အသိပညာပေးဆောင်ရွက်ပေးမှုမှ အောင်မြင်မှုရရှိသည့် အခြေအနေများကို အကျယ်တဝင့်ရှင်းလင်းတင်ပြခဲ့ပါသည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ရှောင်တခင်စစ်ဆေးမှုမှ သိမ်းဆည်းထားသော ဘေးဥပဒ်အန္တရာယ်ရှိ အစားအစာများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**CONSUMER-MT**

# မူဆယ်နဲ့ ချင်းရွှေဟော်စခန်းမှ ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၆၆ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၄၇၄၆ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ရော်ဘာ RSS1 ၃၁၅ တန်ကျော်၊ RSS 3 ၂၀၃၅ တန်၊ RSS5 ၁၂၄၁ တန်နဲ့ MSR 20 ၂၆၄ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 ၃၀၈ တန်ခန့်နဲ့ RSS5 ၅၈၃ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၁၆၅၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၀၉၄တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန်လျှင်ကျပ် ၂၀ ဒသမ ၁၆၃ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၄၁၂၃ ကျပ် ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၆ သန်းတန်ဖိုးရှိ ရော်ဘာ ၃၇၉ တန်နီးပါး တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS 3 တန် ၁၀၀ နဲ့ Synthetic Rubber တန်ချိန် ၁၀၀၊ ဂျပန်နိုင်ငံသို့ MSR 20 ၉၈ တန်နဲ့ တရုတ် နိုင်ငံသို့ TSR 20 ၈၁ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၈၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၇ တန် လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေး အတက်အကျ အနည်းငယ်သာရှိကြောင်းနဲ့ ပြည်ပပို့မယ် မြန်မာ့ရော်ဘာဈေးလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

# သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သောစာရင်းအား H.S Code 2017 Version ဖြင့် ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လိုင်စင်လျှောက်ထားရန် လိုအပ်သည့် သွင်းကုန်အမယ်များ စာရင်းကို မြန်မာနိုင်ငံ၏ H.S Code 2012 Version အရ စုစုပေါင်း ကုန်စည်လိုင်းများမှ ကုန်စည် ၄၄၀၅ လိုင်းအား သွင်းကုန်လိုင်စင်လျှောက်ထားရယူရမည့် Negative List အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၅) ဖြင့်ထုတ်ပြန်ကြေညာခဲ့သည်။

ထုတ်ပြန်ခဲ့သည့် သွင်းကုန်လိုင်စင် လျှောက်ထားရယူရမည့် ကုန်စည်လိုင်း ၄၄၀၅ လိုင်းမှ သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်လိုင်း ၂၆၇ လိုင်းအား အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၆)ဖြင့်လည်းကောင်း၊ သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်လိုင်း ၁၅၀ လိုင်းအား အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၆)ဖြင့် လည်းကောင်း၊ သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ကျန်ရှိသည့် လိုင်စင်လျှောက်ထားရယူရန် လိုအပ်သော ကုန်စည်လိုင်း ၃၉၈၈ လိုင်းအား H.S Code 2017 Version အရ ကုန်စည်လိုင်း ၄၈၁၈ လိုင်းသို့ပြင်ဆင်၍ ပြောင်းလဲကျင့်သုံးနိုင်ရန် ဒီဇင်ဘာလ ၁၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၇ ဖြင့် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါအမိန့်ကြော်ငြာစာအရ ယခင်က သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုသောစာရင်းအဖြစ်သတ်မှတ်ခဲ့ပြီး သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊စည်းမျဉ်းများအရ ယခုအမိန့်ကြော်ငြာစာတွင် သွင်းကုန်လိုင်စင်လျှောက်ထား ရယူရမည့် ကုန်စည်စာရင်းအဖြစ်ပါဝင်သော ကုန်စည်လိုင်းများအား ဒီဇင်ဘာလ ၁၄ ရက်မှ ရက်ပေါင်း ၆၀ အထိ ခွင့်ပြုထားမည်ဖြစ်ပြီး ယင်းရက်နောက်ပိုင်းတွင် သွင်းကုန်လိုင်စင်လျှောက်ထားပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ယခုထုတ်ပြန်ခဲ့သည့် H.S Code 2017 Version အပြည့်အစုံအား သိရှိလိုပါက www.commerce.gov.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# ဈေးကွက်သစ်များ ဖန်တီးလွှမ်းမိုးခြင်း

[ထက်အောင်ခိုင်]

## ဘာ့ကြောင့် ဈေးကွက်သစ်ရှာဖို့လို

ဈေးကွက်သစ်တွေရှာပြီး ရောင်းဝယ်ဖောက်ကားခြင်းဟာ လက်ရှိဈေးကွက်ဟောင်းမှာ ရောင်းရဝယ်ရတာထက် အကျိုးအမြတ်ပိုရတတ်ပါတယ်။ ဈေးကွက်ဟောင်းမှာကတော့ ကိုယ့်လို တခြားလုပ်ငန်းရှင် တွေနဲ့ယှဉ်ပြိုင်လုပ်ကိုင်ရတဲ့အတွက် ကုန်ပစ္စည်းကို အပြိုင်အဆိုင်ဈေးလျှော့ပြီးရောင်းဖို့ဖိအားတွေအမြဲရှိနေပါတယ်။ဈေးကွက်သစ်ထဲမှာ စားသုံးသူက သင့်ကုန်ပစ္စည်းကိုသဘောကျရင်ကျသလို သင်ဈေးရပါလိမ့်မယ်။ စားသုံးသူကပိုပေးချင်လေ ပိုရလေ ပါပဲ။ သင့်ကုမ္ပဏီဟာ အစုရှယ်ယာဈေးကွက်မှာ စာရင်းပေါက်တဲ့လုပ်ငန်းတစ်ခုဆိုရင်တော့ ဒီလိုဈေးကွက်အသစ်တစ်ခုရှာတွေ့တဲ့အတွက် သင့်ကုမ္ပဏီရဲ့ရှယ်ယာဈေးနှုန်းတွေ ပုံမှန်မြင့်တက်လာမှာဖြစ်ပြီး အဲဒီဈေးကွက်ကနေ အမြတ်အစွန်းတွေဖန်တီးနိုင်တဲ့အကျိုးကျေးဇူးကို ပါရရှိမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ဈေးကွက်သစ်ဆိုတာ အမှားခံပါတယ်။ ကုန်ပစ္စည်းဈေးကွက်တစ်ခုမှာ ရောင်းချနေတဲ့ လုပ်ငန်းရှင်ဆိုလို့ သင်တစ်ယောက်သာရှိမယ်ဆိုရင်၊ တခြားပြိုင်ဘက်လည်း မရှိဘူးဆိုရင် သင်ဟာသင့်ရဲ့ကုန်ပစ္စည်းကို အမျိုးမျိုးစမ်းသပ်ထုတ်လုပ်ပြီး ရောင်းချဖို့အခွင့်အရေးတစ်ရပ်ရလာမှာဖြစ်ပါတယ်။ ဒါဟာ သင်နဲ့သင့်မန်နေဂျာတွေအတွက် အကောင်းဆုံးလေ့ကျင့်ကွင်းပါပဲ။ အဲဒီလိုစမ်းသပ်ထုတ်လုပ်ရင်းရောင်းချရင်းနဲ့ပဲပိုကောင်းတဲ့ကုန်ပစ္စည်းတွေဖြစ်လာအောင် သင်အဆင်မြှင့်တင်သွားနိုင်ပါတယ်။ ဈေးကွက်မှာ သင်တစ်ယောက်သာရှိတဲ့အတွက် ဆုံးရှုံးစရာရှိရင်လည်း အလွန်ဆုံးအနေနဲ့ဝင်ငွေကိုထိခိုက်မယ်။ ဘယ်မန်နေဂျာတွေအလုပ်လုပ်တာညံ့ဖျင်းလဲဆိုတာကို သိလာမယ်။ ဒါလောက်ပါပဲ။ ဒါပေမယ့် ကုန်ပစ္စည်းတစ်ခုဟာ "ပေါက်"သွားတယ်ဆိုရင်တော့ ဈေးကွက်အသစ်ဟာ သင့်အတွက် ရေရှည်အကျိုးစီးပွားဖြစ်လာမှာပါ။ နောက်ပြီးတော့ အနာဂတ်မှာ သင့်လုပ်ငန်းကိုစီမံကြီးကြပ်မယ့် မန်နေဂျာတွေကို လေ့ကျင့်ပေးဖို့အထောက်အကူလည်းပြုမှာဖြစ်ပါတယ်။

ဒီတော့ ဈေးကွက်သစ်တစ်ခုမှာ ထိုးဖောက်ရောင်းချနိုင်ခြင်းကြောင့်သင့်အနေနဲ့ရေရှည်ရလာမယ့် အကျိုးစီးပွားတွေအနေနဲ့-

(၁) နှုန်းထားမြင့်မြင့်နဲ့ ရောင်းချလို့ရနိုင်တယ်၊

(၂) သူများတွေလာယှဉ်လို့မရအောင် ပြင်ဆင်ထားလို့ရတယ်၊လာယှဉ်ပြိုင်လာခဲ့ရင်လည်း ကိုယ့်ဘက်ကဆုံးရှုံးမှုတွေကို ထေမိအောင်ကာကွယ်လို့ရတယ်၊

(၃) သင့်လုပ်ငန်းရဲ့ရှယ်ယာတွေဈေးကောင်းရမယ်၊

(၄) စမ်းသပ်ထုတ်လုပ်ရင်းရှုံးရင်းနဲ့ဖြစ်ချင်ဖြစ်နေမယ်။ဒါပေမယ့် သင်ရပ်တည်လို့ရနေဦးမှာပဲ၊

(၅) သင့်မန်နေဂျာအသစ်တွေကိုကုန်ပစ္စည်းထုတ်လုပ်မှု၊ စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး လေ့ကျင့်ပေးလို့ရမယ် စတဲ့အချက်တွေကို တွေ့ရှိရမှာဖြစ်ပါတယ်။

## ဈေးကွက်သစ်ဆိုတာဘာလဲ။ဘယ်မှာရှိလဲ။

လူတိုင်းအတွက်အသစ်ဖြစ်နေရင် ဈေးကွက်သစ်လို့ခေါ်တာပါပဲ။ သင်တစ်ယောက်တည်းအတွက် အသစ်အဆန်းဖြစ်နေရုံနဲ့တော့ ဈေးကွက်အသစ်လို့ သတ်မှတ်လို့မရပါဘူး။ Burroughs Wellcome ကုမ္ပဏီက ရင်သားကင်ဆာကုသဖို့ထုတ်လုပ်တဲ့ AZT ပဋိဇီဝဆေးဝါးဟာ HIV ပိုးပြန့်ပွားမှု နှေးကွေးအောင်လုပ်နိုင်စွမ်းရှိတာကို တွေ့ရှိခဲ့ကြပါတယ်။ ဒါဟာဈေးကွက်သစ်တစ်ရပ်ဖြစ် လာပြီး AZT ဟာ HIV ကုသရေးနဲ့ပတ်သက်ရင် အခုအချိန်အထိ ဈေးကွက်ထဲမှာ အကျိုးအမြတ်များပြီး လွှမ်းမိုးထားနိုင်တဲ့အနေ အထားရှိနေဆဲဖြစ်ပါတယ်။

ရှိပြီးသား သာမန်ကင်မရာဈေးကွက်ထဲကနေ ခုရိုက်ခုယူပိုလာရွိုက်ကင်မရာတွေ ထွက်ပေါ်လာတာဟာလည်း ဈေးကွက်သစ်တစ်ရပ်ပဲဖြစ်ပါတယ်။အန်နာလော့ဂ်စနစ်သုံး ဆဲလ်ဖုန်းတွေ အမေရိကန်ပြည်ထောင်စုမှာ ဈေးကွက်သစ်ရှာလို့မရတော့လောက်အောင်တွင်တွင်ကျယ်ကျယ်ရောင်းချပြီးနောက်မှာ ထုတ်လုပ်သူတွေဟာ ဖုန်းပုံစံအဟောင်းတွေကိုပဲ နည်းနည်းပါးပါးပြုပြင်မွမ်းမံပြီး တရုတ်နိုင်ငံ(ပြည်မကြီး)မှာ ရောင်းချခဲ့ကြပါတယ်။ တရုတ်နိုင်ငံမှာလည်း ဖုန်းကိုင်နိုင်တဲ့သူတွေတိုးပွားလာနေတဲ့အတွက် ဖုန်းဈေးကွက်သစ်တစ်ခုပေါ်ပေါက်လာခဲ့ပါတယ်။

သဘောတရားပိုင်းအရပြောရရင်တော့ ဈေးကွက်သစ်ဆိုတာ ဘယ်နေရာမှာမှမရှိပါဘူး။ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုရှင်းလင်းမှုမပြုရသေးတဲ့ အိုင်ဒီယာတစ်ခုလိုပဲ ဈေးကွက်သစ်တစ်ရပ်ဆိုတာ အလားအလာတစ်ရပ်အဖြစ်နဲ့ပဲ တည်ရှိနေတာဖြစ်ပါတယ်။ ဈေးကွက်သစ်တစ်ရပ်ဘယ်နေရာမှာရှိတယ်ဆိုတာဖော်ထုတ်ဖို့ အကောင်းဆုံးနည်းကတော့ ပြဿနာတစ်ခုခုရှိနေတဲ့ ကဏ္ဍတစ်ရပ်ရပ်ကိုလိုက်ရှာဖို့ပဲဖြစ်ပါတယ်။ စောစောကပြောခဲ့တဲ့ AZT ဆေးဥပမာကိုပဲကြည့်ပါ။ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ HIV ဗိုင်းရပ်စ်ကူးစက်မှု မရှိသလောက်ရှားပါးခဲ့ပါတယ်။ ၁၉၈၀ပြည့်လွန်နှစ်တွေမှာတော့ ကူးစက်ခံရသူ များပြားလာပြီးလူမှုရေး၊ နိုင်ငံရေးပြဿနာကြီးတစ်ခုလိုဖြစ်လာပါတယ်။ အဲဒီအခါ ရောဂါကူးစက်ခံရသူတွေဟာ အလားအလာရှိတဲ့ ဈေးကွက်တစ်ရပ်ဖြစ်လာပါတယ်။ ဒါပေမယ့် တကယ်အလုပ်ဖြစ်နိုင်တဲ့ဈေးကွက်တစ်ခုလို့တော့ ပြောလို့မရသေးပါဘူး။ AZT ဆေးဟာအဲဒီလိုဖြစ်ပေါ်နေတဲ့အလားအလာကို ဈေးကွက်သစ်အဖြစ် အသွင်ပြောင်းနိုင်အောင် အထောက်အကူပြုခဲ့ပါတယ်။

ဖြစ်ပွားနေတဲ့ပြဿနာတစ်ရပ်ကြောင့် ဈေးကွက်လိုအပ်ချက်ဆိုတာပေါ်ပေါက်လာပါတယ်။ ဒီပြဿနာကိုဘယ်ကုမ္ပဏီကပဲဖြေရှင်းပေး၊ ဖြေရှင်းပေးစားသုံးသူအတွက်အရေးမကြီးပါဘူး။ သူတို့လိုချင်တာဈေးကွက်လိုအပ်ချက်ကိုဖြည့်ဆည်းပေးတဲ့သူတစ်ယောက်ယောက်ပါ။ Burroughs Wellcomeကုမ္ပဏီဟာ AZT ကိုထုတ်လုပ်ပြီး ဈေးကွက်လိုအင်ကိုဖြည့်ဆည်းခဲ့တာမှန်ပေမယ့် အခြားကုမ္ပဏီတွေကလည်း AZT လိုအစွမ်းရှိတဲ့ ဆေးဝါးကိုထုတ်လုပ်ပြီး ဈေးကွက်လိုအင်ကိုဖြည့်ဆည်းလို့ရပါတယ်။ ဆိုလိုတာက ထုတ်လုပ်သူတစ်ယောက်ကဈေးကွက်ကို ဖန်တီးတာမဟုတ်ပါဘူး။ ဈေးကွက် လိုအပ်ချက်တစ်ရပ်ပေါ်လာတဲ့အတွက်သာလျှင် အဲ့ဒီလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်တဲ့ ကုန်ပစ္စည်းနဲ့သူ့ရဲ့ဈေးကွက်ဆိုတာပေါ်ပေါက်လာပါတယ်။ ပြောင်းပြန်ပြောရရင်ဈေးကွက်သစ်တစ်ရပ်ဆိုတာကုန်ပစ္စည်းသစ်တစ်ခုကို လိုအပ်လာရာကနေ စတင်ထွန်းကားလာခြင်းဖြစ်ပါတယ်။

## ဈေးကွက်သစ်မှာအောင်မြင်ဖို့ မှတ်သားထားရမယ့် အိုင်ဒီယာ(၄)ရပ်

(၁) စားသုံးသူတောင်းဆိုတဲ့ဈေးကွက်ကဈေးရောင်းသူဖန်တီးတဲ့ဈေးကွက်ထက်ပိုအလုပ်ဖြစ်တယ်။

ကုန်ပစ္စည်းထုတ်လုပ်သူက သူတို့အိုင်ဒီယာနဲ့သူတို့ဖန်တီးလိုက်တဲ့ကုန်ပစ္စည်းတချို့ဟာ ဈေးကွက်သစ်တစ်ခုအဖြစ်နဲ့ "ပေါက်" သွားတဲ့သာဓကတွေရှိတော့ ရှိခဲ့ဖူးပါတယ်။ ဥပမာ Steve Jobs နဲ့ Steve Wozniak တို့ရဲ့ Apple ကွန်ပျူတာ၊ Henry Ford ရဲ့ပထမဦးဆုံးမော်တော်ကားပုံစံသစ်စတာတွေဖြစ်ကြပါတယ်။ စားသုံးသူရဲ့သဘောထားဆန္ဒအပေါ်မှာ လေ့လာဆန်းစစ်မှုတွေ ကျကျနနမလုပ်ခဲ့ဘဲ မှန်းဆချက်သက်သက်နဲ့ ထုတ်လုပ်ခဲ့တဲ့ကုန်ပစ္စည်းတွေဖြစ်ကြပေမယ့် အကြီးအကျယ်အောင်မြင်ခဲ့ကြပါတယ်။ ဒါပေမယ့် အိုင်ဒီယာကောင်းကောင်းနဲ့ ထုတ်လုပ်ခဲ့ပြီးရောင်း မစွံဘဲဆုံးရှုံးသွားခဲ့ကြတဲ့ ကုန်ပစ္စည်းတွေအနန္တရှိပါတယ်။ ကိုယ့်သဘောနဲ့ကိုယ်ထုတ်လုပ်ပြီး အောင်မြင်သွားတဲ့ကုန်ပစ္စည်းကဆုံးရှုံးသွားခဲ့တဲ့ ကုန်ပစ္စည်းတွေနဲ့ယှဉ်လိုက်ရင် အရေအတွက် အဆမတန်နည်းပါးပါတယ်။ ဒါ့ကြောင့် တကယ်အလုပ်ဖြစ်မယ့် ဈေးကွက်သစ်ကို ဖန်တီးချင်ရင် တကယ်အလားအလာရှိတဲ့ဈေးကွက်ကိုရှာရပါလိမ့်မယ်။ စားသုံးသူဘယ်လောက်များများ ရှိလာနိုင်တယ်ဆိုတဲ့ အနုမာနမှန်းဆချက်သက်သက်နဲ့အလားအလာတစ်ခုကို မတိုင်းတာပါနဲ့။စားသုံးသူအချို့ကိုလိုက်မေးကြည့်ပါ။ ဈေးကွက်လိုအပ်ချက် (ဒါမှမဟုတ်) ပြဿနာဟာဘယ်လောက်ဆိုးရွားနေသလဲဆိုတာကို သူတို့ဆီကနေသိအောင်လုပ်ပါ။ လိုက်မေးရမယ့် စားသုံးသူအရေအတွက်ကိုကြိုသတ်မှတ်ထားပါ။

(၂) စွန့်စားရမယ့်လမ်းတွေပေါ်လာရင်ပိုပြီးအန္တရာယ်ကင်းတဲ့ လမ်းကိုရွေးပါ။

Netscape ကုမ္ပဏီဟာ အန္တရာယ်အရှိဆုံးနည်းလမ်းကို အသုံးပြုတဲ့အနေနဲ့ ကုန်ပစ္စည်းသစ်ထုတ်ပြီး ဈေးကွက်သစ်ထပ်မရှာဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ Edwin Land ကတော့ပိုပြီး အန္တရာယ်နည်းတဲ့လမ်းကိုရွေးတဲ့အနေနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားဈေးကွက် (Known Market) ထဲမှာခုရိုက်ခုယူ ကင်မရာတွေကို တီထွင်ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ Motorola ကုမ္ပဏီကလည်း အန္တရာယ်ကိုလျှော့ချတဲ့အနေ နဲ့ ရှိပြီးသားကုန်ပစ္စည်း (အန်နာလော့ဂ်စနစ်သုံးဆဲလ်ဖုန်း) တွေကို မရင်းနှီး မကျွမ်းဝင်တဲ့ဈေးကွက် (Unknown Market) ဖြစ်တဲ့ဖွံ့ဖြိုးဆဲနိုင်ငံများမှာရောင်းချခဲ့ပါတယ်။ အထက်က ဥပမာပြခဲ့တဲ့ဗျူဟာ (၃)ခုလုံးဟာ အလုပ်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယဗျူဟာ နှစ်ရပ်ဖြစ်တဲ့ Edwin Land ရဲ့ခုရိုက်ခုယူ ကင်မရာနဲ့ Motorola ရဲ့ဆဲလ်ဖုန်းဈေးကွက်တွေကတော့ ပိုအန္တရာယ်ကင်းတယ်လို့ ပြောလို့ရပါတယ်။ ပျက်စီးဆုံးရှုံးနိုင်ခြေမြင့်မားနေတဲ့ အချိန်မှာဘေးအန္တရာယ်ကို တတ်နိုင်သမျှ လျှော့ချတာအကောင်းဆုံးပါပဲ။

(၃) အခွင့်အလမ်းဆိုတိုင်းဖမ်းဆုပ်ဖို့ဆန္ဒမစောပါနဲ့။

စီးပွားရေးနယ်ပယ်မှာ အခွင့်အလမ်းတစ်ခုပေါ်လာတာနဲ့ အပြေးအလွှားသွားပြီး အမိအရယူလိုက်ကြတာက များပါတယ်။ ဒါပေမယ့်တစ်ဖက်ကတွေးကြည့်ရင် အခွင့်အလမ်းတစ်ခုကိုဆုပ်ကိုင်လို့ရလိုက်တိုင်း ဈေးကွက်အသစ်ဖန်တီးလိုက်ပြီလို့ ပြောလို့မရပါဘူး။ သင့်ရဲ့ရောင်းဝယ်ဖောက်ကားမှုအခြေအနေဟာ အရင်တစ်ပတ်မှာအဆင်ပြေနေတယ်ဆိုရင် နောက်တစ်ပတ်တွေမှာလည်း ဆက်ပြီးအဆင်ပြေနေရပါမယ်။ သူလိုကိုယ်လိုအခွင့်အလမ်းရှိရာကို အပြေးအလွှားရောက်လာသူတွေရှိတဲ့အတွက် ကိုယ်တိုင်မှာ အောင်မြင်ဖို့ရာ အလားအလာနည်းသွားတတ်ပါတယ်။ ဈေးကွက်သစ်မှာအောင်မြင်ဖို့အတွက် ဟိုစပ်စပ်ဒီစပ်စပ်နဲ့ အခွင့်အလမ်းတွေလိုက်ရှာ၊ ငါးပွက်ရာ ငါးစာချဖို့စောင့်နေတာထက်စာရင် တစ်ကြောင်းတည်းသောလမ်းကိုသာ အာရုံစိုက်ပြီးတိုးတက်အောင်လုပ်ဖို့လိုပါလိမ့် မယ်။

(၄)အချင်းချင်းချိတ်ဆက်ဆောင်ရွက်ရမယ့်အဖွဲ့တွေနဲ့အလုပ်စလုပ်ပါ။ သူတို့ကိုခေါင်းဆောင်ပါ။

မာကက်တင်း၊ ဘဏ္ဍာရေး၊ ထုတ်လုပ်ရေးစတဲ့အဖွဲ့ငယ်လေးတွေကိုစုစည်းပြီး ဦးဆောင်နိုင်မှဈေးကွက်သစ်မှာ အောင်မြင်တဲ့ကုန်ပစ္စည်းကို ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ ဈေးကွက်သစ်မှာထိုးဖောက်ရောင်းချနိုင်ဖို့ အဖွဲ့တစ်ဖွဲ့တည်းရဲ့စွမ်းပကားနဲ့မရပါဘူး။ သူတို့ရဲ့လုပ်ငန်းစဉ်တွေအားလုံးကို သင့်လျော်သလို ပေါင်းစပ်ပေးနိုင်ရပါမယ်။ ဒါ့ကြောင့်စီမံခန့်ခွဲမှုအပိုင်းနဲ့ ဗျူဟာပိုင်းကိုတာဝန်ယူရတဲ့ ခေါင်းဆောင်ရဲ့အခန်းကဏ္ဍဟာ ဈေးကွက်သစ်တွေဖန်တီးလွှမ်းမိုးနိုင်ဖို့ကြိုးပမ်းတဲ့နေရာမှာ မရှိမဖြစ်အရေးကြီးလှပါတယ်။

**ကိုးကား -Creating and Dominating New Markets by Peter Meyer**

## ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၂) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကသာခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ နိုဝင်ဘာလ ၂၈ ရက်တွင်ကျင်းပခဲ့ရာအငြင်းပွားမှုဖြေ ရှင်းရေးအဖွဲ့ဝင်(၉)ဦးနှင့်ပြန်ဆက်ဦးစီးဌာန၊ မြစ်မခ မီဒီယာနှင့် စားသုံး သူရေးရာဦးစီးဌာနမှဝန်ထမ်းများတက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အုန်းက နိုဝင်ဘာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ပြောကြားခဲ့ပြီး တက်ရောက်လာကြသော ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဗန်းမောက်မြို့နယ်မှသိမ်းဆည်းခဲ့သည့် ရက်လွန်အစားအ သောက်နှင့် အလှကုန်ပစ္စည်း ၁၈၈ ခုအား အဖွဲ့စုံဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

လှလှခိုင် (ကသာ)

♦

## စာမျက်နှာ (၃) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ...... မှအဆက်

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ အတွင်းဝန် H.E. Mr. Ramon Lopez ခေါင်း ဆောင်သော ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ အသေးစားနှင့် အလတ်အစားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆိုပါလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ပြင် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် International Trade Centre (ITC) မှ Executive Director ဖြစ်သူ Ms. Arancha Gonzalez နှင့် တွေ့ဆုံကာ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရေးဆိုင်ရာများ၊ မြန်မာနိုင်ငံမှရေးဆွဲအကောင်အထည်ဖော်လျက်ရှိသော ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်း (Medium Term Program-MTP) ပါလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရင်းနှီးခင်မင်စွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒီဇင်ဘာလ ၁၂ ရက် နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံအစည်းအဝေး၏ Main Plenary Session တွင် မိန့်ခွန်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက်ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေးကို အာဂျင်တီးနားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ခြင်းအား မြန်မာနိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား မတူကွဲပြားသော အမြင်များဖြင့် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ဆွေးနွေးပွဲရလဒ်များ ပေါ်ထွက်ရန်အတွက် စိန်ခေါ်မှုများနှင့်တွေ့ကြုံနေရကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်ရေးစနစ်အား ပိုမိုခိုင်မာအားကောင်းစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစုံကုန်သွယ်ရေးစနစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အပြည့်အဝထောက်ခံကာ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြောင်းလဲနေသော ကမ္ဘာ့ကုန်သွယ်မှုရေစီးကြောင်းတွင် အသစ်ပေါ်ထွက်လာသည့် Issues များဖြစ်သော E-Commerce၊ Investment Facilitation နှင့် Micro, Small and Medium Enterprises (MSMES) ဆိုင်ရာ ကိစ္စများအတွက် မဖြစ်မနေ ကြိုတင်ပြင်ဆင်ထားရမည့် အခြေအနေများရှိရာ လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံအစည်းအဝေးတွင် ရလဒ်ကောင်းများ ပေါ်ထွက်လာရေးအတွက် အပြုသဘောဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေးကာလအတွင်း ထုတ်ပြန်ကြေညာခဲ့သော Declaration on Women and Trade အား ထောက်ခံအားပေးခဲ့ကြသော နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။ Declaration on Women and Trade အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နှင့် လေ့လာသူအဆင့် နိုင်ငံပေါင်း ၁၁၈ နိုင်ငံက ထောက်ခံခဲ့ကြောင်း သိရှိရသည်။

ဒီဇင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩစတြေးလျ၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့မှ ဦးဆောင်ကျင်းပသော Ministerial Breakfast Meeting on E-Commerce ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး E-Commerce ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အခြားသော အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေးသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံပေါင်း ၁၆၄ နိုင်ငံမှ ကိုယ်စားလှယ်များ၊ လေ့လာသူအဆင့်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ သတင်းမီဒီယာအဖွဲ့များ အပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၃၀,၀၀၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ် | (၁၂၅ x ၄၅)ပေ | (ပ) ထပ် | ၆၀၀ သိန်း | အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၂။ | မြေ | မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း | (၄၀ x ၅၀)ပေ | မြေသီးသန့် | ၁၀၀၀ သိန်း | အုတ်ခြံခတ်ပြီး | ၀၉/၅၁၁၇၂၆၂ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၅၀)ပေ | BN (၁) ထပ် | ၂၃၅၀ သိန်း | လမ်းသန့်၊ မြေပိုပါဝင် | ၀၉/၅၁၁၇၂၆၂ |
| ၄။ | မြေ | သာကေတမြို့နယ်၊ ရတနာအိမ်ရာ | (၁၀၀ x ၁၀၀)ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၅။ | မြေ | ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက် | (၄၀ x ၇၀)ပေ | မြေသီးသန့် | ၇၅၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၆။ | တိုက်ခန်း | အလုံမြို့နယ်၊ စက်တွင်းလမ်း | ၈၀၀ စ/ပေ | မြေညီ/ဟောလ် | ၁၁၅၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | မြေ | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | (၈၀ x ၁၀၀)ပေ | မြေသီးသန့် | ၁၃၀၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | အိမ်/မြေ | မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ လမ်းသွယ် | (၄၀ x ၆၀)ပေ | RC (၁) ထပ် | ၄၀၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၉။ | မြေ | လှည်းကူး၊ ရန်ကုန်-ပဲခူးလမ်းမ | ၁၀၀၀၀ စ/ပေနီးပါး | ခြံဝန်းကျယ် | ၈၅၀၀ သိန်း | လမ်းမဂုတ်ကွက် | ၀၉/၂၅၀၃၇၆၃၇၉ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာလ်ဖတ် (၂၀၀၅) | K | ၆၃၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဗုရှ် (၂၀၁၂) | ယာယီ | ၄၆၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကရောင်း (၂၀၀၄) | F | ၃၆၅ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | မတ်(စ်) အိပ်(စ်) (၂၀၀၆) | K | ၃၉၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ကာလ်ဒီးနား (၂၀၀၃) | I | ၁၇၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ပရိုဘောက်ဇင် (၂၀၁၂) | ယာယီ | ၁၉၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဟွန်ဒါဖစ် (၂၀၁၁) | J | ၁၇၈ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၁၂၇ သိန်း | |

## ယခုတစ်ပတ်အတွင်း ကယားပြည်နယ်၌ ဆန်၊ စပါး၊ ပြောင်းနှင့် အခြားသီးနှံများ၏ တင်ပို့မှုနှင့် လက်ရှိဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းသတင်း

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်မှ ဒေသထွက်ဆန်အိတ်ပေါင်းအိတ် ၉၇၈၀ တန်ချိန်အားဖြင့် ၄၉၁ တန်ကို ရှမ်းမြောက်သို့တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၁၇၇ တန်ခန့် ပိုမိုတင်ပို့ထားကြောင်း ပြည်နယ်အထွက် ဂိတ်စာရင်းအရ သိရှိရပါတယ်။ ဒေသထွက်ဆန်များကို တင်ပို့ရာတွင် မန္တလေးမြို့သို့သာ အဓိကတင်ပို့ကြောင်းနှင့် အခြားဒေသမှ ကယားပြည်နယ်အတွင်းသို့ ဆန်တင်သွင်းလာရာတွင်လည်း ရန်ကုန်မြို့မှအိတ် ၉၆၀ တင်သွင်းလာရာ ဆန်အိတ်စုစုပေါင်း ၉၆၀ အိတ်၊ တန်ချိန်အားဖြင့် ၄၈ တန်ခန့်တင်သွင်းလာကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းအရ သိရှိရပါတယ်။ စပါးဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၅၄၀ ဖြစ်ပြီး ယခုတစ်ပတ်တွင် ဈေးကျသွားကြောင်း၊ ဒေသထွက်ဆန်၊ စပါးမျိုးများမှာ ဈေးကွက်ပျောက်ပြီး ပြင်ပဈေးကွက်ဝင် Export ဆန်၊ စပါးမျိုးများသာဈေးရရှိကြောင်း ဒေသခံဆန်၊ စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးထံက သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း သီးနှံများတင်ပို့ရာတွင် ကယားပြည်နယ်မှ ပြောင်းအိတ်စုစုပေါင်း ၃၃၆၄၅ အိတ် တန်ချိန်အားဖြင့် ၁၆၄၈ တန် တင်ပို့ထားပြီး ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန်ပေါင်း ၁၃၁၈၂ တန်ခန့်ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများသို့ အဓိကပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါတယ်။ နှမ်းကို မန္တလေး-မူဆယ်မြို့များသို့ အဓိကတင်ပို့ပြီး နှမ်းအိတ်ပေါင်း ၁၄၆၀ အိတ်၊ တန်ချိန်အားဖြင့် တန် ၄၀ ခန့် တင်ပို့နိုင်ပြီး ယခင်ထက် နှမ်းတန်ချိန်ပေါင်း ၇၂ တန်ခန့်ကို ပိုမိုတင်ပို့ခဲ့ကြောင်းကို ပြည်နယ်အထွက်ဂိတ်သီးနှံစာရင်းအရ သိရှိရပါတယ်။ ယခုတစ်ပတ်အတွင်းဖြစ်ပေါ်နေသော နှမ်းဈေးနှုန်းမှာ နှမ်း(ဖြူ) တစ်ပိဿာကျပ် ၂၄၀၀၊ နှမ်း (နက်) တစ်ပိဿာကျပ် ၂၂၀၀၊ စမုံနက် (နှမ်း)တစ်ပိဿာ ကျပ် ၂၂၀၀ ဈေးဖြစ်ပြီး နှမ်းဈေးနှုန်းများမှ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိနေကြောင်း၊ ပြောင်းတင်ပို့ရာမှာလည်း ရန်ကုန်မြို့ရှိ ပွဲရုံများသို့ အများဆုံးတင်ပို့ပြီး မန္တလေးမြို့ ရှိပွဲရုံများသို့လည်း တင်ပို့ကြောင်း သိရပါတယ်။ ကယားပြည်နယ်တွင် ဖြစ်ပေါ်နေသော ပြောင်းဈေးနှုန်းများမှာ ပြောင်း (ခြောက်) တစ်ပိဿာ ၃၈၅ ကျပ်ဈေးပေါက်တဲ့အတွက် ယခင်တစ်ပတ်ထက်ပြောင်းဈေး ငါးကျပ်ခန့်ဈေးကျသွားကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်ကယားပြည်နယ်၌ ဧည့်မထ (မိုး) စပါးတင်း ၁၀၀ လျှင် ကျပ် ၆၉၀၀၀၀ ပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၆၀၀၀၀၊ တစ်ပြည် ကျပ် ၂၈၀၀၊ ပေါ်ကွဲဆန်တစ်အိတ် ကျပ် ၂၆၅၀၀၊ တစ်ပြည် ကျပ် ၁၂၅၀၊ ဧည့်မထ (ဒေသ)ဆန် တစ်အိတ် ကျပ် ၂၆၀၀၀၊ တစ်ပြည်ကျပ် ၁၂၅၀၊ ငစိန်ဆန်တစ်အိတ် ကျပ် ၃၅၀၀၊ တစ်ပြည်ကျပ် ၁၁၀၀ ရှိကြောင်း သိရပါတယ်။ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ လက်လီလက်ကား တစ်ပိဿာလျှင် ကျပ် ၅၂၀၀ မှ ကျပ် ၅၇၀၀၊ နှမ်းဆီ လက်လီ- လက်ကား တစ်ပိဿာလျှင် ကျပ် ၄၄၀၀ မှ ကျပ် ၅၂၀၀၊ စားအုန်းဆီ လက်လီ-လက်ကားဈေးမှာကျပ် ၂၅၀၀ မှ ကျပ် ၂၇၀၀ ကျပ်၊ စားဖိုဆောင်သီးနှံ များဖြစ်သော ငရုတ်သီးခြောက်ရှည် တစ်ပိဿာ ကျပ် ၅၂၀၀ ၊ ငရုတ်သီးခြောက်ပု တစ်ပိဿာ ကျပ် ၁၀၅၀၀၊ ကြက်သွန်နီတစ်ပိဿာ ကျပ် ၃၅၀၀၊ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာ ကျပ် ၄၈၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာ ကျပ်၃၅၀၀၊ ဆားတစ်ပိဿာ ကျပ် ၄၀၀၊ အာလူးတစ်ပိဿာကျပ် ၁၀၀၀၊ ချင်းတစ်ပိဿာ ကျပ် ၁၄၀၀၊ မန်ကျည်းမှည့်တစ်ပိဿာကျပ် ၃၀၀၀၊ ငါးပိတစ်ပိဿာ ကျပ် ၄၀၀၀၊ နနွင်းတက်တစ်ပိဿာကျပ် ၁၆၀၀ ၊ ပြောင်းတစ်ပိဿာ ၃၈၅ )ကျပ်၊ ခရမ်းချဉ်သီးတစ်ပိဿာ ကျပ် ၈၀၀ ၊ မြေပဲဆန် တစ်ပိဿာကျပ် ၃၂၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၃၀၀၀၊ ပဲနီလေးတစ်ပိဿာ ကျပ် ၃၀၀၀ ဈေးပေါက်ပြီး ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

# ပခုက္ကူခရိုင်တွင် ဆုံဆီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းအဖွဲ့ခိုင်မာစွာ ဖွဲ့စည်းနိုင်ရေးအတွက် ဆုံဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ပခုက္ကူခရိုင်တွင် ဆုံဆီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆုံဆီလုပ်ငန်းရှင်များအသင်းအား ခိုင်မာစွာဖွဲ့စည်းနိုင်ရေးအတွက် ဆုံဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၁ ရက်က မကွေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၌ ကျင်းပခဲ့ရာ ဆုံဆီလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက ဆုံဆီလုပ်ငန်းရှင်များအသင်းခိုင်မာစွာတည်ထောင်နိုင်ရေး အတွက် ပခုက္ကူဒေသရှိ ဆုံဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လိုအပ်သည်များကို ဆွေးနွေးတင်ပြပြီး အသင်းအဖွဲ့အတွက် ကျန်နေသည့်မြို့နယ်၊ တိုင်းဒေသကြီးများမှ လုပ်ငန်းရှင်များအားလုံးနှင့်စုပေါင်း၍ မြန်မာနိုင်ငံ ဆုံဆီလုပ်ငန်းရှင်များအသင်းဖြစ်လာအောင် ထူထောင်စေလိုခြင်းဖြစ်ကြောင်း၊ မိမိတို့ ပခုက္ကူခရိုင်အတွင်းရှိ ငါးမြို့နယ်မှ ဒေသထွက်ကုန်များနှင့်ပတ်သက်၍ လက်ကားကုန်စည်ဒိုင်များကို ပခုက္ကူကုန်စည်ဒိုင်၊ ရေစကြိုကုန်စည်ဒိုင်၊ ဆိပ်ဖြူကုန်စည်ဒိုင်ဟူ၍ ဖွဲ့စည်းထားကြောင်း၊ ဒေသတွင်းထွက်ကုန်များမှာ လယ်ယာထွက်ကုန်များရှိသလို စားသောက်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နေကြောင်း၊ ကုန်သည် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းလည်း ဖွဲ့စည်းထားကြောင်း၊ နောင်အခါတွင် နိုင်ငံတော်မှ အကူအညီအထောက်အပံ့များ ပေးမည်ဆိုပါက အသင်းအဖွဲ့များမဟုတ်ဘဲ တစ်ဦးတစ်ယောက်ချင်းဆိုလျှင် အခက်အခဲဖြစ်နိုင်ကြောင်း၊ မှတ်ပုံတင်ထားနိုင်သော အသေးစား စက်မှုလက်မှုလုပ်ငန်း ၁၂ မျိုးတွင်ပါဝင်သည့် စားသောက်ကုန်လုပ်ငန်းတွင် ဆုံဆီလုပ်ငန်း ပါဝင်နေကြောင်း၊ ယခုတက်ရောက်လာသော ဆုံဆီလုပ်ငန်းရှင်များကိုလည်း မှတ်ပုံတင်ထားရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ပခုက္ကူမြို့၊ ဆုံဆီလုပ်ငန်းထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဝင်းဆွေက မိမိထုတ်လုပ်သည့် 'ပေါင်းလောင်း' မြေပဲဆုံဆီကိုလည်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ပိုင်းတွင် ခတ်ခွဲစမ်းသပ်မည်ဖြစ်ကြောင်း၊ ဆုံဆီလုပ်ငန်းရှင်တစ်ယောက်အနေဖြင့် မိမိထုတ်လုပ်သည့် ဆုံဆီကို အာမခံကြောင်းဆွေးနွေးပါသည်။

ထို့နောက် တက်ရောက်လာကြသူများက အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# ပဲစင်းငုံ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို မကွေးမြို့တွင် ဖွင့်လှစ်




ပြည်တွင်းထွက် ပဲစင်းငုံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဒီဇင်ဘာ ၁၁ ရက်က မကွေးမြို့ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မကွေးတိုင်းဒေသကြီးသည် ပဲစင်းငုံအမြောက်အများ ထွက်ရှိသည့် တိုင်းဒေသကြီးလည်း ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုကန့်သတ်လိုက်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူများ၏အကျိုးစီးပွားကို ကာကွယ်ရန် ပြည်တွင်းပဲစားသုံးမှုမြှင့်တင်နိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added)များ ထုတ်လုပ်လာနိုင်ရေး၊ ဈေးကွက်အသစ် ရှာဖွေနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပဲစင်းငုံမှထွက်ရှိသော အာဟာရမှုန့်ကို အချိုမှုန့်အစား သုံးစွဲနိုင်ပါက ဘေးအန္တရာယ်ကင်းရှင်းနိုင်ပါကြောင်း၊ လူသားများကျန်းမာရေးအတွက် အရေးကြီးသည့် မဂ္ဂနိစ်ဓာတ်သည် ပဲစင်းငုံ၌သာပါရှိသည့်အတွက် ပဲစင်းငုံတန်ဖိုးမြှင့် ထုတ်ကုန်နည်းပညာပေးသင်တန်းသည် များစွာအကျိုးရှိပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# မွန်ပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပရန်အတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

မွန်ပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၈ တွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

ပထမဦးစွာမွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်တွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fair)ကိုပြုလုပ်မည်ဖြစ်ကြောင်း၊ သို့ပါ၍ တက်ရောက်လာသည့် လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်း ပါဝင်ကြစေလိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair)ကို မိမိတို့စားသုံးသူရေးရာ ဦးစီးဌာနနှင့် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနတို့က ပူးပေါင်းကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မွန်ပြည်နယ် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဒေါ်မြတ်မြတ်ထွေးက မွန်ပြည်နယ်အတွင်းမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သမဝါယမပိုင်လုပ်ငန်းရှင်များ၊ ဘဏ်များ၊ ကုမ္ပဏီများအနေဖြင့် အလုပ်သမားလိုအပ်ချက်များကိုပြပွဲတွင် ပါဝင် ပြသနိုင်ကြောင်း၊ ပြပွဲ၌အလုပ်သမားလိုအပ်သည့်အလုပ်ရှင်နှင့် အလုပ်လျှောက်ထားလိုသည့် အလုပ်သမားများကို One Stop Services တစ်ထိုင်တည်း ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ MONCCI ဥက္ကဋ္ဌ၊ မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဝင်းထိန်က မွန်ပြည်နယ်တွင် အလုပ်သမားလိုအပ်သည့် အလုပ်ရှင်များရှိသကဲ့သို့ အလုပ်လိုအပ်သည့် အလုပ်သမားများရှိကြောင်း၊ မိမိတို့ MONCCI အနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ ရော်ဘာစက်ရုံအုပ်စု၊ ဆေးလုပ်ငန်းရှင်များအသင်း၊ ဆားလုပ်ငန်းရှင်များအသင်း၊ Ocean Center၊ Pro1 တို့မှလည်း အလုပ်သမားလိုအပ်ချက်များကို အလုပ်အကိုင်အခွင့်အလမ်းတွင် လစ်လပ်နေရာအလိုက် လျှောက်လွှာခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**မိုးမိုး (စားသုံးသူ-မွန်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၁၈-၁၂-၂၀၁၇ မှ ၂၄-၁၂-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အရင်းအနှီးပြည့်စုံစွာဖြင့် စီးပွားရေးကိုဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေရတတ်သည်။ ငွေကြေးအကျိုးအမြတ် ရရှိတတ်သည်။ လောင်စာဆီ၊ ဘိလပ်မြေ၊ သစ်တောထွက်ပစ္စည်းများနှင့် အကျိုးပေးတတ်သည်။ ဝန်ထမ်းဖြစ်လျှင် မိမိ၏ ကြိုးစားအားထုတ်မှု အားနည်းနေတတ်သည်။ ပညာရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် စိတ်တိုင်းကျမှုအားနည်းနေတတ်သော်လည်း အောင်မြင်မှုများရရှိခံစားရမည်ဖြစ်ပါသည်။ **ယတြာ။ ။ရေသတ္တဝါများကို ဘေးမဲ့လွှတ်ပေးပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင် အရည်ရွှမ်းသော အသီးအနှံများ၊ လူသုံးကုန်ပစ္စည်းများ အကျိုးပေးကံကောင်းတတ်သည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ရန် ပူပန်သောကဖြစ်နေရတတ်သည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှုကောင်းနေတတ်သည်။ အချစ်ရေးတွင် မေတ္တာကိုတန်ဖိုးထားတတ်သူ ဖြစ်နေလိမ့်မည်။ ကျန်းမာရေး ကောင်းနေသော်လည်းအစားအသောက်၊ အနေအထိုင်မဆင်ခြင်မှုကြောင့် ဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။ဘုရားတွင် ငွေပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** နည်းပညာနှင့်သက်ဆိုင်သော လုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ အများ၏ယုံကြည်လေးစားခြင်း၊ အားထားခြင်းခံရတတ်သည်။ ရွှေ၊ ပတ္တမြား၊ ကြေးနီ၊ နိုင်ငံခြားငွေတို့နှင့် အကျိုးပေးကံကောင်းတတ်သည်။ ပညာရေး ကံကောင်း နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးတွင် တေဇောဓာတ်လွန်ကဲသောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။အရှေ့တောင်ဒေါင့်ဘုရားကို ရေသပ္ပါယ်ပေးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလှကုန်ပစ္စည်း ထုတ်လုပ်ရောင်းဝယ်ခြင်းဖြင့် စီးပွားဥစ္စာ ဖြစ်ထွန်းပါလိမ့်မည်။ ပညာ ဉာဏ်ရည်ထက်မြက်မှု ရှိနေမည်။ စီးပွားရေးတွင် ယှဉ်ပြိုင်မှုများရှိသော်လည်း အောင်မြင်မှုရရှိမည်။ အချစ်ရေးတွင် စဉ်းစားခြင်းဖြင့် အချိန်ကုန်တတ်သည်။ ကျန်းမာရေး အနည်းငယ်ဂရုစိုက်သင့်သည်။

**ယတြာ။ ။ဘုရားတွင် ရေမွှေးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းများ တိုးတက်မှုထိုက်သင့်သလောက် ရှိနေမည်။ ရရန်ရှိသော ငွေကြေးများနှင့် ပစ္စည်းများ ပြန်ရတတ်သည်။ ဓာတ်သတ္တု၊ ရေနံ၊ ဆီထွက်ပစ္စည်းများအကျိုးပေးနေမည်။ ဝန်ထမ်းများ တာဝန်ကိုကျေပွန်စွာ ဆောင်ရွက်နိုင်လိမ့်မည်။ ရာထူးတက်ကိန်းရှိသည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးတွင် နှလုံး၊ လေနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။အဝတ်အထည်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** ဇိမ်ခံပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးအထူးအောင်မြင်မည်။ ပရိဘောဂလုပ်ငန်း၊ အိမ်ဆောက်ပစ္စည်းများနှင့် လျှပ်စစ်ဇိမ်ခံပစ္စည်းများမှ ဝင်ငွေအားကောင်းမှုရှိနေလိမ့်မည်။ ခရီးသွားလုပ်ငန်း ပိုမိုအကျိုးရှိလိမ့်မည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုရှိနေမည်။ အချစ်ရေးတွင် မိမိချစ်သောသူနှင့် ပေါင်းဖက်ရမည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးတွင် မအီမသာဖြစ်တတ်သည်။ **ယတြာ။ ။ဘုရားဖူးခရီးသွားသူအား ဒါနပြုလိုက်ပါ။**



**စနေသားသမီးများအတွက်** ဝီရိယအကျိုးခံစားရမည့် ကာလဖြစ်သည်။ ခဲ၊ သံ၊ ခဲမဖြူစသည့် တွင်းထွက်ပစ္စည်းများနှင့် စီးပွားဖြစ်ထွန်းနိုင်ပါသည်။ ပညာရေးကောင်းမည်။ အချစ်ရေးတွင် ငယ်ချစ်နှင့်ပြန်ဆုံရတတ်သည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးတွင် အကြောအဆစ်၊ လေးဘက်နာဝေဒနာခံစားရမှုရှိနေတတ်သည်။

**ယတြာ။ ။ စားသောက်ကုန်ပစ္စည်းလှူဒါန်းမှု ပြုလုပ်ပေးပါ။**

# ကြက်သွန်နီစိုက်ခင်းဆီသို့

စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်တဲ့ ကြက်သွန်နီဟာ အရသာချိုပြီး ဟင်းလျာတိုင်းမပါမဖြစ် အသုံးဝင်တဲ့သီးနှံတစ်မျိုးဖြစ်ပါတယ်။ ပါးပါးလှီးပြီး အလွယ်တကူ ချက်ပြုတ်စားသောက်ရတာအဆင်ပြေပေမယ့် ကြက်သွန်နီ တစ်လုံးဖြစ်ဖို့ မလွယ်ကူလှပါဘူး။ ကြက်သွန်နီစိုက်ခင်းကိုရောက်မှပဲ ကြက်သွန်မျိုးစေ့ရဖို့ လုပ်ဆောင်ချက်တွေများပြားတာတွေ့ရပါတယ်။ မျိုးရဖို့ ကြက်သွန်မျိုးကောင်းမျိုးသန့်မျိုးဥကို စိုက်ကြပါတယ်။ စိုက်ပျိုးပြီး နှစ်လခွဲခန့် တွင် အနှံလေးများ ထွက်လာပါတယ်။ အနှံခြောက်သွားတော့မှခူးပြီး သုံးရက် ခန့်ထားပြီး နေပြန်လှန်းပါတယ်။ အနှံများခြောက်သွားလျှင် တုတ်ဖြင့်ဖွဖွထုပြီး ပြာတီးကာရရှိလာသည့်အစေ့လေးများကိုလေလုံအောင်ထုတ်ပြီးနောက် နှစ်ကြက်သွန်စိုက်ဖို့ပျိုးပင်အဖြစ် ပြန်ပျိုးရပါတယ်။ ပျိုးပင်ပျိုးတဲ့အခါမှာ တချို့ကင်ုးချေး၊ စပါးခွံနှင့်သဲများ ထည့်ကြပါတယ်။ မိမိကြက်သွန်နီတစ်ဧက စိုက်ခင်းအတွက် ပျိုးပင်မလုံ လောက်တဲ့အခါ အပြင်မှပျိုးပင်များ ဝယ်ယူစိုက်ပျိုးရပါတယ်။ ပျိုးပင်ပျိုးချိန်က အောက်တိုဘာလမှာ ပျိုးပြီး ဒီဇင်ဘာလမှာ စိုက်ကြပါတယ်။

ကြက်သွန်စိုက်တောင်သူများပျိုးပင် မလုံလောက်၍ အပြင်မှဝယ်တဲ့အခါ ပျိုးပင်တစ်ပေါင် (မျိုးစေ့နို့ဆီဗူးလေး ဗူး) ငွေကျပ် ၁၅၀၀၀၀ ရင်းရပါတယ်။ တစ်ဧကစိုက်ခင်းအတွက် ပျိုးပင်ကောင်းလျှင် မျိုးစေ့တစ်ပြည်လေးဗူး စိုက်ရပြီး ပျိုးမကောင်းလျှင် နှစ်ပြည်လေးဗူးစိုက်ရပါတယ်။ တစ်ဧကထွက်နှုန်းက ထွက်နှုန်းကောင်းလျှင် ပိဿာ ၆၀၀၀ ထွက်ပြီး မကောင်းလျှင် ပိဿာ ၄၀၀၀ ထွက်ပါတယ်။

မုံရွာမြို့ ပြည်တော်သာရပ် (အက်တော) မှာ ကြက်သွန်နီမျိုးနှစ်မျိုးဖြစ်တဲ့ ထိပ်မောက်နဲ့ ပိတောက်ပွင့်ဆိုပြီး စိုက်ပျိုးပါတယ်။ မိုးရာသီမှာ ဥစိုက်နှင့် မိတ်ထောင်စိုက်ဆိုပြီး စိုက်ကြပါတယ်။ စိုက်ပျိုးချိန်ကတော့ ဩဂုတ်လ၊ စက်တင်ဘာလမှာ စိုက်ပြီး နိုဝင်ဘာလနဲ့ဒီဇင်ဘာလမှာ ထွက်ရှိပါတယ်။ ဆောင်းစိုက်ကြက်သွန်ကိုတော့ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလမှာ စိုက်ပြီး မတ်လနဲ့ဧပြီလမှာ ထွက်ရှိပါတယ်။ ဆောင်းစိုက်ကို နှင်းအစိုဓာတ်နဲ့ ရေသွင်းစိုက်ပျိုးကြပါတယ်။ အခုဆိုလျှင် ကြက်သွန်အသစ်တွေပေါ်နေပါပြီ။ မုံရွာမှာ ကြက်သွန်နီအဟောင်းက မရှိသလောက်ဖြစ်နေပြီး အသစ်တစ်ပိဿာ ပွဲရုံသွင်းဈေး တစ်ပိဿာကျပ် ၂၂၀၀ ရှိပါတယ်။ လက်လီဈေးက ဥကြီး တစ်ပိဿာကျပ် ၃၀၀၀၊ အလတ်စားကျပ် ၂၅၀၀၊ အသေးကကျပ် ၂၂၀၀ ရှိပါတယ်။ ကြက်သွန်ဈေးတက်ရခြင်းက ယခင်နှစ်မိုးများပြီး အထွက်နှုန်းလျော့နည်းမှုကြောင့်လို့လည်း သိရပါတယ်။

မြေဩဇာအနေနဲ့ မြေဆီအဖြူ (ပုလဲဖြူ)၊ အာမိုမှထုတ်သည့် မြေဆီများကျွေးကြပါတယ်။ တစ်ဧကမြေဆီ ငါးအိတ် (တစ်နှစ်စာ) ကုန်ပါတယ်။ ပိုးသတ်ဆေးအနေနဲ့ မှိုဆေး၊ ရွက်ပြတ်ပိုးဆေးကို နှစ်ပတ်တစ်ကြိမ် ဖျန်းပေးပါတယ်။ အာမိုမှထုတ်တဲ့ အပင်အားဆေးလည်း ဖျန်းပေးပါတယ်။ ကြက်သွန်နီစိုက်တဲ့အခါမြေကြီးကို တစ်လက်မခန့် တူးပြီးတစ်ပင်နဲ့တစ်ပင် လက်တစ် အုပ်ခြားစိုက်ပါတယ်။ စိုက်တဲ့ကာလအတွင်းပေါင်းနှစ်ခါသင်ရပါတယ်။ ပျိုးနုတ်၊ ပေါင်းသင်၊ စိုက်ချိန်နှင့် နုတ်ချိန်မှာလူငှားစိုက်လျှင် တစ်နေကုန် လုပ်အားခအမျိုးသားကျပ် ၅၀၀၀၊ အမျိုးသမီးကျပ် ၃၀၀၀ ပေးရပြီး သရေစာအနေနဲ့မုန့်၊ လက်ဖက်သုတ်တို့လည်း ကျွေးရကြောင်း သိရပါတယ်။

**နှင်းပန်းဖြူ**

## ပျဉ်းမနားမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးအတွက် အန္တရာယ်ကင်းသော ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ပျဉ်းမနားမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး၊ အန္တရာယ်ကင်းသော အစားအသောက်နှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၁၄ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က နေပြည်တော်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ နေပြည်တော်၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်က နေပြည်တော်အတွင်းရှိ အသေးစား စက်မှုလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန ဒေါက်တာချယ်ရီအောင်က စားသောက်ဆိုင်များ၏ သန့်ရှင်းသပ်ရပ်မှုနှင့် ကျန်းမာရေးညီညွတ်မှု ရှိ/မရှိ လိုက်နာရမည့် အချက်များကိုလည်းကောင်း၊ ဒက္ခိဏခရိုင်ဥပဒေအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကပ်တလွန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါအကြောင်းအရာများကိုလည်းကောင်း၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်းက နေပြည်တော်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒက္ခိဏခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသော ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူ၊ စုစုပေါင်း အင်အား ၁၀၈ ဦး တက်ရောက်ခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးထင်လင်း**

**(နေပြည်တော်၊ တပ်ကုန်း)**

## မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းလွန် (အဏ္ဏဝါ)ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ကျောင်းသား/ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် အစားအသောက်များ ရွေးချယ် စားသုံးတတ်စေရန် ရည်ရွယ်၍ မြိတ်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးအေးနှင့်ဝန်ထမ်းများ၊ မြိတ်ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဒီဇင်ဘာလ ၁၂ ရက်တွင် အခြေခံပညာမူလတန်းလွန် (အဏ္ဏဝါ) ကျောင်း၌စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ပါသည်။

အသိပညာပေးဟောပြောရာတွင် ဌာန စတင်ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်များ၊ ခွင့်မပြုဓာတုဆိုးဆေးများ အကြောင်းကိုလည်းကောင်း၊ လုံခြုံစိတ်ချရမှုမရှိသော စားသုံးရန်/သုံးစွဲရန် မသင့် တားမြစ်ထားသော စားသောက်ကုန်များ၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ရာအဆိုပါကျောင်းမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများစုစုပေါင်း ၄၂၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မြိတ်စားသုံးသူ**

# City Mall St. John တွင် Wall Street English သင်တန်းကျောင်းခွဲကို ထပ်မံဖွင့်လှစ်

City Mall St. John တွင် Wall Street English သင်တန်းကျောင်းခွဲ ၂ ကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါသင်တန်းကျောင်းခွဲကို ပထမသင်တန်းကျောင်းဖွင့်လှစ်ပြီး ၁၀ လအကြာတွင် ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်တွင်းမှ အင်္ဂလိပ်စာလေ့လာလိုသူများ အဆင်ပြေစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"ပထမကျောင်းခွဲ တစ်နှစ်မပြည့်ခင် ဒုတိယမြောက်ကျောင်းခွဲကို ဖွင့်နိုင်တဲ့အတွက် ဝမ်းသာပါတယ်။ မြန်မာနိုင်ငံမှာ Wall Street ကျောင်းခွဲပေါင်း ၁၀ ကျောင်းဖွင့်နိုင်အောင် လုပ်ဆောင်သွားမှာပါ။ အခုနောက်ပိုင်း အင်တာဗျူးတွေမေးတဲ့နေရာမှာ အင်္ဂလိပ်ဘာသာစကားက လိုအပ်လာပါတယ်။ အဲဒါကြောင့် ပြည်တွင်းကလူတွေ အင်္ဂလိပ်စာ လေ့လာတဲ့နေရာမှာ အဆင်ပြေအောင် ကူညီဖို့ရည်ရွယ်ပြီး ဖွင့်လှစ်တာပါ။ အင်္ဂလိပ်စာတတ်ကျွမ်းရင် မြန်မာနိုင်ငံမှာမှ မဟုတ်ပါဘူး၊ တစ်ခြားနိုင်ငံမှာ အလုပ်သွားလုပ်မယ်ဆိုရင်လည်း အထောက်အကူပြုပါတယ်"ဟု Wall Street English ၏ မြန်မာနိုင်ငံဆိုင်ရာ အမှုဆောင်အရာရှိချုပ် Mr. Marc Nussaume က ပြောသည်။

"သင်တန်းကျောင်းမှာက ကျောင်းသားတစ်ယောက်ချင်းစီရဲ့ လေ့လာမှုတွေကို စိစစ်ပေးတယ်။ ကွာဟမှုပေါ်မူတည်ပြီးတော့လည်း သူတို့ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတယ်။ ရရှိလာမယ့် ရလဒ်ကိုလည်း အာမခံပေးပါတယ်။ ကိုယ်အဆင်ပြေသလို လေ့လာနိုင်တဲ့အတွက် အတန်းချိန်လွတ်သွားတာမျိုးလည်း မဖြစ်တော့ပါဘူး"ဟု ၎င်းက ထပ်ပြောသည်။

အင်္ဂလိပ်သင်တန်းကျောင်းတွင် အဆင့် ၂၀ ရှိပြီး အဆင့်တစ်ခုပြီးတိုင်းတွင် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးကြောင်း၊ သင်ကြားရာတွင်လည်း အသက် ၁၅ နှစ်အထက် လူလတ်ပိုင်းနှင့် လူကြီးများကိုသာ သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

Wall Street အနေဖြင့် နောက်ပိုင်းတွင် IELTS သင်တန်းများကိုပါ ဖွင့်လှစ်သွားရန်ရှိပြီး လာမည့်နှစ်တွင်လည်း အစုစပ်ရှယ်ယာဝင်ကျောင်းခွဲကို မန္တလေးတွင် ဖွင့်လှစ်သွားမည်ဖြစ်သလို ရန်ကုန်မြို့တွင်လည်း သုံးခုမြောက်ကျောင်းခွဲ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကြေးမှာလည်း ရွေးချယ်သည့်အပေါ် မူတည်၍ ကွဲပြားမှုရှိပြီး အနည်းဆုံး ၂ သိန်းကျော်မှ စတင်ကြောင်း၊ ယခုလအတွင်းကျောင်းအပ်သည့်သူများကိုလည်း အထူးအစီအစဉ်နှင့် ကံစမ်းမဲအစီအစဉ်များကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချောစု

# မိသားစုလိုက် PR ရရှိနိုင်သည့် နယူးဇီလန် အိမ်ခြံမြေအရောင်းပြပွဲ ကျင်းပ

မိသားစုလိုက် PR ရရှိနိုင်သည့် နယူးဇီလန် အိမ်ခြံမြေအရောင်းပြပွဲတွင် နယူးဇီလန်မြောက်ပိုင်းရှိ မြို့တော် အော့ကလန်မှ ကွန်ဒိုစီမံကိန်း ၂ ခုကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါကွန်ဒိုနှစ်ခုစလုံးသည် အော့ကလန်မြို့၏ CBD (Central Business District) ဧရိယာတွင် တည်ရှိပြီး ဘိုးဘွားပိုင်မြေဖြစ်သည့်အတွက် စိတ်ချရကြောင်း သိရသည်။

"အဓိကကတော့ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေနဲ့ ပြည်ပမှာနေချင်တဲ့သူတွေအတွက် သင့်တော်ပါတယ်။ နောက်ပြီး ကိုယ့်နိုင်ငံကလူတွေ ပြည်ပမှာသွားနေတဲ့အခါမှာစိတ်ချရတဲ့အပြင် အလုပ်အကိုင်အခွင့်အလမ်း အားသာချက်တွေကို ရစေချင်တဲ့ရည်ရွယ်ချက်လည်း ပါပါတယ်။ နောက်ပြီး နယူးဇီလန်ရဲ့ ကွန်ဒိုမီနီယံဥပဒေအရ မိသားစုအလိုက် PR ရနိုင်တယ်။ ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက် အဲဒါကအားသာချက်ပဲ။ တချို့နိုင်ငံတွေက PR လျှောက်ရခက်တာတွေရှိတယ်"ဟု Your Property Finder ကုမ္ပဏီမှ အဖွဲ့ခေါင်းဆောင် ကိုဝဏ္ဏထွန်းက ပြောသည်။

အဆိုပါပြပွဲကို ရင်းနှီးမြှုပ်နှံချင်သူများအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံချင်သူများကို ရောင်းချပေးရန်အတွက် အဆင့်မြင့် Luxury Condominium နှစ်ခုဖြစ်သော UNION & CO နှင့် THE VINCENT တို့ကို ရွေးချယ်ထားကြောင်း သိရသည်။

ကွန်ဒိုနှစ်ခုစလုံးကို ၂၀၁၉ ခုနှစ်တွင်ပြီးစီးရန် ရည်မှန်းထားပြီး The Vincent ကွန်ဒိုမှာ တစ်စတုရန်းမီတာလျှင် နယူးဇီလန်ဒေါ်လာ ၁၇၈၀၀ သတ်မှတ်ထားကာ Union & Co ကွန်ဒိုမှာ တစ်စတုရန်းမီတာလျှင် နယူးဇီလန်ဒေါ်လာ ၁၇၃၇၀ သတ်မှတ်ထားကြောင်း သိရသည်။ ချောစု

# Metro Wholesale Myanmar ၏ ပထမဆုံး အလုပ်အကိုင်ပြပွဲတွင် ဝန်ထမ်းအင်အား ၁၇၀ ခန့် ခေါ်ယူသွားမည်

Metro Wholesale Myanmar ၏ ပထမဆုံးအလုပ်အကိုင်ပြပွဲတွင် ဝန်ထမ်းအင်အား ၁၇၀ ခန့် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်အကိုင်ရှာဖွေနေသူများ အနေဖြင့် အဆိုပါပြပွဲ၌ နိုင်ငံတကာ လက်ကားလုပ်ငန်းနှင့် အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဦးဆောင်နေသော ကုမ္ပဏီနှင့် တိုက်ရိုက်ဆွေးနွေးနိုင်သလို HR & E-commerce, Sales and Supply Chain နှင့် အိုင်တီ အလုပ်အကိုင်များမှ ဘဏ္ဍာရေးနှင့် ပတ်သတ်သည့် လုပ်ငန်းများအတွက် ဝန်ထမ်းနေရာ ၁၇၀ ကိုလည်း Metro မှ ဖန်တီးထားကြောင်း သိရသည်။

"Metro အနေနဲ့ တစ်ကမ္ဘာလုံးမှာ ဝန်ထမ်းပေါင်းတစ်သိန်းကျော်ရှိပါတယ်။ ကျွန်တော်တို့ဆီမှာ လာလုပ်မယ့်သူတွေအတွက် အတွေ့အကြုံကောင်းတွေရစေမှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ Metro က ဝန်ထမ်းတွေဖွံ့ဖြိုးတိုးတက်ဖို့ကို အဓိက ထားပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုများလာတဲ့အမျှ ဘယ်စီးပွားရေးလုပ်ငန်းတွေက လယ်ယာလုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းတွေမှာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေသလဲဆိုတာကို တွေးပါတယ်။ ကျွန်တော်တို့အနေနဲ့ ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းသာမက တောင်သူလယ်သမားတွေ၊ သုံးစွဲသူတွေနဲ့ လုပ်ငန်းတွေ ထဲထဲဝင်ဝင် ဆောင်ရွက်သွားမှာပါ။ ပြည်တွင်းမှာ လုပ်ငန်းစတင်တဲ့အခါမှာလည်း ဟိုတယ်နဲ့ စားသောက်ဆိုင်လုပ်ငန်းတွေအတွက် အစားအသောက်နဲ့ အခြားသောပစ္စည်းတွေကို ရောင်းချပေးသွားမှာပါ။ တောင်သူလယ်သမားတွေကိုလည်း နည်းပညာအကူအညီတွေပေးသွားမယ့်အပြင် Supply Chain တစ်ခုလုံးအတွက် စားသောက်ကုန်သန့်ရှင်းရေးစံနှုန်းကိုလည်း အမြင့်မားဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာပါ"ဟု Metro Wholesale Myanmar မှ ဒုတိယ အမှုဆောင်အရာရှိချုပ် Ms. Tiparayat Kaewsringarm က ပြောသည်။

အဆိုပါအလုပ်အကိုင်ပြပွဲတွင် ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က နိုင်ငံတကာမှ ကုမ္ပဏီများဝင်ရောက်လာပြီးနောက် ဖြစ်ပေါ်လာသည့် အလုပ်အကိုင်အခွင့်အလမ်းနှင့် အခြေအနေတို့ကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ ချောစု

# အာရှနှင့်အနောက်နိုင်ငံရှိ တက္ကသိုလ်များ၏ (၈) ကြိမ်မြောက် ပညာရေးသတင်းအချက်အလက်မျှဝေပွဲ ကျင်းပ

အာရှနှင့် အနောက်နိုင်ငံရှိ တက္ကသိုလ်များ၏ (၈) ကြိမ်မြောက် ပညာရေးသတင်းအချက်အလက်မျှဝေပွဲကို ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ် ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါပွဲကြီးတွင် စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံ စသည်တို့မှ ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသလို သွားရောက်သင်ယူနိုင်သော ဘာသာရပ်များအကြောင်းကို နိုင်ငံတကာတက္ကသိုလ်များမှ Admission Officer များကိုယ်တိုင် တစ်ဦးချင်းတိုက်ရိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

"MSI ကဦးစီးကျင်းပတဲ့ ပညာရေး ဆွေးနွေးပွဲကို တစ်နှစ်တစ်ကြိမ် လုပ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ကျောင်းသားမိဘတွေရဲ့တောင်းဆိုချက်အရ နှစ်ကြိမ်လုပ်ဖြစ်တာပါ။ ဒီပွဲကိုလုပ်ခြင်းဖြင့် ကျောင်းသားတွေအတွက် ပညာသင်ဆုတွေ၊ ပညာသင်ထောက်ပံ့ကြေးတွေ ရနိုင်တဲ့အခွင့်အရေးတွေရှိပါတယ်"ဟု MSI မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်က ပြောသည်။

ပညာရေးဆွေးနွေးပွဲကို MSI နှင့် အာရှနှင့် အနောက်နိုင်ငံများအတွင်းရှိ တက္ကသိုလ်များ ပူးပေါင်း၍ကျင်းပခြင်းဖြစ်ပြီး အဆိုပါဆွေးနွေးပွဲသို့ မလာဖြစ်သော ကျောင်းသားကျောင်းသူများအနေဖြင့် ပညာသင်ဆု၊ ပညာသင် ထောက်ပံ့ကြေးများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက MSI နိုင်ငံခြား ပညာရေးဝန်ဆောင်မှုရုံးတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ ချောစု

# MPT ၏ "ပျော်ရွှင်ကံထူးနှစ်သစ်ကူး" ကံစမ်းမဲအစီအစဉ်ကို ဇန်နဝါရီ ၉ ရက်အထိ ပြုလုပ်မည်

MPT ၏ ပျော်ရွှင်ကံထူး နှစ်သစ်ကူး ကံစမ်းမဲအစီအစဉ်ကို ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၉ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွက်ပြုလုပ်သည့် MPT ကံစမ်းမဲအစီအစဉ်တွင် iPhone X အလုံး ၃၀၊ Toyota Vios ကား ၃ စီးအပြင် အထူးဆုကြီးတစ်ဆုအဖြစ် စတားစီးတီးကွန်ဒိုမီနီယံမှ တိုက်ခန်းတစ်ခန်းတို့ကို ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPT အသုံးပြုသူများအနေဖြင့် ယခုကံစမ်းမဲအစီအစဉ်တွင်ပါဝင်နိုင်ရန် လွယ်ကူသောနည်းလမ်းများကို စီစဉ်ပေးထားကြောင်း၊ ဖုန်းဘေလ်တစ်ထောင်ကျပ် ထည့်သွင်းအသုံးပြုရုံဖြင့် ကံစမ်းမဲ




အစီအစဉ်သို့ အလိုအလျောက်ပါဝင်နိုင်မည်ဖြစ်ပြီး ဘေလ် များများထည့်ပါက ကံထူးရှင်ဖြစ်နိုင်မည့် အခွင့်အရေး ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အတွက် ကံစမ်းမဲအစီအစဉ်ကို ထပ်ပြီးမိတ်ဆက်နိုင်တဲ့အတွက် ဝမ်းသာပါတယ်။ ဆုလက်ဆောင်တွေကလည်း အရင်ကထက်ပိုများပြီး ကောင်းမွန်လာတဲ့အပြင် သုံးစွဲသူတွေကို ကျေးဇူးတင်တဲ့အနေနဲ့ နှစ်ကုန်မှာ ဆုကြီးတွေပေးရတာဖြစ်ပါတယ်။ အဲဒါကြောင့် ကံစမ်းမဲအစီအစဉ်မှာ မြန်မြန်ပါဝင်ဖို့လည်း မျှော်လင့်ပါတယ်"ဟု MPT-KSGM Joint Operations မှ Chief Commercial Officer Mr. Reizo Umeda က ပြောသည်။

အဆိုပါအစီအစဉ်တွင် ပါဝင်ကြမည့် သုံးစွဲသူများအတွက် ကံထူးရှင် ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၀ ရက်၊ ၂၇ ရက်နှင့် ဇန်နဝါရီ ၃ ရက်တို့တွင် MPT ၏ တရားဝင် Facebook စာမျက်နှာမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး ကနဦးဆုကြီး ၃ ဆုတွင် iPhone X ခုနှစ်လုံးနှင့် Toyota Vios ကားတစ်စီးတို့ ပါဝင်မည်ဖြစ်ပြီး မဲပေါက်သည့် MPT အသုံးပြုသူများကို တိုက်ရိုက်ဖုန်းခေါ်ဆိုမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အထူးဆုမဲကိုမူ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် မြန်မာ့ပလာဇာ၌ ရွေးချယ်မဲဖောက်ပေးမည်ဖြစ်ပြီး iPhone X ကိုးလုံးနှင့် သန်လျင်မြို့နယ်ရှိ စတားစီးတီးကွန်ဒိုမီနီယံမှ ကွန်ဒိုအခန်းသစ် တစ်လုံးတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ချောစု

# နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်သည်/စက်မှု အသင်းချုပ် ညီလာခံမှဆုံးဖြတ်ချက် ၁၇ ချက် ချမှတ်

ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆုံးဖြတ်ချက် ၁၇ ရပ်ကို ချမှတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပုဂ္ဂလိကလုပ်ငန်းကဏ္ဍကိုယ်စားလှယ် ၁၀၀ ကျော် တက်ရောက်သော ကုန်သည်/ စက်မှုအသင်းချုပ်ညီလာခံတွင် အဆိုပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ခြင်းဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးမှတစ်ဆင့် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုပြန်လည် နာလန်ထူနိုင်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

"ဒီလုပ်ငန်းစဉ် ၁၇ ရပ်ကို အဓိကအားဖြင့် ပုဂ္ဂလိကအသင်းအဖွဲ့များ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ စီးပွားရေးလုပ်



ငန်းများ အားကောင်းခိုင်မာရေးနဲ့ ဆက်သွယ်ပေါင်းစည်းမှုများ ဖွံ့ဖြိုးတိုး တက်ရေးဆိုပြီး ကဏ္ဍသုံးရပ်ခွဲခြားနိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ညီနောင်အသင်းတွေနဲ့ လက်တွဲဆောင်ရွက်သွားမှာပါ။ စီးပွားရေးဖွံ့ဖြိုးအောင်လုပ်ဖို့ အစိုးရပိုင်းကတင်မကဘဲ ပုဂ္ဂလိကအပိုင်းကလည်း လုပ်နိုင်တာတွေကို ညီလာခံကနေဆွေးနွေးအတည်ပြုခဲ့ပါတယ်။ ကျွန်တော်တို့ ပုဂ္ဂလိကကဏ္ဍကို ညီညီညွတ်ညွတ်နဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်သွားမယ်" ဟု မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

ထို့ပြင် စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က လုပ်ဆောင်ပေးဖို့ စဉ်းစားပေးပါရန် အကြံပြုချက် လေးချက်ကို ကုန်သည်/စက်မှု အသင်းချုပ်ညီလာခံ ၂၀၁၇ တွင် တင်ပြခဲ့ပြီး ဒေါက်တာဦးမြင့်၏ အကြံပြုချက် လေးရပ်နှင့် ကုန်သည်/စက်မှု အသင်းချုပ် ညီလာခံ၏ ဆုံးဖြတ်ချက်များကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်အတွက် နိုင်ငံတော်အစိုးရ အကြီးအကဲများထံ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ညီလာခံကို ၁၉၉၂ တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ကြောင်း သိရသည်။

■

# (၉) ကြိမ်မြောက် ဗီယက်နမ်ကုန်စည်ပြပွဲကို ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်

မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော (၉) ကြိမ်မြောက် ဗီယက်နမ်ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်ကာ ဒီဇင်ဘာ ၁၇ ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည်။

(၉) ကြိမ်မြောက် ဗီယက်နမ်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး Mrs.Luan Thuy Duong နှင့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

"အခုကျင်းပတဲ့ ကုန်စည်ပြပွဲဟာ မြန်မာနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပေးနိုင်စေရုံသာမက မြန်မာနဲ့ ဗီယက်နမ်ကုန်စည် တွေအတွက်အလားအလာရှိတဲ့ ဈေးကွက်တွေကိုပါ ဖော်ထုတ်ပေးနိုင်ပါလိမ့်မယ်။ အခုပြပွဲရဲ့ရည်ရွယ်ချက်က ဗီယက်နမ်ကုန်စည်နဲ့ ဝန်ဆောင်မှုတွေကို ပြည်တွင်းမှာ ပြသသွားဖို့ဖြစ်ပါတယ်။ ဒါက ကုန်သွယ်မှုမြှင့်တင်တဲ့နေရာမှာ အထိရောက်ဆုံးနည်းလမ်းတွေထဲကတစ်ခုဖြစ်တဲ့အပြင် နောင်အနာဂတ်မှာ အလားအလာရှိတဲ့ ဈေးကွက်နဲ့ ကုန်စည်တွေကို လေ့လာဖို့အတွက် အခွင့်အလမ်းလည်း ဖြစ်ပါတယ်" ဟု မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောကြားသည်။

အဆိုပါကုန်စည်ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၁၀ ခန့် ခင်းကျင်းပြသခဲ့ပြီး ပြပွဲတွင် ပါဝင်ပြသခဲ့သော ကဏ္ဍငါးခု မှာ စားသောက်ကုန်နှင့် အဖျော်ယမကာ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် စက်ပစ္စည်းကိရိယာ၊ ဝါယာကြိုး-ကေဘယ်ကြိုး နှင့် ရေသွယ်-ဓာတ်ကြိုး သွယ်ရာ၌သုံးသည့် ပိုက်၊ လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းတို့ ဖြစ်ကြောင်း သိရသည်။

# TMH ဆက်သွယ်ရေးအများပိုင် ကုမ္ပဏီက ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်နိုင်ရန်ပြင်ဆင်

TMH Telecom Public Co.,Ltd (တီအမ်အိတ်ချ်ဆက်သွယ်ရေးအများပိုင်ကုမ္ပဏီ)က ရန်ကုန်စတော့အိတ်ချိန်းသို့ ၂၀၁၈ နှစ်ဆန်းပိုင်းတွင် ဝင်ရောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာဦးသီဟလွင်က ပြောကြားသည်။

"ရန်ကုန်စတော့အိတ်ချိန်းကိုလည်း ငါးခုမြောက်ကုမ္ပဏီအဖြစ်ဝင်ရောက်နိုင်ဖို့ပြင်ဆင်နေပါတယ်။ ၂၀၁၈ နှစ်ဆန်းပိုင်းလောက်မှာ ရန်ကုန်စတော့အိတ်ချိန်းကိုဝင်ရောက်ဖို့ ခန့်မှန်းထားပါတယ်"ဟု ဦးသီဟလွင်ကပြောကြားသည်။

TMH Telecom Public Co.Ltd ကို ၂၀၀၇ ခုနှစ်တွင်စတင်တည်ထောင်ပြီး တယ်လီကွန်းဆားဗစ်တပ်ဆင်ခြင်းနှင့် ရေရှည်ထိန်းသိမ်းခြင်းလုပ်ငန်း၊ Internet Service Provider (ISP) လုပ်ငန်း၊ တယ်လီဖုန်းငွေဖြည့်ကတ်ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါကုမ္ပဏီမှ အများပြည်သူသို့ ကနဦးအစုရှယ်ယာများကမ်းလှမ်းရောင်းချနိုင်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ကိုရရှိခဲ့ပြီး အဆိုပါကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ကနဦးအစုရှယ်ယာများကမ်းလှမ်းရောင်းချခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်းအဆောက်အဦ၌ ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တွင် ပြုလုပ်ခဲ့သည်။

"စုစုပေါင်း ထုတ်ဝေရောင်းချမယ့် ရှယ်ယာအရေအတွက်က ငါးသိန်းကျော်လောက်ရှိပါတယ်။ အနိမ့်ဆုံး



ကျပ် ၃၀၀၀ ကနေ ကျပ် ၃၃၀၀ ကြားမှာ ရောင်းချပေးသွားပါမယ်။ အခုရှယ်ယာရောင်းချလို့ရရှိမယ့် ရင်းနှီးငွေပမာဏကတော့ ကျပ် ၁ ဒသမ ၅၉ ဘီလီယံမှ ၁ ဒသမ ၆၃ ဘီလီယံကြားဖြစ်ပါတယ်" ဟု ဦးသီဟလွင်က ဆက်လက် ပြောကြားသည်။

အစုရှယ်ယာ ဝယ်ယူခွင့်လျှောက်လွှာများကို ဒီဇင်ဘာ ၁၅ ရက်တွင် စတင်လက်ခံသွားမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်နောက်ဆုံးထား၍ လျှောက်လွှာများ လက်ခံမည်ဖြစ်သည်။ ကုမ္ပဏီ ၏ Lead Underwriter အဖြစ် MSEC၊ Co Underwriter အဖြစ် KBZSC, CBSC, AYA Trust, KTZrh နှင့် AIS တို့က ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ လေးခုမှာFMI၊ MTSH၊မြန်မာနိုင်ငံသားများဘဏ်နှင့် ပထမပုဂ္ဂလိကဘဏ်တို့ဖြစ်သည်။

■

သန်းထိုက်အောင်စုစည်းသည်။

## Huawei Nova 2i အပြာရောင် စမတ်ဖုန်းကို ပြည်တွင်း၌ ဝယ်ယူနိုင်

Huawei Nova 2i အပြာရောင် စမတ်ဖုန်းအမျိုးအစားကို ပြည်တွင်းဈေးကွက်၌ ဒီဇင်ဘာ ၁၄ ရက်မှစတင်ကာ ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း Huawei Device Myanmar ကုမ္ပဏီ မှ သတင်းရရှိသည်။

Huawei Nova 2i စမတ်ဖုန်းအမျိုးအစားသစ်ကို နိုဝင်ဘာ ၁၀ ရက်က အနက်ရောင်နှင့် ရွှေရောင်ကို စတင်ရောင်းချပေးခဲ့ကြောင်း သိရသည်။

"သုံးစွဲသူတွေရဲ့တောင်းဆိုချက်အရ Huawei Nova 2i အပြာရောင်ကို ဒီဇင်ဘာ၁၄ရက်က စပြီးရောင်းချပေးသွားမှာဖြစ်ပါတယ်။ သုံးစွဲသူတွေအနေနဲ့လည်း သင့်တော်တဲ့ဈေးနှုန်းနဲ့ နည်းပညာမြင့်စမတ်ဖုန်းတွေကို အသုံးပြုနိုင်ဖို့အတွက် Huawei က ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ကျွန်မတို့ Brand အနေနဲ့ အရင်တုန်းကတစ်ခါမှမလုပ်ဘူးတဲ့ Campaign တွေ လုပ်ဆောင်ခဲ့ရာမှာ တော်တော်လေးအောင်မြင်မှု ရခဲ့ပါတယ်။ အခုထွက်ရှိထားတဲ့ Huawei Nova 2i ဆိုရင် ခရီးသွားအစီအစဉ်တစ်ခုပါ ရိုက်ကူးခဲ့ပါတယ်။ အဲဒါကို မကြာမီအချိန်အတွင်းမှာပဲ Huawei Mobile MM Page မှာ ပြသသွားမှာဖြစ်ပါတယ်" ဟု Huawei Device Myanmar ကုမ္ပဏီ ၏ Marketing Director မခင်ရတနာဝင်းက ပြောသည်။

Huawei Nova 2i ကို ကျပ် ၃၃၉၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး ဝယ်ယူသူများအနေဖြင့် Huawei PowerBank 5000mAh ကို လက်ဆောင်ရရှိနိုင်မည်ဖြစ်ကာ အဆိုပါဖုန်းနှင့် MPT ဆင်းကတ်ကိုအသုံးပြုသူများမှာ လစဉ် ကျပ် ၅၀၀၀ ဖုန်းငွေဖြည့်ရုံဖြင့် အင်တာနက်အသုံးပြုရန် ၃၀၀၀ ကျပ်ကို ၁၂ လထိရရှိနိုင်မည်ဖြစ်ကြောင်း သိရ သည်။

Huawei ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို နိုင်ငံပေါင်း ၁၇၀ ကျော်တွင် ရရှိနေပြီဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စမတ်ဖုန်းတင်ပို့မှု အဆင့်သတ်မှတ်ချက်အရ တတိယနေရာ၌ရှိကြောင်း သိရသည်။



## မြို့ကြီးများ၏ ၁၈-၁၂-၂၀၁၇ မှ ၂၂-၁၂-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၈-၁၂-၂၀၁၇) | အင်္ဂါ(၁၉-၁၂-၂၀၁၇) | ဗုဒ္ဓဟူး(၂၀-၁၂-၂၀၁၇) | ကြာသပတေး(၂၁-၁၂-၂၀၁၇) | သောကြာ(၂၂-၁၂-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၂°C/၈၉°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | နေသာ ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F |
| မြစ်ကြီးနား | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၆°C/၇၉°F | တိမ်အသင့်အတင့် ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F |
| လားရှိုး | နေသာ ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၄°C/၇၄°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၃°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၃°C/၇၄°F | တိမ်အသင့်အတင့် ၂၂°C/၇၂°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၃°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၂၅°C/၇၇°F | တိမ်အသင့်အတင့် ၂၃°C/၇၄°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၄°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၁၉°C/၆၇°F | နေသာ ၁၉°C/၆၆°F | နေသာ ၁၉°C/၆၇°F | နေသာ ၂၁°C/၆၉°F |
| မော်လမြိုင် | နေသာ ၃၁°C/၈၈°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၃°F | နေသာ ၃၁°C/၈၅°F | နေသာ ၃၃°C/၈၇°F |
| ဘားအံ | နေသာ ၃၂°C/၉၀°F | နေသာ ၃၁°C/၈၇°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F |
| တောင်ငူ | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F |
| မုံရွာ | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F |
| ပုသိမ် | နေသာ ၃၂°C/၈၉°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F |
| မြိတ် | နေသာ ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F |
| စစ်တွေ | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F |
| မကွေး | နေသာ ၃၁°C/၈၈°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| ဖလမ်း | နေသာ ၁၉°C/၆၇°F | တိမ်အသင့်အတင့် ၁၈°C/၆၅°F | တိမ်အသင့်အတင့် ၁၈°C/၆၄°F | တိမ်အသင့်အတင့် ၁၈°C/၆၅°F | တိမ်အသင့်အတင့် ၁၉°C/၆၇°F |



# အီရန်နိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်ခတ်

အီရန်နိုင်ငံ၊ ကီရာမင်ပြည်နယ် အရှေ့မြောက်ပိုင်းကိုဗဟိုပြု၍ ဒီဇင်ဘာ ၁၂ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့၏သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ အီရန်တိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများစာရင်းကို ပြုစုနေဆဲဖြစ်ပြီး သတင်းအတိအကျ မရရှိသေးကြောင်း အီရန်ရုပ်သံသတင်းဌာန၏ ကြေညာချက်အရ သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ အင်အားပြင်းငလျင် မလှုပ်ခတ်မီ ဒီဇင်ဘာ ၁၁ ရက်တွင် အီရန်နိုင်ငံအနောက်ပိုင်း၌ အင်အားရစ်ချ်တာ စကေး ၅ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့သေးသည်ဟုဆိုသည်။

ပြီးခဲ့သည့်လအတွင်းကလည်း အီရန်နိုင်ငံတွင် အင်အားရစ်ချ်တာစကေး ၇ အဆင့်ရှိသည့် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ရာ လူပေါင်း ၅၃၀ ကျော် သေဆုံးခဲ့ရသည်။

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ငလျင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများအား ရုပ်သံအစီအစဉ်မှတစ်ဆင့် အားပေးစကား ပြောကြားခဲ့သည်ဟုဆိုသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၈ ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ်အဆောက်အဦများ အများအပြား ပျက်စီးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ သို့သော် နိုင်ငံပိုင်သတင်းဌာနများကမူ ဒဏ်ရာရရှိသူနှင့် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့ကြောင်း ဖော်ပြထားသည်။

ငလျင်ဒဏ်ခံခဲ့ရသည့် ကီရာမင်မြို့သည် လူဦးရေ ရှစ်သိန်းကျော် နေထိုင်သည့်မြို့ဖြစ်ပြီး လူနေထူထပ်သည့် မြို့ဖြစ်ကြောင်း၊ ထို့ကြောင့် ဒဏ်ရာရရှိသူများလည်း များပြားနိုင်ကြောင်း၊ ၎င်းတို့ပြုစုထားသည့်စာရင်းများအရ ဒဏ်ရာရရှိသူပေါင်း ၈၀ကျော်အထိရှိလာကြောင်း Earth Report တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံတွင် ၂၀၀၃ ခုနှစ်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူပေါင်း ၂၆၀၀၀ ကျော် သေဆုံးခဲ့ရသည်။

**မယ်သီတာ**

# အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် အင်အားပြင်းငလျင်လှုပ်ခတ်၊ လူနှစ်ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် ဒီဇင်ဘာ ၁၅ ရက်ည ဒေသစံတော်ချိန် ၁၁ နာရီ ၄၇ မိနစ်အချိန်တွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အားပြင်း ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူနှစ်ဦး သေဆုံးပြီး နေအိမ်အဆောက်အဦပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ သေဆုံးသူနှစ်ဦးမှာ သက်ကြီးရွယ်အိုများဖြစ်ပြီး နေအိမ်များ ပြိုကျမှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုသည် မြို့တော် ဂျကာတာ၏ ကီလိုမီတာ ၂၀၀ ခန့်အကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး စက္ကန့် ၃၀ အထိ ကြာမြင့်ခဲ့ကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ဂျာဗားကျွန်းတွင် နေထိုင်ကြသူများသည် ဆူနာမီဖြစ်ပေါ်မည်ကို စိုးရိမ်သဖြင့် ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် ထွက်ပြေးလာကြကြောင်း၊ နေအိမ်ပေါင်း ရှစ်ဆယ်ကျော် ပြိုကျပျက်စီးခဲ့ပြီး လူပေါင်းခြောက်ဆယ်ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုသည် ကျေးရွာပေါင်း ၁၀၀၀ ကျော်အထိ ရိုက်ခတ်ခဲ့ကြောင်း ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းအထိ ငလျင်အသေးစားလေးများ လှုပ်ခတ်နေဆဲဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူSutopo Purwo Nugroho က ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဆေးရုံများ အများအပြား ပျက်စီးခဲ့ရပြီး စာသင်ကျောင်းများလည်း ပြိုကျပျက်စီးခဲ့ရကြောင်း သတင်းများတွင်ဖော်ပြထားသည်။

ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား Banyumas ဆေးရုံသို့ပို့ဆောင်ပြီး ကုသပေးလျက်ရှိကြောင်း Nugroho က ထပ်မံပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ အားချေးပြည်နယ်တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၆ ရက်က အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် လူ ၁၀၀ ခန့် သေဆုံးခဲ့ရသည်။

**မယ်သီတာ**

## ကျောက်ဆည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၈ တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူ ကိုယ်စားလှယ်များ၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ကျောက်ဆည်ခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်စိုးမိုးက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်မှုများ၊ ယခင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ငါးရပ်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားခြင်း၊ ခရိုင်အတွင်းရှိ အခြားမြို့နယ်များမှ လုပ်ငန်းရှင်များအားလည်း ခေါ်ယူတွေ့ဆုံသွားမှာဖြစ်ကြောင်း၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဗဟိုကော်မတီမှ အစည်းအဝေးကို တစ်လတစ်ကြိမ် ကျင်းပသွားမှာဖြစ်သည့်အတွက် တက်ရောက်လာသူများက ဝိုင်းဝန်း ဆွေးနွေးပေးစေလိုပါကြောင်း၊ ကျောင်းများတွင် ရောင်းချလျက်ရှိသော မုန့်ဈေးတန်းများကိုလည်း အမြဲမပြတ်စစ်ဆေးလျက်ရှိကြောင်း၊ CICC ရုံးခန်းကိုလည်း စုပေါင်းရုံးကြီး၏မျက်နှာစာတွင် အသစ်ဆောက်လုပ်လျက်ရှိကြောင်း၊ CICCရုံး၏ ရည်ရွယ်ချက်များနှင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်၊ သက်ဆိုင်ရာအစိုးရဌာနများသို့လွှဲပြောင်း ဆောင်ရွက်ပုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များက ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။ **နှင်းလဲ့လဲ့ (ကျောက်ဆည်)**

## ဒဂုံ(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမတွင် စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)၊ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာလ ၈ ရက်တွင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါခိုင်က စက်မှုဇုန်အတွင်းရှိ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်၊ တားမြစ်ချက်များနှင့် စားသောက်ကုန်များ၏ အမှတ်တံဆိပ်တွင် အဓိကထားဖော်ပြပေးရမည့်အချက်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်လေးက ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေတွင်ပါရှိသည့် ပြဌာန်းချက်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် အခြေအနေတို့ကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)မှ ဦးစီးအရာရှိ ဦးဖြိုးမာန်သက်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဌာနခွဲမှူး ဦးအောင်ပြည့်စိုးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(စီမံရေးရာဌာန)မှ ဌာနစုမှူး ဦးစိုးညွန့်အောင်တို့က ၎င်းတို့နှင့်သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် ဆွေးနွေးခဲ့ကြပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)၊ တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ပါတယ်။

**လဲ့လဲ့ဌေး(စားသုံးသူ)ရန်ကုန်**

## ဂန့်ဂေါခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၆/၂၀၁၇)နှင့် ပခုက္ကူခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၉/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

ဂန့်ဂေါခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ၆/၂၀၁၇ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက်တွင် ဂန့်ဂေါခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဂန့်ဂေါ ခရိုင်၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးသန်းဦးက နိုဝင်ဘာ ၂၆ ရက်က ဂန့်ဂေါမြို့ပေါ်ရှိ လက်လီလက်ကားကုန်စုံဆိုင်ကြီး ခြောက်ဆိုင်အား စစ်ဆေးခဲ့ရာ သက်တမ်းလွန်စားသောက်ကုန် ၂၄ မျိုးကို သိမ်းဆည်းရရှိခဲ့ပြီး ၁၂ လပိုင်းတွင် စုပေါင်းမီးရှို့ရန် အတည်ပြုပေးစေလိုကြောင်း၊ ကွင်းဆင်းစစ်ဆေးရာတွင် မြန်မာစာတန်းမပါ သောအသင့်စားကြက်သားစည်သွတ်ဗူး၊ ဝက်သားစည်သွတ်ဗူးများကိုလည်း တွေ့ရှိရကြောင်း၊ ဆက်လက်မရောင်းချရန်လည်း တားမြစ်ခဲ့ကြောင်း၊ နယ်မြေများသို့ ကွင်းဆင်းရာတွင် တစ်ကြိမ်မျှ မရောက်ရှိသေးသော ကျေးရွာများ၊ ကျောင်းများသို့ဦးစားပေးသွားရကြောင်း၊ တက်ရောက်လာကြသော ကော်မတီဝင်များမှလည်း အကြံပြုပြောကြားစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ အလားတူ ပခုက္ကူခရိုင် စားသုံးသူအငြင်းပွား မှုဖြေရှင်းရေးအဖွဲ့၏ ၉/၂၀၁၇ ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၅ ရက်တွင် ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ရုံးခန်း၌ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ဂန့်ဂေါခရိုင်၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး (ခရိုင်ဦးစီးမှူး) ဦးသန်းဦးက ပခုက္ကူမြို့နယ်၊ ကမ္မမြို့ မြို့မဈေးတွင် FDAမှ ဦး ဆောင်၍ သက်တမ်းလွန်ဆေးဝါး ၁၆ မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် ၂၂၄၀၀ ရှိကြောင်း၊ သိမ်းဆည်းခဲ့သော သက်တမ်းလွန်ပစ္စည်းများကို မီးရှို့ဖျက်ဆီးရာတွင် ကျောင်းသား/သူများ သိရှိစေရန် စာသင်ကျောင်းများတွင် လက်တွေ့ဖျက်ဆီးလိုကြောင်း၊ မိမိတို့အနေဖြင့် ပဲသုံးမျိုးအတွက် ပြည်တွင်းပဲစားသုံးနိုင်ရေးကိုလည်း ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်နေကြောင်း၊ ဆိတ်၊ သိုး၊ နွား အစုအဖွဲ့များအတွက်လည်း လုပ်ကိုင်ဆောင်ရွက်နေသည် ဖြစ်၍ မွေး/ကုဌာနမှလည်းကူညီပေးစေလိုကြောင်း၊ ဌာနဆိုင်ရာများမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အဆင်ပြေမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်ပညာရေးမှူး၊ FDA မှ ခရိုင်တာဝန်ခံ၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးတို့က သက်ဆိုင်ရာကဏ္ဍအသီးသီး အလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ **သူဇာကျော်(ပခုက္ကူ)**

## ဖျာပုံမြို့နယ်ကျုံတာကျေးရွာ အ-ထ-က ရှိ မုန့်ဈေးတန်းအားကွင်းဆင်းစစ်ဆေးပြီး စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးစိုးမင်းထိုက်နှင့် ဝန်ထမ်းများသည် ကျုံတာကျေးရွာ အ. ထ. က ရှိကျောင်းမုန့်ဈေးတန်း အားဒီဇင်ဘာလ ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး စားသုံးသူအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြပါသည်။

အဆိုပါကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးရာတွင် ကျောင်းစားသုံးသူရေးရာအဖွဲ့နှင့် ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းပါဝင်၍ သန့်ရှင်းလတ်ဆတ်မှုမရှိသော အစားအစာများ ရောင်းချခြင်းမပြုရန်နှင့် သက်တမ်းကုန်ဆုံးရက်၊ ထုတ်လုပ်သည့်ရက်စွဲ၊ နေရပ်လိပ်စာ အပြည့်အစုံပါရှိသော အစားအစာများ၊ မြန်မာစာသားဖြင့် ဖော်ပြထားသော အစားအစာများကိုသာ ရောင်းချရန် အသိပညာပေး ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် စားသုံးသူအသိပညာပေးဟောပြောပွဲအား ကျင်းပခဲ့ရာ မြို့နယ်တာဝန်ခံနှင့် ဒုတိယမြို့နယ် တာဝန်ခံတို့က စားသုံးရန်မသင့်အစားအသောက်များနှင့် မုန့်ပဲသရေစာများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြပါသည်။ အဆိုပါဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဈေးသည်များ စုစုပေါင်း ၆၇၂ ဦး တက်ရောက်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပုသိမ်ခရိုင် စားသုံးသူအငြင်းပွား မှုဖြေရှင်းရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၈ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး၊ စားသုံးသူရေးရာ ဦးစီးဌာနခရိုင်ဦးစီးမှူး (အတွင်းရေးမှူး) နှင့် အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ ဌာနမှဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ အတွင်းရေးမှူးက ဗဟိုကော်မတီနှင့် တိုင်းအငြင်းပွားမှုအဖွဲ့တို့မှ ညွှန်ကြားစာများအား ဖတ်ကြားရှင်းလင်းတင်ပြခြင်း၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများအား အဖွဲ့ဝင်များသို့ ရှင်းလင်းတင်ပြပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**





No(3), Yadanarmon(7)Street, Yadanarmon Housing, Hlaing Township, Yangon, Myanmar.
Ph : 09-73111123, 09-73111166, 09-73250959, Office : 09-31646740, 09-31642345 gmail:hyperautosalecentre@gmail.com

# LUCKY MAXIMUM SERVICE CO., LTD.

## Car Sale Center(မော်တော်ယာဉ် အရောင်းစင်တာ)






**Address: No 17, Aye Yeik Mon 3rd Street, 4 Ward, Hlaing Tsp, Yangon, Myanmar.**
**Telephone: (+95) 09 30162626, 09 33309988, 09 965002089 Email: luckymaximum@gmail.com**

# အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် CLMV နိုင်ငံများ

[ အောင်ထူး ]

**ယခင်တစ်ပတ်မှအဆက်**

ဒုတိယအကြိမ်စက်မှုတော်လှန်ရေးကတော့ ပထမကမ္ဘာစစ်မတိုင်မီ ၁၈၇၀ ခုနှစ်နှင့် ၁၉၁၄ ခုနှစ် အကြားဖြစ်ပေါ်ခဲ့ပါတယ်။ ဒီကာလမှာ သံမဏိလုပ်ငန်း၊ ရေနံနဲ့ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုတွေ ဖြစ်ပေါ်လာခဲ့ပြီး လျှပ်စစ်ဓါတ်အားကို အသုံးပြုပြီးကုန်ချောများ အကြီးအကျယ်ထုတ်လုပ်တဲ့ လုပ်ငန်းများပေါ်ပေါက်လာခဲ့ပါတယ်။ ဒီကာလမှာ အဓိကနည်းပညာတိုးတက်မှုတွေက ဂရေဟမ်ဘဲလ်ရဲ့ တယ်လီဖုန်း တီထွင်မှု၊ အယ်ဒီဆင်ရဲ့ မီးသီးများတီထွင်မှု၊ ကင်မရာ တီထွင်မှုနဲ့ ဓာတ်ဆီ၊ ဒီဇယ်အင်ဂျင်များ တီထွင်မှုများပဲ ဖြစ်ပါတယ်။

တတိယစက်မှုတော်လှန်ရေးကတော့ သတင်းနှင့်အချက်အလက်နည်းပညာ တော်လှန်ရေး(digital revolution)ဖြစ်ပါတယ်။ ဒါကတော့ စက်ယန္တရားကို အသုံးပြုတဲ့ကိရိယာများနဲ့ အန်နာလော့စနစ် (analog)ကနေ ဒစ်ဂျစ်တယ်နည်းပညာ (digital technology) ကို ပြောင်းလဲခဲ့ခြင်း ဖြစ်ပါတယ်။ တတိယစက်မှုတော်လှန်ရေးဟာ ၁၉၈၀ ခုနှစ်များကစတင်ခဲ့ပြီး ယခုအချိန်အထိ ဆက်လက်ဖြစ်ပေါ်နေပါတယ်။ ဒီတတိယစက်မှုတော် လှန်ရေးမှာ ကွန်ပျူတာအငယ်စားများ တီထွင်လာခြင်း၊ အင်တာနက်နဲ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာခြင်းဖြစ်ပါတယ်။

ယခုအချိန်မှာတော့ ကမ္ဘာကြီးဟာ စတုတ္ထ စက်မှုတော်လှန်ရေးကို တက်လှမ်းနေပါတယ်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ လ ၁၂ ရက်က ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထစက်မှုတော်လှန်ရေးဖိုရမ်မှာ ဗီယက်နမ်နိုင်ငံ စက်မှုနဲ့ကူးသန်းရောင်းဝယ်ရေးဒုတိယဝန်ကြီးက ဗီယက်နမ်နိုင်ငံ ခေတ်မီစက်မှုနိုင်ငံ ဖြစ်ပေါ်မှုကို အရှိန်အဟုန်မြင့်မားစေရေးအတွက် စတုတ္ထစက်မှုတော်လှန်ရေးဟာ အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်တယ်လို့ ဆိုပါတယ်။ စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပတဲ့ "Industrial Revolution 4.0 Forum"မှာ ဗီယက်နမ်နိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေကို နည်းပညာတိုးတက်ပြောင်းလဲမှုများရဲ့ အခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ဒီနည်းပညာ တိုးတက်ပြောင်းလဲမှုဟာ ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိမယ်ဆိုတာကို ဆွေးနွေးခဲ့ကြပါတယ်။ ဗီယက်နမ် စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက စတုတ္ထစက်မှုတော်လှန်ရေးဟာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ဖြစ်ပေါ်နေပြီး ကမ္ဘာတစ်ဝန်းထုတ်လုပ်မှု၊ စီမံအုပ်ချုပ်မှု၊ စီမံခန့်ခွဲ မှုစနစ်များကို ပြောင်းလဲသွားစေလိမ့်မယ်လို့ ဟောကိန်းထုတ်ခဲ့ပါတယ်။

အာဆီယံနိုင်ငံတွေဟာ စတုတ္ထစက်မှုတော်လှန်ရေးအတွက် ပြင်ဆင်နေကြပါပြီ။ ဒါကြောင့် ၂၀၁၇ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံက ဥက္ကဋ္ဌရဲ့ အဓိကဦးဆောင်မှု(Theme)ကို အများပါဝင်ပြီး တီထွင်ဖန်တီးမှုဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှု (Inclusive, Innovation-led Growth) လို့ ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားတွေလည်း ဒစ်ဂျစ်တယ် ရေစီးကြောင်းမှာ လိုက်ပါနေကြပါပြီ။ မြန်မာ နိုင်ငံရဲ့လက်ကိုင်ဖုန်း ထိုးဖောက်မှုဟာ ၈၉ ရာခိုင် နှုန်းရှိတယ်လို့ ဆိုပါတယ်။ Wave Money, OK, M-Pitesan တွေနဲ့ ရွှေ့လျား ငွေပေးချေမှု(mobile payment) တွေလုပ်လာကြပြီ။ အင်တာနက်မှာ အရောင်းအဝယ်လုပ်လာကြပြီ။ မြန်မာနိုင်ငံဟာ ရုပ်မြင်သံကြားခေတ်က အဖြူအမည်းရုပ်သံကိုကျော်ပြီး ရောင်စုံရုပ်သံစနစ်ကို ကူးခဲ့ကြတယ်။ ဂရေဟမ်ဘဲလ်ရဲ့ မြေပြင်တယ်လီဖုန်းစနစ် (land line phone system)အစားလက်ကိုင်ဖုန်းစနစ် (mobile telephone system)ကို ကျော်လွှားခဲ့ကြပြီ။ ဘဏ်များအစား ရွှေ့လျား ငွေကြေးဖလှယ်မှုစနစ် (mobile payment system) ကို ပြောင်းခဲ့ကြပါပြီ။ မြန်မာနိုင်ငံအနေနဲ့ ခေတ်တွေကိုကျော်လွှားပြီး စတုတ္ထစက်မှုတော်လှန်ရေးခေတ်ကို မကြာမီ ကျော်လွှားရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။

**မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုက ဘာလဲ**

နိုင်ငံခြားသားတွေနဲ့တွေ့တိုင်း မြန်မာနိုင်ငံမှာ အခွင့်အလမ်းတွေနဲ့ ပြည့်နေသလို စိန်ခေါ်မှုတွေ ရှိနေတယ်လို့ ပြောကြတယ်။



ဒီစိန်ခေါ်မှုတွေက ဘာလဲ။ နှစ်ပေါင်းများစွာအထီးကျန် ဖြစ်နေခဲ့တဲ့ မြန်မာနိုင်ငံမှာ ခေတ်နောက်ပြန်ဆွဲတဲ့ အတွေးအခေါ်တွေရှိနေဆဲဖြစ်တာကို တွေ့ရပါတယ်။ ဥပမာ တစ်နိုင်ငံလုံးထင်းနဲ့ မီးသွေးသုံးနေပေမယ့် ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်ဖို့ကျတော့ လက်တွန့်နေကြတယ်။ ပတ်ဝန်းကျင်ကိုထိန်းသိမ်းရ မယ်ပေါ့။ ကျောက်မီးသွေးကြောင့် လူတွေအများကြီး သေကုန်မယ်ပေါ့။ တစ်နေ့တစ်နေ့မြန်မာနိုင်ငံမှာသုံးနေတဲ့ ထင်းနဲ့မီးသွေးဟာ တန်ချိန်ထောင် ပေါင်းများစွာရှိပြီး ပတ်ဝန်းကျင်ကို ဘယ်လောက် ထိခိုက် နေမလဲလို့ တွေးမိကြပါရဲ့လား။ သဘာဝဓာတ်ငွေ့တွေ ထွက်ပါလျက်နဲ့ သဘာဝဓာတ်ငွေ့တွေကိုပြည်ပပို့နေကြတယ်။ အာဆီယံနိုင်ငံတွေမှာ ချက်ပြုတ်ရေးအတွက် လျှပ်စစ်နဲ့ သဘာဝဓာတ်ငွေ့ရည်ကို သုံးနေကြပါတယ်။ ဘာကြောင့် မလုပ်နိုင်ကြတာလဲ။ လျှပ်စစ်ရထားလုပ်မယ်ဆိုတော့ လျှပ်စစ်ပြတ်ရင် ဘယ်လိုလုပ်မလဲလို့မေးကြတယ်။ လျှပ်စစ်ရအောင် ဘယ်လိုလုပ်မလဲလို့ မစဉ်းစားမိကြဘူး။ နိုင်ငံတစ်ဝန်းလုံး အာဟာရချို့တဲ့မှု ဖြစ်နေတယ်။ ဒါပေမဲ့ အာဟာရပြည့်ဝလှတဲ့ ပဲကိုမစားဘဲ ကမ္ဘာပေါ်မှာ တတိယအများဆုံး ပဲတင်ပို့တဲ့နိုင်ငံအဖြစ် ဂုဏ်ယူနေကြတယ်။ ရှည်လျားလှတဲ့ မြစ်ကြောင်း၊ ရထားပို့ဆောင်ရေး စနစ်တွေကို ကောင်းအောင်မလုပ်ဘဲ ထရပ်ကားတွေနဲ့ လောင်စာဆီများစွာသုံးပြီး သယ်ယူပို့ဆောင်နေကြတယ်။ တရုတ်နိုင်ငံက ပိုက်လိုင်းကြောင့် မြန်မာပြည်ကြီး နှစ်ခြမ်းကွဲပါပြီလို့ မြည်တွန်နေကြပေမယ့်၊ ဒီရေနံပိုက်လိုင်း ဖြတ်သွားရာ မကွေး၊ မန္တလေးနဲ့ ရှမ်းပြည်နယ်မှာ ရေနံချက်စက်ရုံတွေ တည်ပြီး အရှေ့အလယ်ပိုင်းကဝယ်တဲ့ရေနံစိမ်းတွေကို ပိုက်လိုင်းနဲ့ သယ်၊ ဓာတ်ဆီနဲ့ဒီဇယ်ဆီထုတ်လုပ်ရောင်းချရင် သယ်ယူပို့ဆောင်ခစရိတ်တွေ အများကြီး သက်သာမှာပဲလို့ စဉ်းစားမိပါရဲ့လား။

နောက်စိန်ခေါ်မှုကတော့ စီးပွားရေးလုပ်ငန်းရှင်အချို့ဟာ ခေတ်ဟောင်းမှာ သာယာနေကြတယ်။ ခေတ်ဟောင်းတုန်းကလို တစ်ရာကျပ်ရင်းရင် တစ်ရာထက်မက မြတ်ချင်ကြတယ်။ ဒီတော့ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အစဉ်အလာမဟုတ်တဲ့ ဈေးကစားအမြတ်ရှာဖို့ အားထုတ်ကြတယ်။ မြေတွေဝယ်ထားပြီး မြေဈေးတက်အောင်လုပ်ကြတယ်။ ကားပါမစ်တွေရအောင်လုပ်ပြီး ချမ်းသာဖို့လုပ်ကြတယ်။ ဒေါ်လာကို ဈေးကစားကြတယ်။ ဘယ်ဘောဂဗေဒသီအိုရီနဲ့ ပြောပြောလွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ဆိုတာ ဒါမျိုး မဟုတ်ပါဘူး။ လက်ဝါးကြီးအုပ်အမြတ်ထုတ်လို့ မရတဲ့အခါ လက်ရှိစီးပွားရေးစနစ်ဟာ ပျက်တော့မှာပဲ၊ စီးပွားရေးတွေ ကျဆင်းနေပြီလို့ ဝိုင်းပြောကြတယ်။ တကယ်တော့ စီးပွားရေးကို ပြဋ္ဌာန်းတာက ထုတ်လုပ်သူတို့ရဲ့ ရောင်းအားနဲ့စားသုံးသူများရဲ့ ဝယ်အားပဲ။ ဒီရောင်းအားနဲ့ဝယ်အားကို ထိန်းချုပ်ပြီး အမြတ်ရဖို့ ကြိုးစားမှုဟာ ထုတ်လုပ်သူကိုလည်း အကျိုးမပြုသလို စားသုံးသူကိုလည်း အကျိုးမပြုဘူး။ ဈေးကွက်အင်အားစုတွေကိုသာ လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုရင် စီးပွားရေးဟာ တိုးတက်လာမှာအမှန်ပါပဲ။ ဘာကြောင့်စီးပွားရေးကျသလဲလို့ ပြောရရင် ခေတ်ဟောင်းကရှိခဲ့တဲ့ ထိန်းချုပ်ထားတဲ့ စီးပွားရေးစနစ် (Command Economy) ကနေ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်တဲ့ ဈေးကွက် စီးပွားရေးစနစ်ကို ပြောင်းနေလို့ပါပဲ။ ဒီလို ပြောင်းလဲမှုမှာထုတ်လုပ်သူ၊ စားသုံးသူပြည်သူများသာမက မြန်မာနိုင်ငံက စီးပွားရေး လုပ်ငန်းရှင်များကလည်း လိုက်ပါဖို့လိုပါတယ်။ ဈေးကွက်စီးပွားရေးအခြေကျလာတာနဲ့အမျှ စီးပွားရေးတက်လာမှာ မလွဲပါပဲ။ လတ်တလော စီးပွားရေးမတက်လို့ ထိန်းချုပ်တဲ့စီးပွားရေးစနစ်ကို ပြန်သွားဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်အောင်သာ လုပ်ကြရလိမ့်မယ်။ အာဆီယံက ပေးတဲ့ အကျိုးကျေးဇူးတွေကို ရအောင်ယူနိုင်ရ မယ်။ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်များ(Global Supply Chain)မှာ ပါဝင်ပြီး နိုင်ငံတကာ အသိုက်အဝန်းထဲကမြန်မာနိုင်ငံ (Myanmar among global community of nations) ဖြစ်အောင်လုပ်ရမယ်။ ဒစ်ဂျစ်တယ်စီးပွားရေး၊ အင်တာနက်ရောင်းဝယ်မှုများမှာ ပါဝင်ကြရမယ်။ စတုတ္ထစက်မှုတော်လှန်ရေးကို တက်လှမ်းကြရမှာ ဖြစ်ပါတယ်။

အာဆီယံအသိုက်အဝန်းကို ရောက်ရှိမယ့် ၂၀၁၅ ခုနှစ်မှာပဲ အာဆီယံဟာ အာဆီယံ စီးပွားရေးအသိုက်အဝန်းရဲ့ လမ်းပြမြေပုံ ၂၀၂၅ (AEC Blueprint 2025) ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီလမ်းပြမြေပုံဟာ လာမယ့် ၁၀ နှစ်မှာ အာဆီယံစီးပွားရေး ပေါင်းစည်းရေးနဲ့ ပတ်သက်ပြီး မဟာဗျူဟာမျှော်မှန်းချက်ရဲ့ လမ်းညွှန်ချက်ဖြစ်ပါတယ်။ ဒီလမ်းညွှန်ချက်မှာ အာဆီယံကို ၂၀၂၅ ခုနှစ်မှာအဆင့်မြင့်စွာ ပေါင်းစည်းမှုရှိ၍ ပြိုင်ဆိုင်နိုင်စွမ်းရှိသော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော၊ တွန်းအားရှိသော အာဆီယံ ဖြစ်လာစေရန်၊ ပို့ဆောင်ဆက်သွယ်မှုများ တိုးတက်၍ ကဏ္ဍများအလိုက်ပိုမိုပူးပေါင်း ဆောင် ရွက်နိုင်စွမ်းရှိသည့် အာဆီယံဖြစ်လာစေရန်၊ ပြန် လည်နိုးထနိုင်စွမ်းရှိပြီး အများပါဝင်နိုင်သည့် ပြည်သူကိုဗဟိုပြုသော ပြည်သူ့အကျိုးကို ဆောင်ရွက် နိုင်စွမ်းရှိသော အာဆီယံဖြစ်လာစေရန်နဲ့ ကမ္ဘာ့စီးပွားရေးစနစ်နဲ့ အပြည့်အဝပေါင်းစည်းစေရန် ဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအသိုက်အဝန်းမှာ အပြည့်အဝပါဝင်ပြီး အခြားအာဆီယံနိုင်ငံများနဲ့ ပူးပေါင်းလျက်အာဆီယံ ၂၀၂၅ ရဲ့ အကျိုးကျေးဇူးတွေကို အပြည့်အဝရရှိအောင် ကြိုးပမ်းနိုင်လိမ့်မယ်လို့ အပြည့်အဝ ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

## ဟောင်ကောင်မြို့တွင် ကျင်းပခဲ့သည့် SmartBiz Expo ပြပွဲတွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြခန်းပြသ

ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ကြီးမှူး၍ SmartBiz Expo ပြပွဲကို ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်အထိ Hong Kong Convention and Exhibition Centre တွင် ကျင်းပခဲ့ရာ နိုင်ငံနှင့် ဒေသပေါင်း ၄၃ နိုင်ငံမှ ပြခန်းပေါင်း ၅၀၀ ကျော် ပါဝင်ပြသခဲ့ကြသည်။ အဆိုပါပြပွဲကို စီးပွားရေးလုပ်ငန်းများအား သတင်းအချက်အလက်များ၊ အပြန်အလှန် ချိတ်ဆက်မှု အခွင့်အလမ်းနှင့် စိတ်အားထက်သန်မှုရှိစေရေး ထောက်ပံ့ပေးနိုင်ရန်နှင့် အခွင့်အလမ်းသစ်များ ဖမ်းဆုပ်နိုင်ရန်ရည်ရွယ်၍ ပြသခဲ့ခြင်းဖြစ်သည်။ အဆိုပါပြပွဲတွင် ဟောင်ကောင်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြခန်းတစ်ခန်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ SmartBiz Expo ပြပွဲ တွင် ဟောင်ကောင်မြို့၊ မြန်မာကောင် စစ်ဝန်ချုပ်ရုံးမှ စီးပွားရေးသံမှူးမှ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် အရေးပါသည့် ရန်ကုန်၊ နေပြည်တော်၊ အင်းလေး၊ ပုဂံ၊ မန္တလေးအပါအဝင် အခြားထင်ရှားသည့် နေရာများ၏ လက်ကမ်းစာစောင်များ၊ မြန်မာအမျိုးသားပိုင် လေကြောင်းလိုင်းကြော်ငြာသည့် လက်ကမ်းစာစောင်များ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ဝေသည့် လက်ကမ်းစာစောင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ စာစောင်များ၊ National Term Portal Website ဆိုင်ရာ လက်ကမ်းစာစောင်များအား ဖြန့်ဝေခြင်း၊ ရှင်းလင်းဖြေကြားပေးခြင်းများ ပြုလုပ်လျက်ပြပွဲတွင် ပါဝင်ပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် လွယ်ကူမှု

## ( Ease of Doing Business )

မျိုးသူ (ကုန်သွယ်မြှင့်)


**ယခင်တစ်ပတ်မှအဆက်**

အဆိုပါ အညွှန်းကိန်းနယ်ပယ်ခေါ် indicator များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business)
(ခ) အဆောက် အအုံဆောက်လုပ်ခွင့် ရယူခြင်း (Dealing with Construction Permits)
(ဂ) လျှပ်စစ်သွယ်တန်းရယူခြင်း (Getting Electricity)
(ဃ) မြေနှင့်အိမ်ရာအဆောက်အအုံမှတ်ပုံတင်ခြင်း (Registering Property)
(င) ချေးငွေရယူခြင်း (Getting Credit)
(စ) အနည်းစုသောရင်းနှီးမြှုပ်နှံသူများကို အကာအကွယ် ပေးခြင်း (Protecting Minority Investors)
(ဆ) အခွန်များပေးဆောင်ခြင်း (Paying Taxes)
(ဇ) ပြည်ပသို့ကုန်သွယ်ခြင်း (Trading Across Borders)
(ဈ) စာချုပ်များ သဘောတူညီမှုအာဏာတည် လိုက်နာစေခြင်း (Enforcing Contracts)
(ည) ဒေဝါလီခံမှုကို ဖြေရှင်းခြင်း (Resolving Insolvency)


ယင်းအချက်များကို အခြေခံညွှန်းကိန်းများအဖြစ်ထားရှိပြီး အဆင့်သတ်မှတ်နိုင်ရန် အမှတ်ပေးစနစ် တစ်ခုထားရှိ ဆောင်ရွက်ပါသည်။ ဥပမာ- လက်ရှိနိုင်ငံပေါင်း ၁၉၀ အနက် မြန်မာနိုင်ငံ၏ အဆင့်သည် ၁၇၁ ဖြစ်ပြီး အမြင့်ဆုံးစွမ်းဆောင်ရည် ရမှတ်မှ ကွာလှမ်းမှုမှာ ၁၀၀ မှတ်ပေးရာတွင် ၄၄ ဒသမ ၂၁ ရရှိပါသည်။ ယင်းအမှတ်ပေးသည့် စနစ်ကို Distance to Frontier (DTF) Score ဟုခေါ်ပါသည်။


**Distance to Frontier (DTF) Score အမှတ်ပေးစနစ်**




အထက်ပါပုံကိုကြည့်လျှင် မလေးရှားသည် အဆင့် ၂၄ ဖြစ်ပြီး အမှတ်မှာ ၇၈ ဒသမ ၄၃ ဖြစ်သည်ကို တွေ့နိုင်ပါသည်။ အိန္ဒိယ သည် အဆင့် ၁၀၀ ဖြစ်ပြီး အမှတ်မှာ ၆၀ ဒသမ ၇၆ ဖြစ်သည်ကို တွေ့ရပါသည်။ လာအိုသည် အဆင့် ၁၄၁ ဖြစ်ပြီး အမှတ်မှာ ၅၃ ဒသမ ၀၁ ဖြစ်သည်ကို တွေ့နိုင်ပါသည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၏ ပျမ်းမျှအမှတ်မှာ ၆၂ ဒသမ ၇ ဖြစ်ပြီး မြန်မာနိုင်ငံသည် အဆင့် ၁၇၁၊ အမှတ်မှာ ၄၄ ဒသမ ၂၁ ဖြစ်သဖြင့် ဒေသပျမ်းမျှ အမှတ်ထက် (၆၂ ဒသမ ၇ - ၄၄ ဒသမ ၂၁) = ၁၈ ဒသမ ၄၉ မှတ် နည်းနေသည်ကို တွေ့နိုင်ပါသည်။ ယင်းဒေသ ပျမ်းမျှအမှတ် ၆၂ ဒသမ ၇မှတ်နှင့် အနီးစပ်ဆုံးဖြစ်သည့် အမှတ် ၆၆ ဒသမ ၄၇ မှတ်ရရှိသည့် အင်ဒိုနီးရှားနိုင်ငံ၏ အဆင့်မှာ ၇၂ ရှိသဖြင့် ဒေသ ပျမ်းမျှအမှတ်ခန့်သာ ရရှိမည်ဆိုပါက အဆင့် ၁၀၀ အတွင်းသို့ ရောက်ရှိလာနိုင်ပါသည်။ မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးကော်မတီ၏ ရည်မှန်းချက်မှာ နောက်ထပ်သုံးနှစ်အတွင်း တစ်နည်းအားဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၁၀၀ အတွင်း ဝင်နိုင်စေရန်ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက်ကို ရရှိစေရန်မှာ ဒေသပျမ်းမျှ အမှတ်ကို ရရှိရန်လိုအပ်ပါသည်။

**Doing Business ခေါင်းစဉ်များအပေါ်တွင် မြန်မာနိုင်ငံ၏အဆင့် (Rank )နှင့် အမြင့်ဆုံး စွမ်းဆောင်ရည်သို့ ကွာလှမ်းမှု (Distance to Frontier (DTF) Score ) အမှတ်ပေးစနစ်**




Distance to Frontier (DTF) Score အမှတ်ပေးစနစ်ကို ပြန်လည်လေ့လာမည်ဆိုပါက အထက်တွင်ဖော်ပြခဲ့သည့်Indicator အညွှန်းကိန်းနယ်ပယ်များကို တစ်ခုချင်း အမှတ်ပေးထားခြင်း ဖြစ်ပါသည်။ ဥပမာ- Starting a Business Indicator နှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၇၀ ရှိရာမှ ၂၀၁၇ ခုနှစ်တွင် အဆင့် ၁၄၆ ရှိသဖြင့် အဆင့် ၂၄ ဆင့်တိုးတက်လာခဲ့ရာ မှ ၂၀၁၈ ခုနှစ်တွင် အဆင့် ၁၅၅ ဖြစ်သွားသဖြင့် အဆင့် ၉ ဆင့်ပြန်လည်ကျဆင်းခဲ့ပါသည်။ သို့သော် ယင်းအဆင့်များကို ခွဲခြားရာတွင် တိုင်းတာသော Distance to Frontier (DTF) Score အမှတ်ပေးစနစ်အရ အမှတ်ပွိုင့်မှာ ၂၀၁၆ တွင် ၆၆ ဒသမ ၅၇ ရှိပြီး ၂၀၁၇ တွင် ၇၅ ဒသမ ၂၉ ဖြစ်၍ အမှတ်ပွိုင့်မှာ ၈ ဒသမ ၇၂ အထိ တိုးတက်ခဲ့ပြီး ၂၀၁၈ တွင်လည်း ၇၅ ဒသမ ၄၂ ရှိသဖြင့် အမှတ်ပွိုင့်မှာ သုညဒသမ ၁၃ ထိ ထပ်မံတိုးတက်ခဲ့ပါသည်။ ယင်းအမှတ်များ တိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သည့်ဌာနများမှာ အဆိုပါ အညွှန်းကိန်းဆိုင်ရာ နယ်ပယ်နှင့် ဆက်စပ်နေသည့် ဌာနဆိုင်ရာများ ဖြစ်ကြပါသည်။ ယခု Starting a business Indicator နှင့် ပတ်သက်သည့် အထောက်အကူပြုဌာနများမှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တို့ဖြစ်ပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

| သန်းသန်းနိုင် |

**ယခင်တစ်ပတ်မှအဆက်**

၁၂။ (မှတ်ပုံတင်ထောက်ခံစာ)၏ သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ် သည့် ကုမ္ပဏီအနေဖြင့် ဥပဒေအရ(မှတ်ပုံတင်ထောက်ခံစာ)ကို သက်တမ်းတိုးမည်ဆိုပါက (မှတ်ပုံတင် ထောက်ခံစာ) သက်တမ်းမကုန်ဆုံးမီ သုံးလအလိုတွင် အထက်ပိုးမွှားကင်းရှင်းကြောင်းဌာနသို့ သက်တမ်းတိုးရန် လျှောက်ထားရမည်။ အထက်ပိုးမွှားကင်းရှင်းကြောင်း ဌာနအနေနှင့် တင်ပို့သည့် စားသောက်ကုန် ထုတ်လုပ်သည့်ကုမ္ပဏီမှ တင်ပြလာသော သက်တမ်းတိုးလျှောက်လွှာကို စိစစ်ကာ စိစစ်မှုအောင်ပါက (မှတ်ပုံတင်ထောက်ခံစာ)အသစ်ထုတ်ပေးရမည်။

၁၃။ အထက်ပိုးမွှားကင်းရှင်းကြောင်း ဌာနအနေနှင့် တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့်ကုမ္ပဏီမှတ်ပုံတင် စနစ်အတိုင်း နံပါတ်စဉ်ရေးသားပြုစုကာ သတ်မှတ်ချက်များအတိုင်း ကြီးကြပ်ရမည်။

၁၄။ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအမည်၊ ပိုင်ဆိုင်သူအမည်၊ လုပ်ငန်းလိုင်စင်စသည် တို့ မှတ်ပုံတင်ထားချက်များ ပြင်ဆင်မှုကျလာလျှင် ပြင်ဆင်သည့်နေ့မှစ ၁၅ ရက်အတွင်း ထိုကုမ္ပဏီ အခြေစိုက်သည့်ဒေသရှိ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနသို့ အကြောင်းကြားရမည်။

၁၅။ တင်ပို့သည့်စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအနေနှင့် လိပ်စာပြောင်းခြင်း စက်ရုံသစ်တည်ခြင်း (သို့မဟုတ်)စက်ရုံပြန်လည်တိုးချဲ့တည်ဆောက်ခြင်း၊ တင်ပို့သည့်စားသောက်ကုန်ထုတ်လုပ်သည့်ကဏ္ဍ အပြောင်းအလဲများရှိလျှင် အချိန်မီအထက်ပိုးမွှားကင်းရှင်းကြောင်းဌာနသို့ သတင်းပေး အကြောင်းကြားရမည်။ ထို့အတူ ( မှတ်ပုံတင်ထောက်ခံစာ)အသစ်ထုတ်ပေးရမည်။

**အပိုင်း (၃) မှတ်ပုံတင်လုပ်ငန်းအုပ်ချုပ်မှုကြီးကြပ်ရေးလုပ်ငန်း**

၁၆။ နိုင်ငံတော် အရည်အချင်းလက်မှတ်ထုတ်ပေးရေး ကော်မတီသည် အထက်ပိုးမွှားကင်းရှင်းကြောင်း ဌာနမှတင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီကိုကြီးကြပ်သည့်လုပ်ငန်းများကို ထပ်ဆင့် ကြီးကြပ်ရမည်။ အထက်ပိုးမွှားကင်းရှင်းကြောင်းဌာနအနေဖြင့် တင်ပို့သည့်စားသောက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီကို ကြီးကြပ် စစ်ဆေးရမည်ဖြစ်သလို ဥပဒေနှင့်မညီညွတ်သည့် လုပ်ရပ်များကိုတွေ့ရှိပါက အချိန်မီစစ်ဆေးရမည်။ ထို့အတူ နိုင်ငံတော် အရည်အချင်း လက်မှတ်ထုတ်ပေးရေး ကော်မတီသို့ တင်ပြရမည်။

၁၇။ အထက်ပိုးမွှားကင်းရှင်းကြောင်းဌာနအနေဖြင့် သက်ဆိုင်ရာဥပဒေနှင့်အညီ တင်ပို့သည့် စားသောက်ကုန်အန္တရာယ်ကင်းရေးစနစ်များကို ကြီးကြပ်ရန် စီမံကိန်းချထားရမည်ဖြစ်သလို နှစ်ဦးတွင်လည်း စီမံကိန်း ရှိရမည်။ ထို့အတူ တင်ပို့သည့်ကုန်ပစ္စည်းအပေါ်မူတည်၍ တင်ပို့သည့် စားသောက်ကုန် ထုတ်လုပ် သည့်ကုမ္ပဏီကို ကြီးကြပ်စစ်ဆေးသည့် အကြိမ်ရေကို သတ်မှတ်ကာ နိုင်ငံတော် အရည်အချင်းလက်မှတ် ထုတ်ပေးရေးကော်မတီသို့ တင်ပြရမည်ဖြစ်သည်။ ဤသို့စာတမ်းတင်စိစစ်မှုများ ပြုလုပ်တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့်ကုမ္ပဏီကို အထက်ပိုးမွှားကင်းရှင်းကြောင်းဌာနအနေဖြင့် တင်ပို့သည့် စားသောက်ကုန်အမျိုးအစားပေါ် မူတည်၍ စစ်ဆေးမှုအကြိမ်ရေ သတ်မှတ်ထားသည့်အတိုင်း လက်တွေ့ ကွင်းဆင်းလေ့လာရမည်။

၁၈။ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် စားသောက်ကုန် အန္တရာယ်ကင်း လုံခြုံစိတ်ချမှုရှိရေး ကြီးကြပ်စနစ်ကိုချမှတ်ကာ လုပ်ကိုင်ရမည်။ ထို့အတူ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်မှုအတွက် မှတ်တမ်းတင်ထားရမည်ဖြစ်သလို ထိုမှတ်တမ်းများကို အနည်းဆုံးနှစ်နှစ် သိမ်းဆည်းထားရမည်။ တင်ပို့သည့်စားသောက်ကုန် ထုတ်လုပ်သည့်ကုမ္ပဏီအနေဖြင့် တစ်နှစ်တစ်ခါ ဇန်နဝါရီလကုန်တွင် အထက်ပိုးမွှားကင်းရှင်းကြောင်းဌာနသို့ နှစ်ချုပ်မှတ်တမ်းတင်ပြရမည်။

၁၉။ အထက်ပိုးမွှားကင်းရှင်းကြောင်းဌာနအနေနှင့် တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီ မှတ်ပုံတင်ကြီးကြပ်မှုမှတ်တမ်းကို လုပ်ကိုင်ထားရမည်။ ထို့အတူ အချက်အလက်များကို စုစည်းကာ ကုမ္ပဏီအဆင့်အတန်းသတ်မှတ်ရန် အထောက်အထားအဖြစ် အသုံးပြုရမည်။ ထို့အပြင် တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီနှစ်ချုပ်စစ်ဆေးချက်လုပ်ရမည်။ ဤတွင် နှစ်ချုပ်စစ်ဆေးချက်အရ ပြဿနာရှိသည့် တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်ပါက ကြီးကြပ်မှုများ၊ စစ်ဆေး မှုများ ပိုမိုလုပ်ကိုင်သွားရမည်။ အထက်ပိုးမွှားကင်းရှင်းကြောင်းဌာနအနေနှင့် တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီမှတ်တမ်းနှင့် စိစစ်မှုလုပ်ငန်းများ အခြေအနေကို ထိုဒေသ ပြည်သူ့အစိုးရထံ တင်ပြရမည်။

၂၀။ တင်ပို့သည့်စားသောက်ကုန်ထုတ်လုပ်သည့်ကုမ္ပဏီအနေဖြင့် မိမိစားသောက်ကုန်တွင် အန္တရာယ်ရှိနေကြောင်း တွေ့ရှိပါက အထက်ပိုးမွှားကင်းရှင်းကြောင်း ဌာနသို့အကြောင်းကြားရမည်ဖြစ်သလို အခြားစာရွက်စာတမ်းများလည်း တင်ပြရမည်။ ထို့အတူ အန္တရာယ်ရှိရသည့်အကြောင်းအရင်း ပြင်ဆင်မည့်စီမံကိန်းကိုပါ တစ်ပါတည်း တင်ပြရမည်။ အထက်ပိုးမွှားကင်းရှင်းကြောင်း ဌာနအနေနှင့် ထိုတင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီ ပြင်ဆင်မှုလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရမည်။ **ဆက်လက်ဖော်ပြပါမည်။**

# ပဲဈေးကွက်အခြေအနေနှင့် ပြောင်းလဲစိုက်ပျိုးသင့်သည့် သီးနှံများဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရတနာပုံကုန်သွယ်မှု ဗဟိုဌာနမှကြီးမှူး ကျင်းပသည့် ပဲဈေးကွက်အခြေအနေနှင့် ပြောင်းလဲ စိုက်ပျိုးသင့်သည့် သီးနှံများဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၁၅ ရက်တွင် မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မြင်းခြံခရိုင်တွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး အသားတင် စိုက်ပျိုးမြေဧရိယာ ၇ ဒသမ ၃ သိန်းကျော်ရှိရာမှာ ယာမြေနှင့်ကိုင်းကျွန်းမြေ စုစုပေါင်း ဧရိယာဧက ၆ ဒသမ ၄ သိန်းနီးပါးရှိတဲ့အတွက် ၈၇ ရာခိုင်နှုန်းလောက် အထိလယ်ယာထွက်ကုန်သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံ၊ အစေ့ထုတ် ပြောင်းစသည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ လူဦးရေ ၈ ဒသမ၇ သိန်းအနက် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများဟာ ပဲအမျိုးမျိုးနဲ့ ဆီထွက်သီးနှံများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ၂၀၁၇-ခုနှစ်ဩဂုတ်လတွင် အိန္ဒိယနိုင်ငံမှပဲဝယ်ယူရေးမူဝါဒ ပြောင်းလဲကျင့်သုံးလိုက်တဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ တင်ပို့သူကုန်သည်ရော၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများပါ ပဲဈေးနှုန်းကျဆင်းမှုနဲ့ ရင်ဆိုင်နေကြရပြီး အခက်အခဲများစွာနဲ့ ရင်ဆိုင်နေကြရကြောင်း၊ အစိုးရပိုင်းအနေနဲ့လည်း ပဲမျိုးစုံ ကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များနဲ့ သီးနှံအစားထိုးပြောင်းလဲ စိုက်ပျိုးရန် ကိစ္စများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူမှ ကမ္ဘာတွင်အများဆုံးစိုက်ပျိုးသည့် သီးနှံမှာကြံဖြစ်ပြီး သကြားသည် ကမ္ဘာ့စားသုံးမှုအများဆုံးဖြစ်ကြောင်း၊ ဒုတိယအများဆုံးသီးနှံမှာ အစေ့ထုတ်ပြောင်းဖြစ်ကြောင်း၊ ပဲအမျိုးပေါင်း ၄၀ မှ ၅၀ရှိသည့် အနက် ပြည်ပသို့တင်ပို့နေသည့် ပဲသီးနှံမှာ ၂၀ ခန့်ရှိကြောင်း၊ အများဆုံးတင်ပို့သည့် သီးနှံများမှာ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပဲတင်ပို့မှုသည် အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းကို မှီခိုနေရကြောင်း၊ ယခုအခါ အိန္ဒိယက ဝယ်ယူမှုကန့်သတ်လိုက်သည့်အတွက် ပဲဈေးကွက်ပျက်ခဲ့ရကြောင်း၊ သို့ပါ၍ ပဲလွန်းဖြူ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲ၊ ပဲနီလေး၊ ပဲယင်း၊ မြေပဲ၊ နှမ်း၊ နေကြာ စသည့် အလားအလာရှိသည့်သီးနှံများ၏ ဈေးကွက်အခြေအနေ၊ ဖြစ်ပေါ်နေသော ဈေးနှုန်း၊ စားသုံးမှုအခြေအနေများကို ရှင်းလင်း၍ မိမိဒေသနှင့် ကိုက်ညီသည့် ပဲများအားရွေးချယ် စိုက်ပျိုးရန် ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးက လက်ရှိပဲမျိုးစုံနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်နေသော အခြေအနေများအားလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပဲစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြောင်းလဲစိုက်ပျိုးသင့်သည့် သီးနှံများဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ မြင်းခြံခရိုင် ကုန်စည်ဒိုင်ဥက္ကဌ ဦးခင်မောင်မြင့်က ပဲစိုက်ပျိုးမှု အခြေအနေများအားလည်းကောင်း ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သတင်းရရှိပါသည်။

**မျိုးသီတာ(မြင်းခြံ)**

## အိန္ဒိယတွင် ကြက်သွန်နီတန်ချိန် ၂၀၀၀ကို ပြည်ပမှတင်သွင်းရန် MMTCက တင်ဒါခေါ်ယူ

အိန္ဒိယနိုင်ငံတွင် တစ်ကီလိုလျှင် ရူပီး ၈၀ထိ မြင့်တက်နေသည့် ကြက်သွန်နီဈေးနှုန်းများအား ထိန်းချုပ်ကန့်သတ်ရန်နှင့် ပြည်တွင်း၌ ကုန်စည်များပေါများလာစေရန်အတွက် အိန္ဒိယအစိုးရ၏ အေဂျင်စီတစ်ခုဖြစ်သည့် MMTCလီမိတက်သည် ပြည်ပမှ ကြက်သွန်နီတန်ချိန် ၂၀၀၀တင်သွင်းရန် တင်ဒါခေါ်ယူနေကြောင်း၊ ထိုသို့တင်သွင်းရာ၌ နှစ်သုတ်ခွဲ၍ တင်သွင်းမည်ဖြစ်ကြောင်း စားသုံးသူရေးရာဝန်ကြီးဌာန အဆင့်မြင့်အရာရှိတစ်ဦးက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင် သမဝါယမအသင်းသည်လည်း ကြက်သွန်နီတန်ချိန် ၁၀၀၀၀ ခန့်ကို ပြည်တွင်းရှိတောင်သူများထံမှ တိုက်ရိုက်ဝယ်ယူကာ လိုအပ်နေသည့် ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း၊ အခြားအေဂျင်စီတစ်ခုဖြစ်သည့် SFACကိုလည်း ကြက်သွန်နီတန်ချိန် ၂၀၀၀ ခန့် ဝယ်ယူဖြန့်ဖြူးရောင်းချပေးရန် အစိုးရက ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းဈေးကွက်၌ ကြက်သွန်နီလုံလောက်မှုရှိစေရန်အတွက် ကြက်သွန်နီပို့ကုန်များအား ကန့်သတ်ထိန်းချုပ်ခြင်း၊ ဈေးကစားခြင်းအား စိစစ်ထိန်းကျောင်းရန်အတွက် ပြည်တွင်းကုန်သည်များ၏ ကုန်စည်သိုလှောင်မှုပမာဏ ကန့်သတ်ခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ထိုင်းဘတ်ငွေကြေးခိုင်မာမှုကြောင့် ဆန်တင်ပို့မှု လျော့နည်းကျဆင်းနိုင်

ထိုင်းနိုင်ငံသည် လာမယ့်နှစ်တွင် ဆန်တင်ပို့မှု တန်ချိန် ၉ ဒသမ ၅ သန်း တင်ပို့ရန် သတ်မှတ်ထားကြောင်း ထိုင်း ဆန်တင်ပို့သူများအသင်းက ပြောကြားပါသည်။

အဆိုပါ ခန့်မှန်းချက်သည် အနည်းငယ်လျော့ နည်းခန့်မှန်းထားခြင်းဖြစ်ပြီး ယခုနှစ်တစ်နှစ်လုံးတွင် ဆန်တန်ချိန် ၁၁ သန်း တင်ပို့နိုင်မည်ဟုလျာထားပါကြောင်း၊ ထိုင်းဘတ်ငွေခိုင်မာမှုသည် ပို့ကုန်အတွက် အနှောင့်အယှက်ဖြစ်စေပါကြောင်း၊ ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ ယခုအချိန်ထိ ဆန်တန်ချိန် ၁၀ ဒသမ ၃ သန်းတင်ပို့ထားရှိပြီး ကာလတူထက် ၁၆ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုတင်ပို့ထားပါကြောင်း၊ ယခုနှစ် ဒီဇင်ဘာလတွင် ဝယ်လိုအားမြင့်မားလာသ ဖြင့်ဆန် ပိုမိုတင်ပို့လာခြင်းသည် ယခုနှစ်ဆန်တင်ပို့မှု တန်ချိန် ၁၁ သန်းပြည့်မီရန် တွန်းအားတစ်ခုဖြစ်ပါကြောင်း၊ သို့ရာတွင် ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်တွင် ဆန်တန်ချိန် ၁၁ သန်းတင်ပို့နိုင်ရုံဖြင့် ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံ ဖြစ်မည်မဟုတ်ပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် ဆန်တန်ချိန် ၁၁ သန်းကျော် တင်ပို့နိုင်ရန် လျာထားပါကြောင်း ဆန်တင်ပို့သူများအသင်းဥက္ကဌ Charoen Laothammatas က ပြောကြားပါသည်။

ထိုင်းနိုင်ငံသည် ဆန်တင်ပို့မှုတွင် နှစ်ပေါင်း ၃၀ နီးပါး ထိပ်ဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဆန်တန်ချိန် ၁၀ ဒသမ ၆ သန်းတင်ပို့ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် ၆ ဒသမ ၉ သန်းသို့ ကျဆင်းသွားသည့်အတွက် ပထမဆုံးအကြိမ် သရဖူဆုံးရှုံးခဲ့ရပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ဆန်တင်ပို့မှုကျဆင်းခဲ့ရခြင်းမှာ ရင်လပ်ရှင်နာဝပ်ထရာအစိုးရ၏ ဆန်အပေါင်ခံမှု အစီအစဉ်အရ ဈေးကွက်ပေါက်ဈေး၏ ၅၀ ရာခိုင်နှုန်းအထက်ဈေးဖြင့် လယ်သမားများထံမှ ဆန် ဝယ်ယူရန်ကမ်းလှမ်း ခံရခြင်းကြောင့်ဖြစ်ပါကြောင်း Mr.Charoen က ပြောကြားပါသည်။


ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနသည် လာမည့်နှစ်တွင် တန်းမြင့် ဆန်တန်ချိန် ၁၈ သန်းအား ၂၀၁၇ ခုနှစ် နှစ်လယ်ကတည်းက စတင်၍ ဆန်ဈေးကွက်သို့ဖြန့်ချိခဲ့ပြီး စားသုံးရန်အရည်အသွေး မပြည့်မီသည့် ဆန်တန်ချိန်တစ်သန်းအား တိရစ္ဆာန်အစားအစာအဖြစ် ရောင်းချမည်ဟု ရည်ရွယ်ထားပါကြောင်း၊ လာမည့်နှစ်တွင်ဆန်တန်ချိန် ၉ ဒသမ ၅ သန်းကို ပို့ကုန်အဖြစ်တင်ပို့ရန်အတွက် ထိုင်းဘတ်ငွေကြေးခိုင်မာခြင်း၊ ဈေးနှုန်းကျဆင်းခြင်းသည် အဓိက အချက်တစ်ချက် ဖြစ်ပါကြောင်း၊ ထိုင်းဘတ်ငွေတန်ဖိုးသည် ၉ ရာခိုင်နှုန်းမြင့်တက်လာပြီး အမေရိကန်တစ်ဒေါ်လာလျှင် ၃၂ ဒသမ ၅ ဘတ်ဖြစ်ပါကြောင်း၊ အဓိကဆန်တင်ပို့သည့် ပြိုင်ဘက်နိုင်ငံဖြစ်သည့် ဗီယက်နမ်သည် ၎င်း၏ဒေါင်ငွေအား ၂ ရာခိုင်နှုန်းထိ သာမြင့်တက်ရန် ခွင့်ပြုထားပြီး ဈေးနှုန်းကျဆင်းရေးကိုသာ ရှေးရှုဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း Mr .Charoen က ပြောကြားပါသည်။

**မင်းအောင်အေး**
**Source : Bangkok Post**

## မြန်မာ့ပဲစင်းငုံများအား အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်များက ကြိုတင်မှာယူလျက်ရှိကြောင်း အိန္ဒိယသတင်းစာမျက်နှာများ၌ ဖော်ပြ

လာမည့်နှစ်အစောပိုင်း၌ အိန္ဒိယအစိုးရက ပဲတင်သွင်းခွင့် စတင်ခွင့်ပြုသည်နှင့် နိုင်ငံအတွင်းသို့ သင်္ဘောတင်ခြင်း/တင်သွင်းခြင်းများ ပြုလုပ်ရန်အတွက် အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်များနှင့် ပဲဝယ်လက်များသည် မြန်မာနိုင်ငံမှ ပဲကြိုတင်မှာယူမှုများ စတင်ပြုလုပ်နေပြီဖြစ်ကာ လက်ရှိကာလအထိ တန်ချိန် ၃ သိန်းမှ ၄ သိန်း ဝန်းကျင်အထိရှိကြောင်း၊ ထိုသို့မှာယူထားသည့် ပဲများအား မြန်မာနိုင်ငံရှိ ၎င်းတို့၏ ကုန်လှောင်ရုံများ၌ သိုလှောင်ထိန်းသိမ်းထားရန် စီစဉ်နေသည်ဟု ဒီဇင်ဘာ ၁ ရက်ထုတ် Business Standard သတင်းစာမျက်နှာ၌ ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယကုန်သည်များအနေဖြင့် မြန်မာနိုင်ငံမှ ပဲစင်းငုံများအား ယခုကဲ့သို့ ကြိုတင်မှာယူနေကြခြင်းမှာ အိန္ဒိယတွင် ပဲအထွက်နည်းချိန်၌ တင်သွင်းရောင်းချနိုင်ရန်အတွက် သာမက ဈေးနှုန်းထိန်းချုပ်ရန်အတွက်လည်း ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် အိန္ဒိယစားသုံးသူများသည် ပဲစင်းငုံ




တစ်ကီလိုလျှင် ရူပီး ၂၀၀ အထိပေး၍ ဝယ်ယူခဲ့ကြရကြောင်း သိရှိရပါသည်။

အိန္ဒိယမှ ပဲသွင်းကုန်လုပ်ငန်းရှင်များသည် ယခုနှစ် ဇူလိုင်လ အထိ ပြည်ပမှဝယ်ယူထားသည့် ပဲများအား အိန္ဒိယသို့ တိုက်ရိုက် သယ်ဆောင်ခဲ့ကြောင်း၊ သို့ရာတွင် နိုင်ငံအတွင်းရှိ လယ်သမားများအား အထောက်အကူပြုစေရန်နှင့် ဈေးနှုန်းကျဆင်းခြင်းကို တားဆီးနိုင်ရန်တို့အတွက် ဩဂုတ်လတွင် အိန္ဒိယအစိုးရက ပဲစင်းငုံတင်သွင်းခွင့်အား ကန့်သတ်လိုက်ရာ ဈေးနှုန်းမြင့်တက်မည်ဟု မျှော်လင့်ချက်ဖြင့် ၂၀၁၇ အစောပိုင်းတွင် ပြည်တွင်းပြည်ပမှ ကြိုတင်မှာယူခဲ့သည့် ပဲစင်းငုံများအတွက် ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရ ပါသည်။

**ယဉ်ယဉ်နွယ်၊ စီပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံတွင် ဘတ်ဘီလီယံ ၄၂၀ ဘီလီယံတန်ဖိုးရှိ ကျည်ဆံရထားစီမံကိန်းကို စတင်ဆောင်ရွက်မည်

ဂျပန်နိုင်ငံ၏ အကူအညီဖြင့်တည်ဆောက်မည့် ကျည်ဆံရထားကို ထိုင်းနိုင်ငံတွင် ဘတ်ဘီလီယံ ၄၂၀ အကုန်အကျခံ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကျည်ဆံရထားသည် ဗန်ကောက်နှင့် ချင်းမိုင်သို့ ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးစဉ်တစ်ကြောင်းလျှင် ဘတ်တစ်ထောင်ခန့် ကျသင့်မည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။




ကီလိုမီတာ ၆၇၀ ရှည်လျားသည့် ဗန်ကောက်နှင့် ချင်းမိုင်အကြား ကျည်ဆံရထားပြေးဆွဲရန် ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီး မစ္စတာတာကာအိုမာကီနိုနှင့် ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီး Arkhom Termpittayapaisith တို့ တွေ့ဆုံ၍ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းတွင် ဘူတာရုံ ၁၂ ခုအထိ ပါဝင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံး ကြာမြင့်ချိန်မှာ သုံးနာရီခွဲခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ အဆိုပါကျည်ဆံရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ နှုန်းဖြင့် ခုတ်မောင်းမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြ ထားသည်။

ဗန်ကောက်-ချင်းမိုင်ကျည်ဆံရထားလမ်းကို ၂၀၁၉ ခုနှစ်တွင် စတင်ဖောက်လုပ်မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး အစောပိုင်းက အဆိုပါရထားလမ်း စီမံကိန်းအတွက် ဘတ် ဘီလီယံ ၂၈၀ သာ ကုန်ကျမည်ဟု ခန့်မှန်းထားခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် အဆိုပါကျည်ဆံရထားပြေးဆွဲရန်အတွက် ရင်းနှီးမြှုပ်နှံမှုစီမံချက်ကို ထိုင်းအစိုးရ အဖွဲ့၏ အတည်ပြုချက်ရရှိပြီးပါက ကျည်ဆံရထား တည်ဆောက်မည့်ပုံစံကို စတင်ရေးဆွဲမည်ဖြစ်သည်။

ရထားလက်မှတ်ခ နှုန်းထားများကို တစ်ကီလိုမီတာလျှင် ၁ ဒသမ ၅ ဘတ်နှုန်းဖြင့် ကောက်ခံမည်ဖြစ်ပြီး အနည်းဆုံး ဘတ် ၈၀ မှစတင်ကာ ကောက်ခံသွားမည်ဖြစ်ကြောင်း ထိုင်းပို့ဆောင်ရေးဝန်ကြီး မစ္စတာအာခွန်းက ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းသည် ထိုင်းနိုင်ငံက ဆောင်ရွက်လျက်ရှိသည့် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (Eastern Economic Corridor-EEC) တွင် ပါဝင်သည့် စီမံကိန်းတစ်ရပ်ဖြစ်သည်။

**မယ်သီတာ**

# ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သော်လည်း ထိုင်းနိုင်ငံ၏ ပုစွန်တင်ပို့မှု လျာထားချက် ပြည့်မီနိုင်

ထိုင်းနိုင်ငံတွင် ယခုနှစ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပုစွန်တန်ချိန် ငါးသောင်းခန့် ပျက်စီးခဲ့ရကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ စီးပွားရေးကဏ္ဍအသီးသီးတွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ပုစွန်ထုတ်လုပ်မှုတွင် စုစုပေါင်းထုတ်လုပ်မှု၏ ၅၆ ရာခိုင်နှုန်း ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

ထိုင်းနိုင်ငံ၏ ပုစွန်ထုတ်လုပ်မှုသည် ယခုနှစ်တွင် တန်ချိန်သုံးသိန်းခန့်ရှိမည် ဟု ခန့်မှန်းထားကြောင်း၊ ယခင်နှစ်ကလည်း ယင်းပမာဏအတိုင်းပင် ခန့်မှန်းထားခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်က ပုစွန်တင်ပို့မှုသည် လေးရာခိုင်နှုန်းမြင့်တက်ကာ တန်ချိန်နှစ်သိန်း တင်ပို့နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံ ပုစွန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၏ ဥက္ကဋ္ဌ Somsak Paneetatyasai က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ပြီးခဲ့သည့် နှစ်က ပုစွန်တင်ပို့မှုမှ ဘတ်ဘီလီယံ ၆၀၀ ခန့် ရရှိခဲ့သည်။

"ထိုင်းနိုင်ငံအနေနဲ့ ပုစွန်တွေကို ပုံမှန်အတိုင်း ပြန်လည်တင်ပို့ခွင့်ရရှိနိုင်ဖို့အတွက် သုံးနှစ်လောက်အချိန်ယူပြီး ကြိုးစားလုပ်ဆောင်ခဲ့တာပါ။ ဒါပေမဲ့ ဒီနှစ်မှာ မိုးရွာသွန်းမှုနဲ့ ရေလွှမ်းမိုးမှုတွေကြောင့် ပုစွန်ထုတ်လုပ်မှုလျော့ကျလာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ရေမကြီးခင်က ပုစွန်တန်ချိန် သုံးသိန်းခွဲလောက် ထုတ်လုပ်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု မစ္စတာဆုန်ဆတ်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတစ်နိုင်ငံလုံး၏ ပုစွန်ထုတ်လုပ်မှုကို ကြည့်ပါက နိုင်ငံ၏ တောင်ပိုင်းတွင် စုစုပေါင်းထုတ်လုပ်မှု၏ ၅၆ ရာခိုင်နှုန်း၊ အရှေ့ပိုင်းတွင် ၂၉ ရာခိုင်နှုန်း၊ အလယ်ပိုင်းတွင် ၁၅ ရာခိုင် နှုန်းအသီးသီးရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ ပုစွန်ထုတ်လုပ်မှုသည် တစ်နှစ်လျှင် လေးရာခိုင်နှုန်းတိုး၍ ထုတ်လုပ်လျက်ရှိရာ ယခုနှစ်ပထမ ၁၀ လအတွင်း ၁၆၇၄၁၈ တန်ထုတ်လုပ်နိုင်ခဲ့ပြီး ဘတ် ၅၆ ဒသမ ၁ ဘီလီယံ ရရှိခဲ့သည်။

ထိုင်းပုစွန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းတိုးမြင့်ပြီး တန်ချိန် ၃၃၃၀၀၀ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားပြီး ပြည်ပသို့ ၁၀ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ရန် လျာထားလျက်ရှိသည်။

**မယ်သီတာ**

# အမေရိကန်နိုင်ငံ၏ သိုလှောင်လက်ကျန်များကြောင့် ရေနံစိမ်းဈေးနှုန်းများ ကျဆင်း

အမေရိကန်နိုင်ငံတွင် ဓာတ်ဆီသိုလှောင်လက်ကျန်များ များပြားနေမှုကြောင့် ဒီဇင်ဘာလ ၁၃ ရက်က ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ဒီဇင်ဘာလ ၁၃ ရက်က ထုတ်ပြန်ခဲ့သည့် အမေရိကန်ရေနံစိမ်းဆီကြမ်း သိုလှောင်မှုလက်ကျန်သည် ပြီးခဲ့သည့် ရက်သတ္တပတ်က စည်သန်းပေါင်း ၅ ဒသမ ၁ သန်းအထိ ရောက်ရှိလာခဲ့ကြောင်း၊ ယခင်က ခန့်မှန်းထားသည့် သိုလှောင်လက်ကျန်နှင့် နှိုင်းယှဉ်ပါက စည်သန်းပေါင်း ၃ ဒသမ ၈သန်းအထိ ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း အီးအိုင်အေ (Energy Information Administration) က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဓာတ်ဆီသိုလှောင်မှုလက်ကျန်သည် မြင့်တက်လာခဲ့ကာ ၅ ဒသမ ၇ သန်းအထိရှိလာခဲ့ပြီးဈေးကွက်တွင် မျှော်လင့်ထားသည်ထက် စည်သန်းပေါင်း ၂ ဒသမ ၅သန်း မြင့်တက်လာခဲ့သည်။

လန်ဒန်အိုင်စီအီးရေနံစိမ်းကြိုရောင်း ကြိုဝယ်ဈေးကွက်တွင် ဖေဖော်ဝါရီလအတွက် ဘရင့်ရေနံစိမ်းဈေးနှုန်းသည် ရေနံစိမ်းတစ်စည်လျှင် သုည ဒသမ ၉၀ ဒေါ်လာကျဆင်းပြီး ဈေးကွက်ပိတ်ချိန်တွင် တစ်စည်လျှင် ၆၂ ဒသမ ၄၄ ဒေါ်လာရှိခဲ့သည်။ ထို့ပြင် West Texas Intermediate ဈေးကွက်တွင် ဇန်နဝါရီလအတွက် ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် သုညဒသမ ၅၄ ဒေါ်လာ ကျဆင်းပြီး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၆၀ ရှိခဲ့သည်။

**မယ်သီတာ**

# အိန္ဒိယနိုင်ငံတွင် မြေအောက်မီးရထားလမ်းစီမံကိန်းအတွက် AIIB က အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်ထုတ်ချေးရန် အတည်ပြု

အာရှအခြေခံ အဆောက်အဦဖွံ့ဖြိုးရေးဘဏ် (The Asian Infrastructure Investment Bank- AIIB) သည် အိန္ဒိယနိုင်ငံတွင် မြေအောက် မီးရထားလမ်းဖောက်လုပ်မည့် စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၃၃၅ သန်းထုတ်ချေးရန်အတည်ပြုခဲ့ကြောင်း ဒီဇင်ဘာလ ၁၂ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ မီးရထားလမ်းစီမံကိန်းသည် အိန္ဒိယနိုင်ငံ ဘင်ဂလိုးတွင် တည်ရှိပြီး လျှပ်စစ်ရထားလမ်းစီမံကိန်းတစ်ခုဖြစ်ကြောင်း တိုင်းမ်အော့ဖ်သတင်းတွင် ဖော်ပြထားသည်။

ဘင်ဂလိုးမြေအောက်မီးရထားလမ်းစီမံကိန်းသည် AIIB ၏ ပထမဦးဆုံးသော မြေအောက်မီးရထားလမ်းစီမံကိန်းဖြစ်ပြီး ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်နှင့်ချိတ်ဆက်၍ဆောင်ရွက်သည့် စီမံကိန်းတစ်ခုလည်းဖြစ်သည်။

ဥရောပ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် အဆိုပါစီမံကိန်းတွင် ယူရိုသန်းငါးရာ ထည့်ဝင်ထားကြောင်း AIIB က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ AIIB အနေနဲ့ ကောင်းမွန်တဲ့ ဆက်သွယ်မှုမှတစ်ဆင့် အနာဂတ်ကာလမှာ စီးပွားရေးတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ မိုဘိုင်း ဆက်သွယ်မှုတွေ ပိုမိုတိုးတက်လာစေဖို့အတွက် ဒီစီမံကိန်းမှာ ရင်းနှီးမြှုပ်နှံရတာ ဖြစ်ပါတယ်"ဟု AIIB ၏ ဒုတိယဥက္ကဋ္ဌနှင့် ရင်းနှီးမြှုပ်နှံဆိုင်ရာ အကြီးအကဲတစ်ဦးဖြစ်သူ ဒီဂျေပန်ဒီယံက ပြောကြားခဲ့သည်။

အဆိုပါ မြေအောက်မီးရထားလမ်း စီမံကိန်းသည် လျှပ်စစ်ဓာတ်အားကို ရာနှုန်းပြည့် သုံးစွဲသွားမည့်စီမံကိန်းတစ်ခုဖြစ်သည်။

"ဒီစီမံကိန်းဟာ လောင်စာသုံးစွဲမှုတွေကို လျှော့ချပေးနိုင်သလို ယာဉ်ကြောရှုပ်ထွေးမှုတွေ လျော့ကျအောင် လုပ်ဆောင်ပေးရာမှာလည်းအထောက်အပံ့ဖြစ်စေနိုင်မှာပါ။ ဒါ့အပြင် ပြည်တွင်း လေထုညစ်ညမ်းမှုနဲ့ ဆူညံမှုတွေကိုလည်း လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။ ဘင်ဂလိုးဒေသကိုလည်း ခေတ်မီ စမတ်ကျတဲ့မြို့တစ်မြို့အဖြစ် ဖန်တီးပေးသွားနိုင်မှာဖြစ်ပါတယ်"ဟု AIIB ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

AIIB သည် ၎င်း၏ပထမဦးဆုံးချေးငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို တရုတ်နိုင်ငံ၏သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုအတွက် ထုတ်ချေးခဲ့ခြင်းဖြစ်သည်။ AIIB ရုံးချုပ်ကို တရုတ်နိုင်ငံ ပေကျင်းမြို့တွင်ထားရှိပြီး AIIB တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၈၀ ပါဝင်သည်။

**မယ်သီတာ**

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ် ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။


Goody
FDA အသိအမှတ်ပြု
ကျန်းမာရေးအတွက်
အကောင်းဆုံး ဆီ
"ဂွတ်ဒီ"
Goody Vegetable Cooking Oil
1 Litre


MYIT SHWE WAH INDUSTRY CO.,LTD.
FLEXIBLE PLASTIC PACKAGING FACTORY
စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံး
အိတ် နှင့် အလိပ်မျိုးစုံ
ကမ္ဘာ့အဆင့်မီ စက်သစ်ကြီးများဖြင့် အရောင်အသွေးမျိုးစုံ ပုံနှိပ်ခြင်း၊ အလွှာကပ်ခြင်း၊ အိတ် (သို့) အလိပ်များပြုလုပ်ခြင်း၊ ဗူးနှင့် ပုလင်းပတ်ရန် Shrink Label မျိုးစုံပြုလုပ်ခြင်းတို့ကို နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးမြင့် ကုန်ကြမ်းပစ္စည်းများဖြစ်သော OPP, NYLON, PET, VMPET, VMCPP, CPP, ALUMINIUM FOIL, PP, PE, PVC SHRINK FLIM တို့ဖြင့် ကျွမ်းကျင်သော ဒီဇိုင်းပညာရှင်များ၊ ကျွမ်းကျင်သော ထုတ်လုပ်မှုပညာရှင်ကြီးများကိုယ်တိုင်ကြီးကြပ်၍ အရည်အသွေးအကောင်းဆုံး၊ တိကျ အမြန်ဆန်ဆုံးနှင့် ဈေးနှုန်းအချိုသာဆုံးဖြစ်အောင် ပြည်တွင်းတွင် အစအဆုံး (One Stop Service) လက်ခံထုတ်လုပ် ဆောင်ရွက်ပေးနေပါပြီ။
10 Color Gravure Printing
Extrusion Lamination
Solvent-free Lamination
High Speed Slitting
High Speed Bag Making
"Total quality products and services for customer's satisfaction"
No.124, Hakha Street, 25 Quarter, Industrial Zone(1), South Dagon T/S, Yangon, Myanmar.
Tel : 951 590433, 591349, 590187, 09-253771133, 09-43111631, 09-43111695 Fax : 951-590040
Email : myitshwewah.myanmar@gmail.com, msw.ygn.mkt@gmail.com, Website : www.myitshwewah.com.


ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY
Tel: 09 730 971 36, 09 730 971 37

# ဆဋ္ဌမအကြိမ်မြောက် အာဆီယံ-အီးယူစီးပွားရေးညီလာခံကို စင်ကာပူနိုင်ငံ၌ ၂၀၁၈ ခုနှစ်အတွင်း ကျင်းပမည်



ဆဌမအကြိမ်မြောက် အာဆီယံ-အီးယူ စီးပွားရေးညီလာခံ (ASEAN- EU Business Summit 2018) ကို ၂၀၁၈ ခုနှစ် မတ် ၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံတွင် ဥရောပကုန်သည်ကြီးများကော်မရှင်အစည်းအဝေးနှင့်အတူ အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကိုပါ ပူးတွဲ၍ ကျင်းပမည်ဖြစ်သည်။

အဆိုပါကြေညာချက်ကို ဒီဇင်ဘာ ၁၂ ရက်က အီးယူ-အာဆီယံစီးပွားရေးကောင်စီ (EU-Asean Business Council)၊ စင်ကာပူနိုင်ငံမှ ဥရောပစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်- ယူရိုချန်း (EuroCham) နှင့် စင်ကာပူစီးပွားရေးအဖွဲ့ချုပ် (Singapore Business Federation-SBF) တို့ ပူးတွဲ၍ သတင်းထုတ်ပြန် ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါညီလာခံတွင် အာဆီယံစီးပွားရေးအဖွဲ့အစည်းအား အဆင့်မြှင့်တင်ရေးအပါအဝင် အာဆီယံနိုင်ငံများတွင် အီးယူနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ အများအပြား ဝင်ရောက်လာရေးကိစ္စရပ်များအား ဆွေးနွေးကြမည်ဖြစ်သည်။ ထို့ပြင် အာဆီယံဒေသတွင်း နိုင်ငံများတွင် ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ထူထောင်ရန်နှင့် အာဆီယံဒေသအတွင်း မြို့ပြအင်္ဂါရပ်နှင့်ညီညွတ်သည့် ဒေသများအား ပိုမိုမြှင့်တင်ဆောင်ရွက်ရန်တို့ကို တွန်းအားပေးဆောင်ရွက်သွားရန် ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါညီလာခံသည် ၂၀၁၈ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ကို ထမ်းဆောင်မည့် စင်ကာပူနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပသည့် ညီလာခံဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ဒေသတစ်ခုနဲ့တစ်ခု လွတ်လပ်စွာကုန်သွယ်မှုပြုရေးနဲ့ အီးယူနဲ့ အာဆီယံဒေသတွင်း နိုင်ငံများအကြား လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်စာချုပ်ချုပ်ဆိုနိုင်ရေးတို့ကိုပူးပေါင်းဆောင်ရွက်သွားနိုင်ဖို့အတွက် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုခိုင်မာအောင် လုပ်ဆောင်လျက်ရှိပါတယ်"ဟု EU-ABC ၏ ဥက္ကဋ္ဌ Donal Kanak က ပြောကြားခဲ့သည်။

ယူရိုချန်း၏ဥက္ကဋ္ဌဖြစ်သူ စတီဖင်နိုပိုလီက အာဆီယံဒေသတွင်းနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် ဥရောပမှ စီးပွားရေးလုပ်ငန်းများနှင့် အာဆီယံဒေသတွင်းမှ စီးပွားရေးလုပ်ငန်းများ၏ ယခုညီလာခံတွင် ပူးပေါင်းပါဝင်မှုသည် အလွန်အဆင့်မြင့်သည့်ကဏ္ဍတစ်ရပ်တွင် ပါဝင်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အာဆီယံစီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌ ရောဘတ်ယက်ပ်က ၂၀၁၈ခုနှစ်သည် အာဆီယံနှင့် အီးယူနိုင်ငံများအကြား ထူးခြားသည့် မျက်နှာစာသစ်ကို ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ ASEAN-EU Plan of Action သည် အာဆီယံနှင့် အီးယူနိုင်ငံများအကြား ဦးဆောင်လမ်းပြအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



## အိန္ဒိယနိုင်ငံက အာဆီယံဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်

အိန္ဒိယနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်မည်ဖြစ်ကြောင်း၊ အိန္ဒိယ-အာဆီယံပူးတွဲတည်ထောင်မှု ၂၅ နှစ်ပြည့်အခမ်းအနားတွင် အိန္ဒိယနိုင်ငံရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီး Dharmendra Pradhan က ဒီဇင်ဘာ ၁၃ ရက်က ပြောကြားခဲ့သည်။

"အာဆီယံဒေသတွင်းနိုင်ငံတွေဟာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေပါပဲ။ ဒါကြောင့် အဲဒီနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ဖို့နဲ့ အိန္ဒိယနိုင်ငံရဲ့နက်ရှိုင်းတဲ့ သံတမန်ဆက်သွယ်မှုနဲ့အတူ အာဆီယံဒေသတွင်းနိုင်ငံများရဲ့ စီးပွားရေးနဲ့ ယဉ်ကျေးမှုကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် တိုးမြှင့်လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု နယူးဒေလီတွင်ကျင်းပခဲ့သည့် အဆိုပါညီလာခံတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ရဲ့အရှေ့မျှော်မူဝါဒဟာ အိန္ဒိယနိုင်ငံနဲ့နိုင်ငံရဲ့ အရှေ့မြောက်ဒေသမှာရှိတဲ့ ဒေသတွင်းနိုင်ငံတွေကို ပေါင်းကူးပေးမယ့်အခြေအနေကို ရောက်ရှိလာမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအတွက် အာဆီယံဈေးကွက်ဟာ တောက်မယ့်မီးခဲတရဲရဲဆိုသလိုပါပဲ"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် အာဆီယံဒေသတွင်းနိုင်ငံများ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့သည် ဖြည်းဖြည်းမှန်မှန်တိုးတက်လျက်ရှိသည်။အိန္ဒိယနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် သတ္တမနေရာတွင် ရပ်တည်နေသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ စုစုပေါင်းကုန်သွယ်မှု၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။

ထို့ပြင် အာဆီယံသည် အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်မှုပြုရာတွင် စတုတ္ထမြောက်နေရာ၌ ရပ်တည်နေသော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဘရူနိုင်း၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နိုင်ငံတို့ပါဝင်သည်။

မယ်သီတာ စုစည်းသည်

## တရုတ်-လာအို မီးရထားလမ်း၏ ပထမဆုံးလိုဏ်ခေါင်းကို တည်ဆောက်ပြီးစီး

တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့ကို ဆက်သွယ်ပေးမည့် ပထမဆုံးလိုဏ်ခေါင်းကို လာအိုနိုင်ငံ ဗီယန်ကျင်းပြည်နယ်တွင် တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါလိုဏ်ခေါင်း၏အရှည်မှာ ၃၀၁ မီတာ ရှည်လျားပြီး တရုတ်-လာအို မီးရထားလမ်း၏ ပထမဆုံးလိုဏ်ခေါင်းတစ်ခုဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါလိုဏ်ခေါင်းကို စီနိုကော်ပိုရေးရှင်းအင်ဂျင်နီယာရင်းဗျူရို၁၅ ကုမ္ပဏီက တည်ဆောက်ပေးခြင်းဖြစ်သည်။ ယင်းကုမ္ပဏီ၏ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ Bai Jian က လိုဏ်ခေါင်းကို အဆင့်မြင့်အရည်အသွေးမြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လုံခြုံမှုကို ဦးစားပေးပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါလိုဏ်ခေါင်းကို စတင်တည်ဆောက်စဉ်ကတည်းက စီမံကိန်းဌာနအနေဖြင့် လိုဏ်ခေါင်း၏ ဒီဇိုင်းနှင့် လိုဏ်ခေါင်းအတွက် လိုအပ်ချက်များကို တင်းတင်းကျပ်ကျပ်ဆောင်ရွက်ခဲ့ကြောင်း၊ အရည်အသွေးနှင့် လုံခြုံစိတ်ချရမှုကို ဦးစားပေးပြီး ဆောင်ရွက်ခဲ့ကြောင်း စီနိုကော်ပိုရေးရှင်းအင်ဂျင်နီယာရင်းဗျူရို၁၅ကုမ္ပဏီ၏ စီမံကိန်းမန်နေဂျာ Cheng Pingjun က ဒီဇင်ဘာ ၁၃ ရက်က ပြောကြားခဲ့သည်။

"လာအိုနိုင်ငံရဲ့ အရေးပါတဲ့စီမံကိန်းကြီးတစ်ခုဖြစ်တဲ့ မီးရထားလမ်းဖောက်လုပ်ရေးနဲ့ လိုဏ်ခေါင်းဆောက်လုပ်ရေးတို့မှာပါဝင်ခွင့်ရခဲ့တဲ့အတွက် တကယ့်ကို ဂုဏ်ယူမိပါတယ်။ ဒီမီးရထားလမ်းဟာ အနာဂတ်ကာလမှာ လာအိုပြည်သူတွေအတွက် ကုန်ပစ္စည်းတွေ သယ်ဆောင်ရာမှာ အရေးပါလာမှာဖြစ်သလို အကျိုးရှိတဲ့ရထားလမ်းတစ်လမ်းဖြစ်လာမှာပါ"ဟု လာအိုစကားပြန်တစ်ဦးဖြစ်သူ Soukthavy Keosouvanh က ပြောကြားခဲ့သည်။

တရုတ်-လာအိုမီးရထားလမ်းသည် နှစ်နိုင်ငံခေါင်းဆောင်များအကြား တည်ဆောက်ခဲ့သည့် ရင်းနှီးချစ်ကြည်မှုဆိုင်ရာ စီမံကိန်းများအနက် တစ်ခုဖြစ်သည်။ အဆိုပါစီမံကိန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး လမ်းကြောင်းတစ်လျှောက် တံတားများ၊ ကားလမ်းများနှင့် အခြားသော သက်ဆိုင်ရာကဏ္ဍအလိုက်လုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးခဲ့ရသည်။

တရုတ်-လာအိုမီးရထားလမ်းသည် ၄၁၄ ကီလိုမီတာရှည်လျားပြီး ယူနန်ပြည်နယ်ရှိ မိုဟန်နှင့်လာအိုနိုင်ငံ မြောက်ပိုင်းရှိ ဘိုတန်နယ်စပ်ဂိတ်နှစ်ခုကို ဆက်သွယ်ပေးမည့် လမ်းကြောင်းတစ်ခုဖြစ်သည်။ အဆိုပါရထားလမ်း ဖောက်လုပ်ပြီးစီးပါက တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ နှုန်းဖြင့် ရထားများ ပြေးဆွဲသွားနိုင်ရန် စီမံထားကြောင်း သိရသည်။ ယင်းရထားလမ်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ် နိုင်ရန်မျှော်လင့်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

